# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တပေါင်းလဆန်း (၁၂) ရက် ၊ ကြာသပတေးနေ့ ၊ (21-3-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၃၂၆)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိသော Vladimir Vladimirovich Putin ထံသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့ခဲ့ကြောင်း သတင်းဖော်ပြ**

စာမျက်နှာ - ၁၇

**ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာပြဋ္ဌာန်းချက်ကို ဒုတိယအကြိမ် ဖြည့်စွက်ပြဋ္ဌာန်းချက်ထုတ်ပြန်**

စာမျက်နှာ - ၁၈

**အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း**

စာမျက်နှာ - ၁၈

**အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၂၄ ခုနှစ်) ပြဋ္ဌာန်း**

စာမျက်နှာ - ၁၈

# မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအနက် ဦးရေ ၁ ဒသမ ၅ သန်းပြည့်မြောက်သည့် ဘုရားဖူးဆရာတော်အား မင်္ဂလာလက်ဆောင်ပစ္စည်းများ ဂုဏ်ပြုဆက်ကပ်



**နေပြည်တော် မတ် ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်းရှင်လူအများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ၂၀၂၃ ခုနှစ် ဩဂုတ် ၈ ရက်မှစ၍ စတင်ခွင့်ပြုပေးခဲ့ရာ ပြည်တွင်းပြည်ပမှ ဘုရားဖူးလာရောက်သူများဖြင့် နေ့စဉ်မပြတ်စည်ကားလျက်ရှိသည်။

ထိုသို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ရဟန်းရှင်လူအများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် စတင်ဖွင့်လှစ်ပေးခဲ့သည့်ရက်မှစ၍ ရဟန်းရှင်လူဘုရားဖူးပြည်သူအများအပြား နေ့စဉ်လာရောက်ဖူးမြော်ကြည်ညိုကြရာ ယနေ့ထိ ဘုရားဖူးလာပြည်သူ ၁ ဒသမ ၅ သန်းကျော်အနက်မှ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်မှ ဆရာတော်ဦးပညောဘာသသည် **စာမျက်နှာ ၂၀ ကော်လံ ၁သို့**




ရတနာပုံ
၂၀၂၆ ခုနှစ် မတ် ၂၁ ရက်
အယ်ဒီတာ့အာဘော်

# သစ်တောပြုန်းတီးမှုလျော့နည်းရေး

သစ်တောများသည် လူသားများ၏ ကျန်းမာရေးအတွက်မရှိမဖြစ်လိုအပ်သော အစားအစာနှင့် ဆေးဝါးများ၊ သန့်ရှင်းသောသောက်သုံးရေများရရှိစေခြင်းတို့အပြင် လူသားများ၏ ကျန်းမာရေးကို မြှင့်တင်ပေးသည့် ယဉ်ကျေးမှုနှင့်အပန်းဖြေမှုဆိုင်ရာ အကျိုးကျေးဇူးများကိုရရှိစေပြီး လူသားတို့ နေ့စဉ် ရှူရှိုက်နေသည့်လေကိုလည်း သန့်စင်ရာတွင်အရေးပါသော အခန်းကဏ္ဍမှပါဝင်လျက်ရှိသောကြောင့် သစ်တောများပြုန်းတီးခြင်းလျော့နည်းစေရေးဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့၏ သစ်တောသယံဇာတဆန်းစစ်လေ့လာခြင်း အစီရင်ခံစာအရ ၂၀၀၀ ပြည့်နှစ်တွင် နိုင်ငံဧရိယာ၏ ၅၁ ဒသမ ၅၄ ရာခိုင်နှုန်း၊ ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံဧရိယာ၏ ၄၆ ဒသမ ၉၆ ရာခိုင်နှုန်း၊ ၂၀၁၅ ခုနှစ်တွင် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းနှင့် ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် သဘာဝသယံဇာတသစ်တောများ၏ ပြုန်းတီးမှုလျော့နည်းရေးဆောင်ရွက်ကြရမည်ဖြစ်သည်။

သစ်တောပြုန်းတီးမှုကြောင့် ရာသီဥတုပြောင်းလဲမှုဒဏ်များဖြစ်သည့် အပူချိန်မြင့်မားခြင်း၊ နိမ့်ကျခြင်း၊ မိုးရေချိန်များပြားခြင်း၊ မိုးခေါင်ခြင်း၊ တောမီးလောင်ခြင်း၊ ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်း အစရှိသည်တို့ဖြစ်ပေါ်နိုင်သည်။ သစ်တောသစ်ပင်များသည် အေးမြသောအရိပ်အာဝါသကို ပေးစွမ်းနိုင်ပြီး ပတ်ဝန်းကျင်ကိုစိမ်းလန်းသာယာစေသည့်အပြင် မလိုလားအပ်သော သဘာဝဘေးအန္တရာယ်များကို ကာကွယ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် သစ်တောသစ်ပင်များမပြုန်းတီးရေးနှင့် တိုးချဲ့စိုက်ပျိုးရေးကို စဉ်ဆက်မပြတ်ဆောင်ရွက်ကြရမည်ဖြစ်သည်။

သစ်တောများစိုက်ပျိုးထိန်းသိမ်းခြင်းများသည် ကဏ္ဍစုံတွင် အကျိုးကျေးဇူးများစွာဖြစ်ထွန်းနိုင်ခြင်းဖြစ်သည်။ သစ်တောသစ်ပင်များသည် ရာသီဥတုကိုမျှတကောင်းမွန်စေပြီး ဇီဝမျိုးစုံမျိုးကွဲများတိုးပွားစေသည်။ ရေမြေတောတောင်သဘာဝကို ထိန်းသိမ်းကာကွယ်ပေးပြီး သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးနိုင်သည်။ သစ်တောထွက်ပစ္စည်းများဖြင့် စားရေရိက္ခာများပံ့ပိုးပေးနိုင်သည့်အပြင် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှု အကျိုးကျေးဇူးများစွာရရှိစေနိုင်မည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံ၏မြန်မာ့အဖိုးတန်သဘာဝတောများ ထာဝစဉ်တည်တံ့စေရေးနှင့် ဂေဟစနစ်များပြန်လည်ပြုပြင်ထိန်းသိမ်းရန်အတွက် မြန်မာနိုင်ငံသစ်တောများပြန်လည်တည်ထောင်ရေးစီမံကိန်းကို ၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၂၆-၂၀၂၇ ခုနှစ်ထိ ၁၀ နှစ်တာကာလစီမံကိန်းရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ သစ်ပင်သစ်တောများသည် ရာသီဥတုကိုမျှတကောင်းမွန်စေပြီး ဇီဝမျိုးစုံမျိုးကွဲများတိုးပွားစေသည်။ ရေမြေတောတောင်သဘာဝကို ထိန်းသိမ်းကာကွယ်ပေးပြီး သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးနိုင်သည်။ သစ်တောထွက်ပစ္စည်းများဖြင့် စားရေရိက္ခာများပံ့ပိုးပေးနိုင်သည့်အပြင် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုအကျိုးကျေးဇူးများရရှိစေနိုင်မည်ဖြစ်သောကြောင့် သစ်တောသယံဇာတများ ပြုန်းတီးမှုလျော့နည်းရေး စနစ်တကျဝိုင်းဝန်းထိန်းသိမ်းကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေး-သဖန်းကုန်း-ရွာသစ်ကြီး ရေလမ်းကြောင်းတစ်လျှောက်၌ ဧပြီလတွင် ရေလမ်းညွှန်အမှတ်အသား အခုရေ ၈၀ စိုက်ထူပြသမည်



**မန္တလေး မတ် ၂၀**

မန္တလေး-သဖန်းကုန်း-ရွာသစ်ကြီး ရေလမ်းကြောင်းတစ်လျှောက်၌ ဧပြီလတွင် ရေလမ်းညွှန်အမှတ်အသား အခုရေ ၈၀ စိုက်ထူပြသမည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး ရေလမ်းညွှန်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်ထံမှ သိရသည်။

ရောဝတီမြစ် မန္တလေး-သဖန်းကုန်း-ရွာသစ်ကြီးရေလမ်းကြောင်းတစ်လျှောက်၌ ရေယာဉ်များသွားလာရာတွင် အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် ဧပြီလအတွင်း ရေပေါ်ပြရေလမ်းညွှန်အမှတ်အသား အခုရေ ၄၀ နှင့် ကမ်းပေါ်ပြ ရေလမ်းညွှန်အမှတ်အသား အခုရေ ၄၀ စုစုပေါင်း ရေလမ်းညွှန်အမှတ်အသား အခုရေ ၈၀ စိုက်ထူပြသပေးမည်ဖြစ်ကြောင်း သိရသည်။

"အခုမန္တလေးမြို့မှာ ဧရာဝတီမြစ်ရေက ရေနည်းသတိပေးမှတ်အောက်ကို ရောက်ရှိနေပါတယ်။ ဒါပေမဲ့ မန္တလေးဆိပ်ကမ်းကနေ မင်းကွန်း၊ စစ်ကိုင်း၊ ဗန်းမော် စတဲ့မြို့တွေကိုသွားလာနေကြတဲ့ ခရီးသည်တင်ရေယာဉ်တွေနဲ့ ကုန်တင်ရေယာဉ်တွေ အဆင်ပြေစွာ သွားလာနေကြပါတယ်။ အချို့နေရာတွေမှာတော့ ရေကြောင်းကျပ်တည်းမှုအနည်းငယ်ရှိပေမဲ့ တအားကြီးဆိုးဆိုးရွားရွားမရှိပါဘူး။ ဒါပေမဲ့ မန္တလေးဆိပ်ကမ်းကနေ သွားလာကြမဲ့ ရေယာဉ်တွေအနေနဲ့ ရေလမ်းညွှန်ဌာနက စိုက်ထူပြသပေးထားတဲ့ ရေလမ်းညွှန် အမှတ်အသားတွေကို သတိပြုသွားလာကြဖို့လိုပါတယ်"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ယနေ့ နံနက် ၆ နာရီ မိနစ် ၃၀ တွင် တိုင်းတာရရှိသော မြစ်ရေအခြေအနေများမှာ မြစ်ကြီးနားမြို့တွင် ၁၇၉ စင်တီမီတာ၊ ဗန်းမော်မြို့တွင် ၃၀၄ စင်တီမီတာ၊ ရွှေကူမြို့တွင် ၁၈၇ စင်တီမီတာ၊ ကသာမြို့တွင်၂၀၉ စင်တီမီတာ၊ သပိတ်ကျင်းမြို့တွင် ၃၀၂ စင်တီမီတာ၊ မန္တလေးမြို့တွင် ၂၅၀ စင်တီမီတာထိ ရှိကြောင်း သိရသည်။

(၁၈၄)

# မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်ရှိ သမဝါယမအသင်းသားများကို နှမ်းစပါးစိုက်ပျိုးရန် ငွေကျပ် ၃၄ သန်း ထုတ်ချေးပေးထား

**မန္တလေး မတ် ၂၀**

မန္တလေးတိုင်းဒေသကြီးအတွင်း စဉ့်ကူးမြို့နယ်ရှိ သမဝါယမအသင်းသားများကို တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်အနေဖြင့် နှမ်းစပါးစိုက်ပျိုးရန် ငွေကျပ် ၃၄ သန်း ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက ပြောပြ၍ သိရသည်။

တိုင်းဒေသကြီး သမဝါမယ အသင်းစုချုပ်အနေဖြင့် နှမ်းစပါးစိုက်ပျိုးရန်အတွက် စဉ့်ကူးမြို့နယ်ရှိ သမဝါယမအသင်း လေးသင်းမှ အသင်းသား ၅၄ ဦးကို ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစတင် ထုတ်ချေးပေးခဲ့ရာ ယနေ့ထိ ငွေကျပ် ၃၄ သန်း ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသေးသည့် မြို့နယ်ရှိတောင်သူများကိုလည်း ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်က နှမ်းစပါးစိုက်ပျိုးထုတ်လုပ်ကြတဲ့ သမဝါယမအသင်းသားတွေကို နှမ်းစပါးစိုက်ပျိုးနိုင်ဖို့အတွက် ချေးငွေတွေထုတ်ချေးပေးနေပါတယ်။ စဉ့်ကူးမြို့နယ်က တောင်သူ ၅၄ ယောက်ကို ချေးငွေထုတ်ချေးပေးပြီးဖြစ်လို့ အခုဆိုရင် နှမ်းစပါးတွေစိုက်ပျိုးနေပါပြီ။ တစ်ဧကကို ငွေကျပ် နှစ်သိန်းနှုန်းနဲ့ ညီမျှတဲ့ မျိုးတွေ၊ သွင်းအားစုတွေကို ထုတ်ချေးပေးတာပါ။ တောင်သူတွေအနေနဲ့ ပံ့ပိုးပေးတာနဲ့အညီ နှမ်းစပါးစိုက်ဧကတွေမှာ မှန်မှန်ကန်ကန်ထိထိရောက်ရောက်သုံးစွဲဖို့လိုပါတယ်။ အတိုးနှုန်းကတော့ တစ်နှစ်လျှင် ငွေကျပ် ၁၀၀ ကို တစ်ကျပ်နဲ့ ၂၅ ပြားနှုန်းယူပါတယ်။ ခြောက်လတစ်ကြိမ် အတိုးကောက်မယ်။ တစ်နှစ်ပြည့်ရင်တော့ အရင်းအတိုး ပြန်ဆပ်ရမှာပါ"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက ပြောပြသည်။

မိုးစပါးစိုက်ပျိုးရာသီကလည်း မန္တလေးတိုင်းဒေသကြီး မြို့နယ်ခုနစ်မြို့နယ်ရှိ သမဝါယမအသင်းသားများကို ချေးငွေထုတ်ချေးပေးနိုင်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးထံမှ သိရသည်။

(၁၈၅)

# ယခုနှစ်သရက်ရာသီတွင် ဒေသအလိုက်သရက်တောင်သူများ အစုအဖွဲ့များဖွဲ့ပြီး လုပ်ဆောင်ပါက အရည်အသွေးကောင်း သရက်သီးများရရှိနိုင်

**မန္တလေး မတ် ၂၀**

ယခုနှစ် သရက်ရာသီတွင် မန္တလေးတိုင်း ဒေသကြီးအတွင်း သရက်စိုက်ပျိုး ထုတ်လုပ်သည့် ဒေသအလိုက် သရက်တောင်သူများ အစုအဖွဲ့များဖွဲ့ပြီးလုပ်ဆောင်ပါက အရည်အသွေးကောင်း သရက်သီးများရရှိပြီး ဈေးကောင်းရရှိနိုင်မည်ဖြစ်ကြောင်း မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးရေးအသင်း (မန္တလေး)မှ အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြသည်။

အဆိုပါ သရက်စိုက်ပျိုးထုတ်လုပ်ရောင်းချသည့် တောင်သူများအနေဖြင့် သရက်သီးများဈေးကောင်းရရှိစေရန်အတွက် မိမိတို့နယ်၊ ဒေသအလိုက်အတူတကွ ပြုလုပ်နိုင်မည့်သူများ ငါးဦးသို့မဟုတ် ၁၀ ဦးဖြင့် အစုဖွဲ့များစုဖွဲ့ပြီး လုပ်ဆောင်မည်ဆိုပါက ပိုမို၍ အဆင်ပြေမည်ဖြစ်ကြောင်း၊ ထိုအစုအဖွဲ့ကို နယ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပြီးပြုလုပ်ပါက သရက်သီးအရည်အသွေးပိုမိုတိုးတက်လာမည်ဖြစ်ပြီး ဈေးကောင်းရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်တော့ အသီးအနေအထားကောင်းမယ်လို့ မျှော်လင့်ထားပါတယ်။ ပန်းပွင့်တဲ့အနေအထားကလဲ ကောင်းခဲ့ပါတယ်။ ဈေးကွက်အခြေနေကလဲ ဒီနှစ် သရက်ရာသီမှာ ကောင်းမယ်လို့ ယူဆပါတယ်။ အချို့သရက်တောင်သူတွေဆိုရင် ရာသီချိန်မှာ တင်ပို့ဖို့အတွက် အခုကတည်းက ဆွေးနွေးတိုင်ပင်နေပါပြီ။ ကိုယ့်ဒေသမှာ ငါးယောက်ဒါမှမဟုတ် ၁၀ ယောက်စုပြီးတော့ မိမိတို့ဘာသာ သရက်ပင်ကိုသေချာပြုစုထားမယ်ဆိုရင် ပြည်တွင်းဈေးကွက်ကော၊ ပြည်ပဈေးကွက်ကောရရှိနိုင်မှာပါ။ ဒါကြောင့် ကိုယ့်ဒေသတွေမှာ စိတ်တူကိုယ်တူသရက်တောင်သူတွေစုပြီးတော့ လုပ်ဆောင်ရင် ပိုအဆင်ပြေကြမှာပါ။ သရက်သီးတွေကို အိတ်စွပ်လဲအတူတူ၊ ဆေးဖျန်းလဲအတူတူဆိုရင် အသီးအရည်အသွေးကောင်းလာမှာပါ"ဟု အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြသည်။

အဆိုပါ သရက်စိုက်ပျိုးသူတောင်သူများအနေဖြင့် မိမိတို့၏ သရက်သီးများကို ပြည်ပနိုင်ငံများသို့တင်ပို့ရာတွင် အသီးအရွယ်အစား၊ ထုပ်ပိုးမှုတို့ကို နယ်ပယ်ဒေသအလိုက် ပုံစံတူပြုလုပ်ကာ တင်ပို့မှုများပြုလုပ်ရန်လိုကြောင်း၊ သို့မှသာ ပြည်ပနိုင်ငံမှ အရည်အသွေးပိုင်းဆိုင်ရာကို ငြင်းပယ်စရာမရှိဘဲ ထိုက်သင့်သည့်ဈေးနှုန်းတစ်ရပ်ကို ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတ်ညီအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တောင်သာမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တောင်သာ မတ် ၂၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကင်းဇလုတ်ကျေးရွာနှင့် ထန်းပေါက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို မတ် ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လင်းလင်းနွယ်နှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံ ဒေါ်ပပဝင်းခိုင်တို့က ကင်းဇလုတ်ကျေးရွာနှင့် ထန်းပေါက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်နေသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်ထားရှိမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက ရန်ပုံငွေများ အလေအလွင့်မဖြစ်စေရေး၊ စီမံကိန်းလုပ်ငန်းများ ရေရှည်အောင်မြင်အောင် ထိန်းသိမ်းဆောင်ရွက်ကြရန်နှင့် စီမံကိန်းရန်ပုံငွေ အရင်း၊ အတိုးများကို အချိန်မှန်ပေးသွင်းကြရန် ဆွေးနွေးမှာကြားသည်။

ကင်းဇလုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆဋ္ဌမနှစ်စက်ဝန်းအဖြစ် အသင်းသား၊ အသင်းသူ ၁၁၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကျပ် ၃၈၄ သိန်း၊ ထန်းပေါက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ပဥ္စမနှစ်စက်ဝန်းအဖြစ် အသင်းသား၊ အသင်းသူ ၁၃၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၆၄ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**နွဲ့ယဉ်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် အမရပူရမြို့နေ ဒေါ်စောနှင်းအိဝင်း သား-မောင်သီဟကျော်၊ သမီး-မအိသဉ္ဇာကျော် မိသားစုက ဦးငွေငွေကျော်အားရည်စူး၍ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီးဒေါက်တာ ဦးစင်မောင်၊ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းနှင့် လက်ထောက်ဆရာဝန် ဒေါက်တာဦးသက်နိုင်တို့က လက်ခံရယူစဉ်။

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ကျားပျံစပါး တင်းရေ ၈၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့




**ဖျာပုံ မတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ကျားပျံစပါး တင်းရေ ၈၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချယ်ရီက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်းက ကျားပျံစပါး တင်းရေ ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၉ ရက်ထိ ကျားပျံစပါး တင်းရေ ၈၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

“ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း ဖျာပုံမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ကျားပျံစပါး တင်းရေ ၈၅၀၀၀ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဖျာပုံမြို့နယ်ကနေ စပါး၊ဆန်တွေနဲ့ အခြား လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချပါတယ်။ ကျားပျံစပါး အမျိုးအစားက အချောအုပ်စုထဲမှာပါတဲ့စပါး အမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဘက် ကဝယ်ယူမှုများနေလို့ တင်ပို့မှုမြင့်တက်ခဲ့တာဖြစ်ပါတယ်။ လက်ရှိ စပါးဈေးကလဲ ကောင်းနေပါတယ်။ ကျားပျံစပါးအမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ တခြားစပါးတွေနဲ့ ယှဉ်ရင် ပြီးခဲ့တဲ့တစ်လအတွင်းမှာတော့ လတ်တလောအနေနဲ့ပါ ကျားပျံစပါး အမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်” ဟု ဖျာပုံမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချယ်ရီက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း တင်ပို့ရောင်းချခဲ့သည့် ကျားပျံစပါး အမျိုးအစား တင်းရေ ၁၀၀ လျှင် ငွေကျပ် ၂၂၅၀၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါကျားပျံစပါးများ အရောင်းအဝယ်ကောင်းမွန်လာသဖြင့် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကဝမြို့နယ် မြောက်ဈေးဖလုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကဝ မတ် ၂၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြောက်ဈေးဖလုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စုလှိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်သည့် ကျေးရွာများတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားလုပ်ငန်း၊ အရောင်းအဝယ်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့်အပြင် မိသားစုဝင်ငွေ တိုးပွားစေရေးအတွက်လည်း အကျိုးပြုစေမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မြောက်ဈေးဖလုံကျေးရွာရှိ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၀၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၅၂ ဒသမ ဝ၈ သန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သုတ**

# ကချင်ပြည်နယ်မှထွက်ရှိသည့် တစ်သျှူးငှက်ပျောများကို ကံပိုင်တည်နယ်စပ်ဂိတ်မှ တရုတ်နိုင်ငံသို့တင်ပို့သည့် ကုန်တင်ကားအစီးရေ များပြားလာ

**မြစ်ကြီးနား မတ် ၂၀**

ကချင်ပြည်နယ်မှထွက်ရှိသည့် တစ်သျှူးငှက်ပျောများကို ကံပိုင်တည်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့တင်ပို့သည့် ကုန်တင်ကားအစီးရေ များပြားလာကြောင်း ကချင်ပြည်နယ် အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်တူးထံမှ သိရသည်။

ကချင်ပြည်နယ်အတွင်း၌ အဓိကထားစိုက်ပျိုးသည့် တစ်သျှူးငှက်ပျောများကို ယခုလက်ရှိ တရုတ်နိုင်ငံသို့တင်ပို့မှုပြန်လည်အားကောင်းလာကြောင်း၊ မတ်လပထမပတ်အတွင်းက ကံပိုင်တည်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့တစ်သျှူးငှက်ပျောတင်ပို့သည့် ကုန်တင်ကားအစီးရေ ပုံမှန်အနေအထားတွင်သာရှိခဲ့သော်လည်း ယခုလက်ရှိ ကံပိုင်တည်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျောတင်ပို့သည့်ကုန်တင်ကားအစီးရေ များပြားလာကြောင်း သိရသည်။

“အခု ကချင်ပြည်နယ်ဘက်ကထွက်တဲ့ တစ်သျှူးငှက်ပျောကို ၁၂ ဘီးကားနဲ့ ကံပိုင်တည်နယ်စပ်ဂိတ်ကတစ်ဆင့် တရုတ်နိုင်ငံဘက်ကို တင်ပို့တာနည်းပါတယ်။ တစ်သျှူးငှက်ပျောတွေကို ၂၂ ဘီး ကုန်တင်ကားတွေနဲ့ပဲ အဓိကထား တင်ပို့နေကြပါတယ်” ဟု ကချင်ပြည်နယ် အဝေးပြေးကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌဒေါ်တူးက ပြောပြသည်။

ကချင်ပြည်နယ်အတွင်းမှထွက်ရှိသည့် တစ်သျှူးငှက်ပျောများကို ကံပိုင်တည်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့သည့် ၂၂ ဘီးကုန်တင်ကား မတ်လပထမပတ်က အစီးရေ ၂၀၀ ကျော်သာရှိခဲ့သော်လည်း မတ်လဒုတိယပတ်မှစ၍ အစီးရေ ၃၀၀ ကျော်ထိ ရှိလာကြောင်း ကချင်ပြည်နယ် အဝေးပြေးကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်တူးက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)



# ၂၀၂၄ ခုနှစ် (၇၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏ အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှတက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ ယခုလအတွင်း တစ်ရက်လျှင် ဘုရားဖူးပြည်သူ ဦးရေ ၅၀၀၀ ခန့် လာရောက်ဖူးမြော်လျက်ရှိ

**ကျိုက်ထို မတ် ၂၀**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ ယခုလအတွင်း တစ်ရက်လျှင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူ ဦးရေ ၅၀၀၀ ခန့် လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလှက ပြောပြ၍ သိရသည်။



ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ မှစတင်ကာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုမှု နေ့စဉ်များပြားလျက်ရှိကြောင်း၊ လက်ရှိကာလတွင် ကျိုက်ထီးရိုးတောင်တော်ပေါ်သို့ နေ့စဉ်တောင်တက်ကား အစီးရေ ၂၅၀ ခန့် ပြေးဆွဲပေးလျက်ရှိပြီး ဘုရားဖူးများအတွက် ဟိုတယ်၊ တည်းခိုခန်းများနှင့် အခမဲ့တည်းခိုဆောင်များ၊ စားသောက်ဆိုင်ခန်းများကို စုံလင်စွာဖွင့်လှစ်ထားကြောင်း သိရသည်။

"ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ကို ဒီလမှာဆိုရင် တစ်ရက်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးပြည်သူအယောက် ၅၀၀၀ လောက် လာရောက်ဖူးမြော်ကြည်ညိုကြပါတယ်။ ပုံမှန်ကတော့ ဘုရားဖူးပြည်သူ အယောက် ၃၀၀၀ လောက်ရှိပါတယ်။ ပိတ်ရက်တွေဆိုရင်တော့ ဘုရားဖူးပြည်သူ အယောက် ၇၀၀၀ လောက်ရှိပါတယ်။ ပြည်ပအနေနဲ့တော့ ထိုင်းဘုရားဖူးနေ့စဉ်နီးပါးရှိပါတယ်။ ကျန်နိုင်ငံတွေကတော့ နှစ်ယောက်၊ သုံးယောက်တော့ ရှိတယ်။ တရုတ်၊ ရုရှား၊ အမေရိကန်၊ ဗြိတိန် စတဲ့နိုင်ငံတွေဖြစ်တယ်။ တောင်တက် ကားခကတော့ နောက်ခန်းက အရင် ငွေကျပ် ၄၀၀၀၊ အခု ငွေကျပ် ၅၀၀၀၊ ရှေ့ခန်းက အရင်ငွေကျပ် ၅၀၀၀၊ အခုငွေကျပ် ၆၀၀၀ ပေါ့။ ကေဘယ်လဲ ပြေးဆွဲပါတယ်။ ကေဘယ်ကို ပိတ်ရက်လူများတဲ့နေ့တွေမှာ ဆွဲပါတယ်။ စီးနင်းခကတော့ မပြောင်းပါဘူး"ဟု ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလှက ပြောပြသည်။

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့မှ ကဆုန်လပြည့်နေ့ထိ ကျင်းပလေ့ရှိပြီး စေတီတော်ကြီးကို အများပြည်သူဖူးမြော်နိုင်ရန် ပိတ်ရက်မရှိဖွင့်လှစ်ထားကြောင်း သိရသည်။

ASH

## မြို့သစ်မြို့နယ် သီးပင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မြို့သစ် မတ် ၂၀**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် သီးပင်ကျေးရွာတွင်း လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်နှင့်တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ သီးပင်ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များကို ကွန်ကရစ်လမ်းရေရှည်အသုံးပြုနိုင်ရေး တန်ပိုးယာဉ်များဖြတ်သန်းသွားလာခွင့်မပြုရန် မှာကြားကာ လုပ်ငန်းလွှဲပြောင်းအပ်နှံခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့သစ်မြို့နယ် သီးပင်ကျေးရွာ၌ အရှည် ပေ ၄၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေမှ ငွေကျပ် သိန်း ၁၀၀ ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များကိုယ်တိုင် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ အဆိုပါကျေးရွာရှိ အိမ်ခြေ ၂၅၀၊ လူ ၁၂၃၈ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေးအဆင်ပြေလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်ထံမှ သိရသည်။

အထွေး

## အောင်စစ်သည်များသို့

- အောင်စစ်သည် ဇာနည်ဘွား
နှလုံးသား အေးချမ်းသာ၊
ဘေးအန္တရာယ် ရန်စွယ်ရှင်း
သတင်းကောင်းလာ၊
တောအထပ်ထပ် တောင်တန်းမှာ
ဖြတ်လျှောက်ကာ တာဝန်ထမ်း၊
ပေးဆပ်နေ အကျိုးများဖို့
ကြိုးစားရွက်လှမ်း။

- ကြည်း ရေ လေ စံချိန်ပြည့်
ရာသီရွေ့ စွမ်းအားသာ၊
သစ္စာခံ ဂုဏ်ရည်မညှိုး
မိုး ဆောင်း နွေမှာ၊
ရဲဘော်များ ကျေးဇူးမဟာ
အေးချမ်းလာ ပြည်ဂုဏ်ထွား၊
တိုးတက်စေ
ဖြိုးကျက်သရေ ဇာတိသွေးနဲ့
ဖွေးလှစိတ်ထား။

- တပ်မတော် တည်ထောင်အား
ရန်စွယ်များ ကင်းရှင်းပေ၊
ဖွဲ့စည်းပုံ စနစ်ကျ
စံပြသည့်အမွေ၊
ဘိုးဘွားတို့ ဇာတိမြေ
ကာကွယ်နေ ရဲဘော်အပေါင်း၊
အောင်လံတော်
ရွှင်ပျော်ပျော် စိုက်ထူကြစေဖို့
ဆန္ဒမှာ အတွေးစုဖြင့်
ဆုထူးကိုတောင်း။ ။

**မောင်မျိုးချစ်(အညာမြေ)**

[(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုရေးဖွဲ့ပါသည်။]

## ဇလွန်မြို့နယ် မဟာသာလတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဇလွန် မတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မဟာသာလတ်ကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်လင်းထက်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၉ ဒသမ ၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက မဟာသာလတ်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ၁၃၇ ဦးကို ငွေကျပ် ၃၉ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သံသာ**

# နိုင်ငံတကာ သတင်းများ

## တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယိ ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံ

**ကင်ဘာရာ မတ် ၂၀**

တရုတ် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် ယနေ့တွင် ဩစတြေးလျ နိုင်ငံ ကင်ဘာရာမြို့၌ ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီး ပင်နီဝေါင်းနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

တရုတ် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့်တွေ့ဆုံစဉ် လူ့အခွင့်အရေး ကိစ္စရပ်များ၊ ကုန်သွယ်ရေးလုပ်ငန်း အခွန်စည်းကျပ်မှု ပြဿနာများ အပြင် ဒေသတွင်းနှင့် နိုင်ငံတကာ အခြေအနေများကိုပါ ထည့်သွင်း ဆွေးနွေးခဲ့ကြောင်း ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီးက ပြောကြား ခဲ့သည်။

ထို့ပြင် မိမိတို့အနေဖြင့် တရုတ် ဝန်ကြီးချုပ် လီချန်း၏ ယခုနှစ် ဩစတြေးလျခရီးစဉ်အတွက် ပြင်ဆင်မှုများ ပြုလုပ်ထားမည်ဖြစ်ကြောင်း တရုတ် နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံပြီးနောက် ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီး ပင်နီဝေါင်းက ထုတ်ဖော်ပြောကြားခဲ့သည်။

တရုတ် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် ခုနစ်နှစ်တာကာလ အတွင်း ဩစတြေးလျနိုင်ငံသို့ပထမ ဆုံးရောက်ရှိလာသည့် တရုတ်နိုင်ငံ ခြားရေးဝန်ကြီးဖြစ်သည်။

ထို့ပြင် တရုတ်နိုင်ငံခြားရေး ဝန်ကြီးသည် ဩစတြေးလျနိုင်ငံသို့ ရောက်ရှိစဉ် ဝန်ကြီးချုပ် အယ်လ် ဘာနီစီနှင့်လည်း တွေ့ဆုံခဲ့သည်။

တရုတ်နိုင်ငံသည် ဩစတြေးလျ နိုင်ငံ၏ အကြီးမားဆုံးကုန်သွယ်ဖက် နိုင်ငံဖြစ်သော်လည်း ၂၀၂၀ပြည့်နှစ် က ကိုဗစ်-၁၉ ရောဂါမူလအစကို လွတ်လပ်သည့် စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန် ဩစတြေးလျနိုင်ငံက တောင်းဆိုခဲ့ပြီးနောက် နှစ်နိုင်ငံ ဆက်ဆံရေးမှာ ပျက်ပြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**



## တောင်ကိုရီးယား ဓာတုပစ္စည်းတင်သင်္ဘောတစ်စီး ဂျပန်ကမ်းလွန်၌နစ်မြုပ် လူခုနစ်ဦးသေဆုံး

**တိုကျို မတ် ၂၀**

ဂျပန်နိုင်ငံမြောက်ပိုင်း ယာမာ ဂူချီစီရင်စု ကမ်းရိုးတန်း ကမ်းလွန်၌ တောင်ကိုရီးယားမှတ်ပုံတင် ဓာတု ပစ္စည်းတင်သင်္ဘောတစ်စီး တိမ်း မှောက်ခဲ့ကြောင်း ဂျပန်ပြည်တွင်း မီဒီယာများက ယနေ့တွင် ဖော်ပြ ခဲ့သည်။

လက်ရှိအချိန်တွင် တိမ်းမှောက် ခဲ့သည့် ဓာတုပစ္စည်းတင်သင်္ဘောမှ ဝန်ထမ်းများကို ကယ်တင်ရေးအတွက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ပြုလုပ်နေဆဲဖြစ်ကြောင်း ဂျပန် ကမ်းခြေစောင့်တပ်က သတင်း ထုတ်ပြန်ထားသည်။

ဂျပန်တာဝန်ရှိသူများ၏ အဆို အရ ဓာတုပစ္စည်းတင်သင်္ဘောတိမ်း မှောက်မှုကြောင့် ရေယာဉ်ပေါ်တွင် လိုက်ပါလာသည့်ဝန်ထမ်းများအနက် ခုနစ်ဦးသေဆုံး၍ တစ်ဦးကယ်တင် နိုင်ခဲ့သော်လည်း ကျန်သုံးဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ရာ ကမ်းခြေ စောင့်တပ်က ရှာဖွေနေဆဲဖြစ် ကြောင်း သိရသည်။

ကီအိုယောဆွန်အမည်ရှိ အဆိုပါ ဓာတုပစ္စည်းတင် သင်္ဘောသည် မုန်တိုင်းတိုက်ခတ်နေသည့် ရာသီ ဥတုအခြေအနေကြောင့် မက်ဆူရီ အမည်ရှိဂျပန်ကျွန်းတစ်ကျွန်းအနီး ကျောက်ချရပ်နားနေစဉ် တိမ်းမှောက် ခဲ့ခြင်းဖြစ်ပြီး ဂျပန်ကမ်းခြေစောင့်တပ် ရောက်ရှိချိန်တွင် အဆိုပါသင်္ဘော မှာ မှောက်ခုံအနေအထားသို့ ရောက် ရှိနေကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## သမ္မတဂျိုးဘိုင်ဒင်၏ ရာဖာမြေပြင်ထိုးစစ်အစီအစဉ်ပယ်ဖျက်ပေးရေး တောင်းဆိုချက်ကို အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟု ငြင်းပယ်



**ဂျေရုဆလင် မတ် ၂၀**

ဂါဇာကမ်းမြောင်ဒေသ ရာဖာ မြို့အား မြေပြင်ထိုးစစ် ဆင်နွှဲမည့် အစီအစဉ် ပယ်ဖျက်ပေးရန် အမေ ရိကန်သမ္မတဂျိုးဘိုင်ဒင်၏ တောင်း ဆိုချက်ကို အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက မတ် ၁၉ ရက် တွင် ငြင်းပယ်ခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် သည် မတ် ၁၈ ရက်တွင် ပြုလုပ် ခဲ့သည့် ဖုန်းခေါ်ဆိုဆွေးနွေးပွဲ အတွင်း ရာဖာမြို့အား မြေပြင် ထိုးစစ် ဆင်နွှဲမည့်အစီအစဉ်ကို ပယ်ဖျက်ပေးရန် တောင်းဆိုခဲ့ခြင်း ဖြစ်သည်။

သို့သော် မိမိအနေဖြင့် သမ္မတ ဂျိုးဘိုင်ဒင်၏ တောင်းဆိုချက်ကို ငြင်းပယ်ခဲ့ပြီး ရာဇာထိုးစစ် မဖြစ် မနေလုပ်ဆောင်ရန်လိုအပ်သည်ကို ရှင်းရှင်းလင်းလင်း အသိပေးထား ကြောင်း အစ္စရေးလွှတ်တော်အမတ် များနှင့် တွေ့ဆုံစဉ် ဝန်ကြီးချုပ် နေတန်ယာဟုက ပြောကြားခဲ့သည်။

ရာဖာမြို့တွင်းရှိ ဟားမတ်စ် အုပ်စုဝင်များရှင်းလင်းမှုစစ်ဆင်ရေး ကို အပြီးသတ်သည်ထိလုပ်ဆောင် ရန် စိတ်ပိုင်းဖြတ်ထားမှုကို သမ္မတ ဂျိုးဘိုင်ဒင်နှင့်ဖုန်းခေါ်ဆိုဆွေးနွေး စဉ် မိမိအသိပေးခဲ့သည်ဟု နေတန် ယာဟုက ပြောကြားခဲ့ကြောင်း သိရသည်။

ရာဖာမြို့သည် ငါးလကျော်ကြာ အစ္စရေး-ဟားမတ်စ်စစ်ပွဲအတွင်း စစ်ဘေးသင့်ဒုက္ခသည်ဘဝရောက် ခဲ့ရသူ ပါလက်စတိုင်းလူမျိုးတစ်သန်း ကျော် နောက်ဆုံးခိုလှုံနိုင်သည့် နေရာဖြစ်သည်။

သို့သော် ရာဖာမြို့တွင်း၌ ဟားမတ်စ်လက်နက်ကိုင်များပုန်းခို နေသည်ဟု အစ္စရေးစစ်ဘက်က ယုံကြည်ထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## ဆိုမာလီယာပင်လယ်ဓားပြ ၃၅ ဦးကို အိန္ဒိယနိုင်ငံတွင် တရားစွဲရန်စီစဉ်

**ဒေလီ မတ် ၂၀**

ဆိုမာလီယာနိုင်ငံ ကမ်းရိုးတန်း ကမ်းလွန်ရေပြင်အတွင်း ပြန်ပေးဆွဲ ခံခဲ့ရသည့် သင်္ဘောတစ်စီးပေါ်တွင် အိန္ဒိယရေတပ်က ဖမ်းဆီးနိုင်ခဲ့သည့် ဆိုမာလီယာပင်လယ်ဓားပြ ၃၅ ဦး ကို အိန္ဒိယနိုင်ငံ၌ တရားစွဲဆိုအရေး ယူမည်ဖြစ်ကြောင်း အိန္ဒိယရေတပ် တာဝန်ရှိသူများက ယနေ့တွင် ပြောကြားခဲ့သည်။

အိန္ဒိယရေတပ်သည် ယခင် လုပ်နည်းလုပ်ဟန်များမှသွေဖည်၍ ဖမ်းဆီးခံထားရသည့် ဆိုမာလီယာ ပင်လယ်ဓားပြများကို အိန္ဒိယနိုင်ငံ မှာပင် တရားစွဲဆိုရန် စီစဉ်ထားခြင်း ဖြစ်သည်။

ရှေးယခင်က အိန္ဒိယရေတပ် သည် ပင်လယ်ဓားပြများ ပြန်ပေးဆွဲ ထားသည့်သင်္ဘောများကို ကယ်တင် ပြီးချိန်တွင် ပင်လယ်ဓားပြများကို လက်နက်ဖြုတ်သိမ်း၍ ချန်ထား လေ့ရှိသည်။

အိန္ဒိယရေတပ်က ဖမ်းဆီးထား သည့် ဆိုမာလီယာပင်လယ်ဓားပြ ၃၅ ဦးသည် မတ် ၂၃ ရက်တွင် အိန္ဒိယနိုင်ငံသို့ ရောက်ရှိလာမည် ဖြစ်ပြီး ရောက်ရှိလာပါက ၎င်းတို့ကို တရားဥပဒေ ထိန်းသိမ်းရေး အဖွဲ့အစည်းများထံ လက်လွှဲပေး မည်ဖြစ်ကြောင်း အိန္ဒိယရေတပ် တာဝန်ရှိသူများက ပြောကြား ခဲ့သည်။

အဆိုပါ ဆိုမာလီယာပင်လယ် ဓားပြများအား မည်သည့်စွဲချက်ဖြင့် တရားစွဲဆိုမည်ကို အိန္ဒိယရေတပ် တာဝန်ရှိသူများက ထုတ်ဖော် ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

အိန္ဒိယရေတပ်သည် ဆိုမာ လီယာပင်လယ်ဓားပြများက ပြီးခဲ့ သည့်နှစ်ကပင် ဖမ်းဆီးထားသော မော်လ်တာမှတ်ပုံတင် ရူအင်အမည် ရှိကုန်တင်သင်္ဘောကို မတ် ၁၆ရက် တွင် ကယ်တင်နိုင်ခဲ့ပြီး ဆိုမာလီယာ ပင်လယ်ဓားပြများကိုပါ ဖမ်းဆီးခဲ့ ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## ရုရှားကယ်ဆယ်ရေးသမားများက ရွှေတွင်းမြေအောက်၌ ပိတ်မိနေသူများကို ကယ်ထုတ်နိုင်ရေး ကြိုးပမ်းလျက်ရှိ

**မော်စကို မတ် ၂၀**

ရုရှားနိုင်ငံအရှေ့ဖျား ရွှေတွင်း တစ်တွင်း၏မြေအောက်၌ နှစ်ရက် ကြာပိတ်မိနေသော အလုပ်သမား ၁၃ ဦးကို ကယ်ထုတ်နိုင်ရေးအတွက် ရုရှား ရှာဖွေကယ်ဆယ်ရေးသမား များက ယနေ့တွင် ဆက်လက် ကြိုးပမ်းနေကြောင်း သိရသည်။

အဆိုပါအလုပ်သမား ၁၃ ဦး မှာ ပိုင်အိုနီးယားအမည်ရှိ ရွှေတွင်း ပေါ်သို့ ကျောက်တုံးပြိုကျမှုဖြစ်ခဲ့ ပြီးနောက် မတ် ၁၈ ရက်မှစ၍ ကျောက်မီးသွေးတွင်းမြေအောက် အနက်မီတာ ၁၂၀ တွင် ပိတ်မိနေ ခဲ့ခြင်းဖြစ်သည်။



ပိုင်အိုနီးယား ရွှေတွင်းသည် ရုရှားနိုင်ငံ၏အကြီးဆုံးရွှေတွင်းများ ထဲတွင်ပါဝင်ပြီးတရုတ်နှင့်နယ်နိမိတ် ချင်းထိစပ်နေသည့် အာမားဒေသ ၌ တည်ရှိသည်။

လက်ရှိအချိန်တွင် အင်အားရာ နှင့်ချီသည့်ရုရှားရှာဖွေကယ်ဆယ်ရေး သမားများသည် ရွှေတွင်းကိုပိတ်ဆို့ နေသည့် အပျက်အစီးနှင့်ကျောက်ခဲ များကိုဖယ်ရှားနေပြီး ရေများကိုလည်း ဖောက်ထုတ်ပေးလျက်ရှိသည်။

ပိတ်မိနေသူများအားကယ်ထုတ် ရန်ကြိုးပမ်းနေမှုအခြေအနေများကို သမ္မတပူတင်ထံတင်ပြထားသည်ဟု ရုရှားအစိုးရ တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီက ချန်အာ- ၆ မစ်ရှင်အတွက် ကြားခံဂြိုဟ်တုအဖြစ်တာဝန်ယူမည့် ကွေးရှောင်-၂ ဂြိုဟ်တု လွှတ်တင်ခဲ့



**ဝါရှင်တန် မတ် ၂၀**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ချန်အာ- ၆ မစ်ရှင်အတွက် ကြားခံဂြိုဟ်တုအဖြစ်တာဝန်ယူမည့် ကွေးရှောင်-၂ ဂြိုဟ်တုကို ယနေ့တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ကွေးရှောင်-၂ ကြားခံဆက်သွယ်ရေးဂြိုဟ်တုကို လောင်းမတ်ချ်-၈ ဒုံးပျံဖြင့် ဟိုင်နန်ကျွန်း ဝန်ချန်အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လောင်းမတ်ချ်-၈ ဒုံးပျံသည် ကွေးရှောင်-၂ ကြားခံဆက်သွယ်ရေးဂြိုဟ်တုအပြင် တီယန်တူ-၁ နှင့် တီယန်တူ-၂ အမည်ရှိ အသေးစားဂြိုဟ်တုငယ်နှစ်စင်းကိုလည်း သယ်ဆောင်သွားကြောင်း သိရသည်။

လွှတ်တင်ပြီး မိနစ် ၄၀ ခန့်အကြာတွင် ကွေးရှောင်-၂ ဂြိုဟ်တုသည် လဆီသို့ဦးတည်နေသော လမ်းကြောင်းပေါ်သို့ ရောက်ရှိခဲ့ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ကွေးရှောင်-၂ ဂြိုဟ်တုသည် လကမ္ဘာကိုလှည့်ပတ်၍ ချန်အာ-၆ လဆင်းယာဉ်နှင့် ကမ္ဘာမြေကြား ကြားခံဆက်သွယ်ရေးဂြိုဟ်တုအဖြစ် တာဝန်ယူပေးမည်ဖြစ်သည်။

အလေးချိန် မက်ထရစ်တန် ၁ ဒသမ ၂ တန်ရှိသည့် ကွေးရှောင်-၂ သည် လပတ်လမ်းပေါ်၌ ရှစ်နှစ်ကြာလှည့်ပတ်နေမည်ဖြစ်ပြီး ၂၀၁၈ ခုနှစ်က လွှတ်တင်ခဲ့သည့် ကွေးရှောင်-၁ ဂြိုဟ်တုနေရာ၌ အစားထိုးဝင်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## နေ့စဉ် အစားရှောင်ကြဉ်ခြင်းကြောင့် နှလုံးသွေးကြောရောဂါများဖြင့် သေဆုံးနိုင်ခြေမြင့်မား

**နယူးယောက် မတ် ၂၀**

နေ့စဉ် အစားရှောင်ကြဉ်ခြင်းကြောင့် နှလုံးသွေးကြောရောဂါများဖြင့် အသက်ဆုံးပါးနိုင်ခြေ မြင့်မားလာနိုင်ကြောင်း မတ် ၁၉ ရက် သတင်းများအရ သိရသည်။

နေ့စဉ် ရှစ်နာရီနှင့်အထက် အစားစားသုံးမှု ရှောင်ကြဉ်သူများသည် နေ့စဉ် ၁၂ နာရီနှင့် ၁၆ နာရီအတွင်း အစားစားသူများထက် နှလုံးသွေးကြောဆိုင်ရာ ရောဂါများကြောင့် အသက်ဆုံးပါးနိုင်ခြေ ၉၁ ရာခိုင်နှုန်း ပိုမြင့်မားကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အမေရိကန်သုတေသနပညာရှင်များအနေဖြင့် နေ့စဉ် ရှစ်နာရီကြာ အစားစားသုံးမှုရှောင်ကြဉ်ခြင်းမှာ နှလုံးသွေးကြောရောဂါများကြောင့် သေဆုံးရမှု၏အကြောင်းတရား ဟုတ်၊ မဟုတ်ကို သက်သေမပြနိုင်သေးပေ။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ တစ်နေ့ ရှစ်နာရီ အစားစားသုံးမှု ရှောင်ကြဉ်သူများသည် နေ့စဉ် ၁၂ နာရီမှ ၁၆ နာရီထိ အစားစားချိန်ယူသူများနှင့် နှိုင်းယှဉ်ပါက ကြွက်သားထုပိုနည်းလာသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အဆီပါဝင်မှုအဆင့်နိမ့်သည့် ကြွက်သားထု နည်းလာခြင်းသည် နှလုံးသွေးကြောဆိုင်ရာရောဂါများ ဖြစ်ပွားရမှုနှင့် ဆက်စပ်နေကြောင်း သိရသည်။

သို့ရာတွင် တစ်ရက်လျှင် အစားစားချိန်ကို ၁၆ နာရီထားရှိမှုသည် ကင်ဆာလူနာများကြား ကင်ဆာကြောင့် အသက်ဆုံးပါးနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

**Ref : Xinhua News**
**Trs : KKO**

## ဘိုးအင်းလေကြောင်းစက်မှုကုမ္ပဏီက စတားလိုင်နာ အာကာသလူသယ်ယာဉ်ကို လောင်စာရည်ဖြည့်တင်းမှုများ စတင်ပြုလုပ်နေ

**ဝါရှင်တန် မတ် ၂၀**

အမေရိကန်နိုင်ငံ အခြေစိုက် ဘိုးအင်းလေကြောင်းစက်မှုကုမ္ပဏီသည် စတားလိုင်နာအာကာသလူသယ်ယာဉ်ကို လောင်စာရည်ဖြည့်တင်းမှုများ စတင်ပြုလုပ်နေကြောင်း မတ် ၁၉ ရက် သတင်းများအရ သိရသည်။

CFT အမည်ရှိ မစ်ရှင်အရ နိုင်ငံတကာ အာကာသစခန်းသို့ မလွှတ်တင်မီ စတားလိုင်နာအာကာသလူသယ်ယာဉ်ကို ဘိုးအင်းကုမ္ပဏီက လောင်စာရည်များ စတင်ဖြည့်တင်းနေခြင်းဖြစ်သည်။

ဘိုးအင်းကုမ္ပဏီနှင့် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)တို့သည် အာကာသယာဉ်မှူးနှစ်ဦး လိုက်ပါမည့် စတားလိုင်နာအာကာသလူသယ်ယာဉ်ကို ULC ကုမ္ပဏီ၏ အက်တလပ်စ်-၅ ဒုံးပျံဖြင့် ယခုနှစ် မေလအစောပိုင်းတွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါမစ်ရှင်အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဘိုးအင်းကုမ္ပဏီသည် မတ် ၁၈ ရက်တွင် စတားလိုင်နာအာကာသလူသယ်ယာဉ်ကို လောင်စာရည်စတင်ဖြည့်တင်းနေခြင်းဖြစ်သည်။



ဘိုးအင်းကုမ္ပဏီနှင့် နာဆာတို့သည် စတားလိုင်နာအာကာသလူသယ်ယာဉ်ကို လူမဲ့စမ်းသပ်လွှတ်တင်မှုအဖြစ် နိုင်ငံတကာအာကာသစခန်းသို့ နှစ်ကြိမ်လွှတ်တင်ခဲ့ပြီးဖြစ်သည်။

ဘိုးအင်းကုမ္ပဏီသည် နာဆာအဖွဲ့နှင့် ရယူထားသော သဘောတူညီချက်အရ ဘိုးအင်းကုမ္ပဏီသည် စတားလိုင်နာအာကာသလူသယ်ယာဉ်ကို တည်ဆောက်စမ်းသပ်နေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## မိုဘိုင်းဖုန်းကြည့်ရှုချိန်လွန်ကဲမှုကြောင့် ကလေးများ၌ အမြင်အာရုံဆုံးရှုံးနိုင်ခြေမြင့်မားနိုင်

**လန်ဒန် မတ် ၂၀**

မိုဘိုင်းဖုန်းများကို အချိန်ကာလလွန်ကဲစွာ ကြည့်ရှုမှုများကြောင့် ကလေးများ၌ အမြင်အာရုံဆုံးရှုံးနိုင်ခြေ မြင့်မားလာနိုင်ဖွယ်ရှိကြောင်း ဆေးပညာရှင်များ၏အဆိုကို ကိုးကား၍ မတ် ၁၉ ရက် သတင်းများအရ သိရသည်။

မိုဘိုင်းဖုန်းကြည့်ရှုချိန် လွန်ကဲမှုကြောင့် ကလေးများ၌ မျက်စိအနီးမှုန်မှုပြဿနာပေါ်လာနိုင်ခြေမြင့်တက်လာနိုင်ကြောင်း ဗြိတိန်မျက်စိရောဂါ ဆရာဝန်များက ပြောကြားသည်။

မိုဘိုင်းဖုန်းကြည့်ချိန် ကြာရှည်လွန်ကဲပါက မျက်ဆန်ရှည်လျားစန့်ထွက်လာပြီး မျက်စိအနီးမှုန်မှုပြဿနာပေါ်လာနိုင်ကြောင်း ဆေးပညာရှင်များ၏အဆိုအရ သိရသည်။

သို့ဖြစ်ရာ မိုဘိုင်းဖုန်းကြည့်ရှုမှုကြောင့် မျက်စိအနီးမှုန်ပြဿနာပေါ်လာနိုင်ခြေမြင့်မားမှုကို လျှော့ချရေးအတွက် အိမ်အပြင်ထုတ်၍ သဘာဝအလင်းရောင်ဖြင့် များများထိတွေ့သင့်ကြောင်း သုတေသနပညာရှင်များက အကြံပြုထားသည်။

မျက်ဆန်ကြီးထွားမှုကို ထိန်းချုပ်ရေး၊ မျက်စိအနီးမှုန်မှုပြဿနာကို လျှော့ချရေးအတွက် သဘာဝအလင်းရောင်နှင့် ထိတွေ့ပေးရန် မရှိမဖြစ်လိုအပ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသနပညာရှင်များ၏ အဆိုအရ ပြီးခဲ့သည့် နှစ် ၅၀ အတွင်း ဗြိတိန်နိုင်ငံ၌ မျက်စိအနီးမှုန်ပြဿနာ နှစ်ဆပိုများလာပြီး အသက်ငယ်ငယ်ရွယ်ရွယ်ကလေးများတွင်လည်း အနီးမှုန်မှုပြဿနာအဖြစ်များလာကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



## အမေရိကန်နိုင်ငံအခြေစိုက် အယ်စထရိုဘော့တစ်ကုမ္ပဏီက ဂရစ်ဖင်အမည်ရှိ လဆင်းယာဉ်သစ်ကို တည်ဆောက်နေ

**ဝါရှင်တန် မတ် ၂၀**

အမေရိကန်နိုင်ငံ အခြေစိုက် အယ်စထရိုဘော့တစ် ကုမ္ပဏီသည် ဂရစ်ဖင်အမည်ရှိ လဆင်းယာဉ်သစ်ကို တည်ဆောက်နေကြောင်း မတ် ၁၉ ရက် သတင်းများအရ သိရသည်။

အဆိုပါ လဆင်းယာဉ်သည် အက်စထရိုဘော့တစ် ကုမ္ပဏီ၏ ဒုတိယမြောက် လဆင်းယာဉ်ဖြစ်ကြောင်း သိရသည်။

အက်စထရိုဘော့တစ်ကုမ္ပဏီသည် ယခုနှစ် နှစ်စပိုင်းတွင် Per-egrine အမည်ရှိ လဆင်းယာဉ်ကို လပေါ်သို့ စေလွှတ်ခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ကြောင်း သိရသည်။

အက်စထရိုဘော့တစ်ကုမ္ပဏီက လက်ရှိတည်ဆောက်နေသည့် ဂရစ်ဖင်လဆင်းယာဉ်သည် အပိုလိုလဆင်းမစ်ရှင်များ နောက်ပိုင်း အရွယ်အစားအကြီးမားဆုံး လဆင်းယာဉ်ဖြစ်ကြောင်း၊ အက်စထရိုဘော့တစ်ကုမ္ပဏီသည် ဂရစ်ဖင်လဆင်းယာဉ်ကို Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

ဂရစ်ဖင်လဆင်းယာဉ်သည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ VIPER လမျက်နှာပြင်လေ့လာရေးယာဉ်ကို သယ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## နိုင်ငံတကာ အားကစားသတင်းများ

# WBO လိုက်ဝိတ်တန်းကမ္ဘာ့ချန်ပီယံခါးပတ်အတွက် နာဗာရက်တီနှင့် ဘီရင်ချိခ်တို့ ထိုးသတ်မည်




**ကင်ဘာရာ မတ် ၂၀**

WBO လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်စိန်ခေါ်ပွဲစဉ်အဖြစ် မက္ကဆီကိုလက်ဝှေ့သမား နာဗာရက်တီသည် ယူကရိန်းလက်ဝှေ့သမားဘီရင်ချိခ်နှင့် မေ ၁၈ ရက်တွင် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဒီယေဂိုမြို့တွင် ထိုးသတ်သွားမည်ဖြစ်ကြောင်း Top Rank လက်ဝှေ့ Promotion ကုမ္ပဏီက ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

နာဗာရက်တီသည် မတူညီသော ဝိတ်တန်းသုံးခု၏ ကမ္ဘာ့ချန်ပီယံတစ်ဦးဖြစ်ပြီး ဘီရင်ချိခ်သည် ၂၀၁၂ လန်ဒန်အိုလံပစ်အားကစားပွဲတော်တွင် လက်ဝှေ့အားကစား၌ငွေတံဆိပ်ရရှိခဲ့သူဖြစ်ပြီး လက်ရှိ WBO အင်တာနေရှင်နယ်လိုက်ဝိတ်တန်းချန်ပီယံတစ်ဦးလည်းဖြစ်သည်။

WBO ဂျူနီယာ လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံအဖြစ် ရပ်တည်နေသူ နာဗာရက်တီနှင့် WBO အင်တာနေရှင်နယ်လိုက်ဝိတ်တန်းချန်ပီယံဘီရင်ချိခ်တို့သည် လစ်လပ်နေသော WBO လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံအတွက် ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ပြီး ၂၀၂၄ခုနှစ်၏အကောင်းဆုံးသော စိန်ခေါ်ပွဲစာရင်းတွင် ပါဝင်လာနိုင်သည့် စိန်ခေါ်ပွဲလည်းဖြစ်သည်။

နာဗာရက်တီသည်စူပါဖယ်သာဝိတ်တန်း၊ ဖယ်သာဝိတ်တန်းနှင့် ဘင်တန်ဝိတ်တန်းတို့တွင် ကမ္ဘာ့ချန်ပီယံဖြစ်သော်လည်း မတူညီသည့်ဝိတ်တန်းလေးခုတွင် ကမ္ဘာ့ချန်ပီယံအဖြစ် မှတ်တမ်းဝင်ခွင့်ရရှိရေးအတွက် ပစ်မှတ်ထားနေသူဖြစ်ပြီး ရှုံးပွဲမရှိသေးသည့်ဘီရင်ချိခ်နှင့် ယှဉ်ပြိုင်ထိုးသတ်သွားရမည်ဖြစ်သည့်အတွက်ကြောင့် ကြီးမားသည့်စိန်ခေါ်မှုတစ်ရပ်ဖြင့် ရင်ဆိုင်သွားရဖွယ်ရှိသည်။

နာဗာရက်တီက "ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲ ဖြစ်တဲ့အတွက်ကြောင့် အခက်အခဲတော့ ရှိမှာပါပဲ။ ဘယ်လောက်ခက်ခဲပါစေကျွန်တော့်ရဲ့ အိပ်မက်ဖြစ်တဲ့ မတူညီတဲ့ဝိတ်တန်းလေးခုမှာ ကမ္ဘာ့ချန်ပီယံခါးပတ်ကိုဆွတ်ခူးဖူးတဲ့ ချန်ပီယံတစ်ယောက်ဆိုတဲ့ ဂုဏ်ပုဒ်ကိုတော့ ရအောင်ယူသွားမှာပါ"ဟုပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# တိုက်စစ်မှူး ဂီရော့ဒ် လော့အိန်ဂျယ်လိစ် အသင်းသို့ ပြောင်းရွှေ့ရန်ပြင်ဆင်

**မီလန် မတ် ၂၀**

ယခုနှစ် ဘောလုံးရာသီကုန်တွင်အေစီမီလန်အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးတော့မည့် တိုက်စစ်မှူး ဂီရော့ဒ်အနေဖြင့် မေဂျာလိဂ်ကလပ် လော့အိန်ဂျယ်လိစ်အသင်းသို့ ပြောင်းရွှေ့ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

တိုက်စစ်မှူး ဂီရော့ဒ်သည် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလကလည်း မေဂျာလိဂ်ကလပ်သို့ပြောင်းရွှေ့ရန် ပြင်ဆင်ခဲ့ကာ အေစီမီလန်အသင်းက တစ်နှစ်သက်တမ်းတိုးခဲ့သဖြင့် အသင်းတွင်ဆက်လက်နေထိုင်ရန် ဆုံးဖြတ်ခဲ့ပြီး ယခုနှစ်တွင် အေစီမီလန်အသင်းက အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခွင့် ပြုခဲ့သောကြောင့် မေဂျာလိဂ်ကလပ် လော့အိန်ဂျယ်လိစ်အသင်းသို့ ပြောင်းရွှေ့ရန် ဆွေးနွေးလျက်ရှိသည်။

လော့အိန်ဂျယ်လိစ် အသင်းသည် ဂိုးသမား လိုရစ်ကိုလည်း ယခုနှစ်ဘောလုံးရာသီတွင် ခေါ်ယူနိုင်ခဲ့သောကြောင့် ပြင်သစ်အသင်းဖော်ရှိနေသည့်အတွက် ဂီရော့ဒ်နှင့် လော့အိန်ဂျယ်လိစ် အသင်းတို့၏ အပြောင်းအရွှေ့မှာ သဘောတူညီမှုရရှိရန် နီးစပ်နေကြောင်း သိရသည်။

အသက် ၃၇ နှစ်ရှိ တိုက်စစ်မှူး ဂီရော့ဒ်သည် ပြင်သစ်အသင်းအတွက် ပြိုင်ပွဲစုံ သွင်းဂိုး၅၇ ဂိုးထိ သွင်းယူ၍ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ပြီးအေစီမီလန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သည့် သုံးနှစ်တာကာလအတွင်း ၂၀၂၂ ခုနှစ်တွင် အသင်းအား စီးရီးအေချန်ပီယံဆု ရရှိအောင်ကူညီနိုင်ခဲ့သူဖြစ်ပြီး ယခုနှစ်တွင်လည်း အသင်းအတွက် စီးရီးအေပြိုင်ပွဲ ၂၆ ပွဲတွင် သွင်းဂိုး ၁၂ ဂိုးနှင့် ဂိုးဖန်တီးမှု ရှစ်ကြိမ်ထိ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**



# ရာသီအကြိုခြေစမ်းပွဲတွင် ရီးရဲလ်မက်ဒရစ်၊ မန်စီးတီး၊ အေစီမီလန်အသင်းတို့နှင့်ကစားမည်ဟု ဘာစီလိုနာထုတ်ပြန်

**မက်ဒရစ် မတ် ၂၀**

ဘာစီလိုနာ အသင်းသည် ရာသီအကြိုခြေစမ်းပွဲစဉ်ကို အမေရိကန်တွင် ပြုလုပ်သွားမည်ဖြစ်ပြီး ရီးရဲလ်မက်ဒရစ်အသင်း၊ မန်စီးတီးအသင်း၊ အေစီမီလန်အသင်းတို့နှင့် ခြေစမ်းပွဲများ ကစားသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ဘာစီလိုနာအသင်းအနေဖြင့် လာမည့် ဇူလိုင်လကုန်ခါနီးတွင် အမေရိကန်ခရီးစဉ်ကို စတင်မည်ဖြစ်ပြီး ဇူလိုင် ၃၀ ရက်တွင် အော်လန်ဒိုမြို့၌ မန်စီးတီးအသင်းနှင့် ကစားသွားမည်ဖြစ်ပြီး ဩဂုတ် ၃ ရက်တွင် အယ်ကလက်စီကိုပြိုင်ဘက်ဖြစ်သည့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် နယူးဂျာစီတွင်လည်းကောင်း၊ ရာသီအကြိုနောက်ဆုံးပွဲစဉ်ကို ဩဂုတ် ၆ ရက်တွင် အေစီမီလန်အသင်းနှင့် ဘာတီမိုးတွင်လည်းကောင်း ကစားသွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

၎င်းနောက် ကတ်တာလန်တာသို့ ပြန်လည်ရောက်ရှိမည်ဖြစ်ပြီး ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအတွက် နောက်ဆုံးပြင်ဆင်မှုများ ထပ်မံပြုလုပ်မည် ဖြစ်ကြောင်း သိရသည်။

ယခုနှစ်ရာသီအကြို ခြေစမ်းပွဲစဉ်တွင် ဘာစီလိုနာအသင်းမှ အဓိက ကစားသမားများအနေဖြင့် ပဲရစ်အိုလံပစ်ပြိုင်ပွဲနှင့် ယူရို ၂၀၂၄ ပြိုင်ပွဲတို့တွင် ပါဝင်နေသည့်အတွက် ကစားသမားအများအပြားလွဲချော်ဖွယ်ရှိပြီးနည်းပြဇာဗီ အနေဖြင့်လည်း ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအကုန်တွင် အသင်းမှထွက်ခွာမည်ဟု အတည်ပြုကြေညာထားသောကြောင့် ရာသီအကြိုခြေစမ်းပွဲစဉ်ကို နည်းပြသစ်နှင့် စတင်ရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

## အားကစားသတင်းအတိုအထွာများ

- မန်ယူအသင်းပိုင်ရှင်သစ် ရက်ကလစ်ဖ်က နည်းပြတန်ဟတ်၏ နေရာတွင် အင်္ဂလန်အသင်းနည်းပြဆောက်ဂိတ်နှင့် အစားထိုးရန် ဦးစားပေးပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။
- အာဆင်နယ်အသင်းက ခံစစ်ကစားသမား တိုမီယာဆုကို စာချုပ်ပါသဘောတူညီချက်အတိုင်း လာမည့် ၂၀၂၆ ခုနှစ်ထိ သက်တမ်းတိုးခဲ့ကြောင်း ကြေညာခဲ့သည်။
- ချဲလ်ဆီးအသင်းမှ အလွတ်ပြောင်းရွှေ့ခွင့်ရရှိထားသည့် ခံစစ်ကစားသမား သီယာဂိုဆေးဗားသည် လာမည့်ရာသီတွင် ဘရာဇီးကလပ် ဖလူမိနန်စီအသင်းသို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်းအားကစားဒါရိုက်တာဖရက်ဒ်က ထုတ်ဖော်ပြောကြားခဲ့သည်။
- လာမည့်နွေရာသီတွင် အသင်းဘဏ္ဍာရေးကို မြှင့်တင်နိုင်ရန်အတွက် ကွင်းလယ်ကစားသမားဂရီလစ်ကိုခေါ်ယူမည့် အသင်းကို စောင့်မျှော်လျက်ရှိကြောင်း မန်စီးတီးအသင်းက ပြောကြားခဲ့သည်။

**ML**

# စာချုပ်သက်တမ်းကုန်ဆုံးချိန်ထိ လေဗာကူဆင်အသင်းတွင် ဆက်ရှိမည်ဟု နည်းပြအလွန်ဆို ပြောကြား

**ဘာလင် မတ် ၂၀**

လေဗာကူဆင်အသင်း နည်းပြအလွန်ဆိုက လေဗာကူဆင်အသင်းတွင် လက်ရှိစာချုပ်သက်တမ်းကုန်ဆုံးချိန်ထိ အသင်းတွင် ဆက်ရှိသွားမည်ဟု အနာဂတ်နှင့်ပတ်သက်ပြီး အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

အသက် ၄၂ နှစ်ရှိ နည်းပြအလွန်ဆိုသည် ၂၀၁၇ ခုနှစ်က ပရော်ဖက်ရှင်နယ် ကစားသမားဘဝမှ အနားယူခဲ့ပြီးနောက် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် ဇွန်လက ဆိုစီဒက် လူငယ်အသင်းနှင့်အတူ ပရော်ဖက်ရှင်နယ် နည်းပြဘဝကို စတင်ခဲ့သူဖြစ်သည်။

ထို့နောက် နည်းပြအလွန်ဆိုသည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်အောက်တိုဘာလက လေဗာကူဆင်အသင်း နည်းပြအဖြစ်ခန့်အပ်ခံခဲ့ရပြီး အသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီ၌ပင် ရလဒ်ကောင်းများ ဆက်တိုက်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး အသင်းကို ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိအောင် စွမ်းဆောင်ခဲ့သူဖြစ်သည်။

ထို့ပြင် နည်းပြအလွန်ဆိုသည် ယခုနှစ် ဘောလုံးရာသီတွင်လည်း အသင်းကိုရလဒ်ကောင်းများ ဆက်တိုက်ရရှိအောင် စွမ်းဆောင်ထားနိုင်ခဲ့ပြီး လက်ရှိအချိန်ထိ ဥရောပထိပ်တန်းလိဂ် ငါးခုတွင် ရှုံးပွဲမရှိသေးသည့် တစ်သင်းတည်းသောအသင်းအဖြစ် ရပ်တည်အောင်စွမ်းဆောင်နိုင်ခဲ့ကာ ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲတွင်လည်း ၂၆ပွဲ ကစားပြီးချိန် ၂၂ ပွဲ အနိုင်လေးပွဲသရေ ရမှတ် ၇၀ ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးတွင်ရပ်တည်နေပြီး အဆင့်(၂)နေရာမှ ဘိုင်ယန်မြူးနစ်အသင်းကို ရမှတ် ၁၀မှတ်ထိ ဖြတ်တောက်ထားကာ ချန်ပီယံဆုအတွက်လည်း နီးစပ်လျက်ရှိသူဖြစ်သည်။



လေဗာကူဆင်အသင်းကို ရလဒ်ကောင်းများရရှိအောင်စွမ်းဆောင်ထားနိုင်ခဲ့သည့် နည်းပြ အလွန်ဆိုကို ယခုနှစ်ဘောလုံးရာသီအကုန်တွင် နည်းပြနှင့် လမ်းခွဲမည့် လီဗာပူးအသင်းနှင့် ဘာစီလိုနာအသင်းတို့အပြင် ဘိုင်ယန်မြူးနစ်အသင်းကလည်း နည်းပြသစ်ခန့်အပ်ရန် ကြိုးပမ်းနေသော်လည်း နည်းပြအလွန်ဆိုက လေဗာကူဆင်အသင်းနှင့်သာ စာချုပ်သက်တမ်းကုန်ဆုံးချိန်ထိ လက်တွဲရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : STA**

# ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက်ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကျင်းပ



**နေပြည်တော် မတ် ၂၀**

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅နှစ်အောက် ဘောလုံး ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၁)နှင့်(၃)တို့တွင် ဆက်လက် ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅နှစ်အောက် ဘောလုံး ပြိုင်ပွဲအုပ်စုပွဲစဉ်များအဖြစ် လေ့ကျင့်ရေးကွင်းအမှတ် (၁)တွင် မကွေး တိုင်းဒေသကြီးအသင်းနှင့် ကချင် ပြည်နယ်အသင်းတို့ယှဉ်ပြိုင်ကစား ခဲ့ရာ ကချင်ပြည်နယ်အသင်းက မကွေးတိုင်း ဒေသကြီးအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် လည်းကောင်း၊ လေ့ကျင့်ရေးကွင်းအမှတ် (၃)တွင် မွန်ပြည်နယ်အသင်းနှင့် ပဲခူးတိုင်း ဒေသကြီးအသင်းတို့ ယှဉ်ပြိုင် ကစားခဲ့ရာ ပဲခူးတိုင်းဒေသကြီး အသင်းက မွန်ပြည်နယ်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန် ရှိသူများ၊ မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ လာ ရောက်ကြည့်ရှုအားပေးခဲ့သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅နှစ်အောက် ဘောလုံး ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို မတ် ၂၁ ရက် ညနေ ၃နာရီတွင် ဆက်လက် ကစားသွားမည်ဖြစ်ပြီးလေ့ကျင့်ရေး ကွင်းအမှတ်(၁)တွင် ရခိုင်ပြည်နယ် အသင်းနှင့် ကရင်ပြည်နယ်အသင်း၊ လေ့ကျင့်ရေးကွင်း အမှတ်(၃)တွင် ရန်ကုန်တိုင်း ဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားသွား မည်ဖြစ်ကြောင်း သိရသည်။ **STA**

# ပြင်သစ်အသင်းနှင့် ၈၄ ပွဲဆက်ပါဝင်ခဲ့သည့် ဂရစ်ဇ်မန်း ပွဲဆက်အများဆုံးစံချိန်ရပ်တန့်

**ပဲရစ် မတ် ၂၀**

ပြင်သစ်အသင်း တိုက်စစ်မှူး ဂရစ်ဇ်မန်းသည် ဒဏ်ရာကြောင့် ပြင်သစ်အသင်း ကစားသမား စာရင်းမှ နုတ်ထွက်ခဲ့သည့်အတွက် ပြင်သစ်အသင်းနှင့်အတူ နိုင်ငံ တကာပြိုင်ပွဲစုံ ၈၄ပွဲ ပါဝင်ကစား ခဲ့သည့် ပွဲဆက်အများဆုံး စံချိန် ရပ်တန့်ခဲ့ကြောင်း သိရသည်။

အသက် ၃၂နှစ်ရှိ ဂရစ်ဇ်မန်း သည် ယခုလအတွင်းကစားမည့် နိုင်ငံတကာ ပွဲစဉ်များအတွက် ပြင်သစ်အသင်းနှင့် ပူးပေါင်းခဲ့ သော်လည်းလေ့ကျင့်ရေးအစီအစဉ် တွင် ခြေချင်းဝတ်ဒဏ်ရာ ရရှိခဲ့ သည့်အတွက် အသင်းကစားသမား စာရင်းမှ နုတ်ထွက်ခဲ့ရခြင်း ဖြစ်သည်။

ဂရစ်ဇ်မန်းသည် ပြင်သစ် အသင်းနှင့်အတူ ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် ဇွန်လက အင်္ဂလန်အသင်းနှင့် ပြင်သစ်အသင်းတို့ပွဲစဉ်ကို ဒဏ်ရာ ကြောင့် လွဲချော်ခဲ့ရပြီးနောက်ပိုင်း ပြင်သစ်အသင်း၏ နိုင်ငံတကာ ပွဲစဉ်များကို ဆက်တိုက်ပါဝင်ကစား ခွင့်ရရှိခဲ့ပြီး နောက်ဆုံးကစားခဲ့သည့် ယူရိုခြေစစ်ပွဲ အုပ်စုပွဲစဉ်အဖြစ် ပြင်သစ်အသင်းနှင့် ဂရိအသင်းတို့ ပွဲစဉ်တွင် ပါဝင်ကစားခဲ့ပြီးနောက် အသင်းနှင့်ပြိုင်ပွဲစုံ စုစုပေါင်း ၈၄ ပွဲဆက်ပါဝင်ကစားခဲ့ပြီး ပြင်သစ် အသင်း သမိုင်းတစ်လျှောက် ပွဲဆက်အများဆုံး ပါဝင်ကစားခဲ့ သည့်ကစားသမားအဖြစ် မှတ်တမ်း ဝင်ထားသူဖြစ်သည်။

ယခုအခါ ဂရစ်ဇ်မန်းသည် ခြေချင်းဝတ်ဒဏ်ရာကြောင့်လာမည့် ဂျာမနီအသင်းနှင့် ကစားမည့် ပွဲစဉ်ကို လွဲချော်မည်ဖြစ်သည့် အတွက် ပွဲဆက်အများဆုံးစံချိန် ရပ်တန့်ခဲ့ရသော်လည်း လက်ရှိတွင် ပြင်သစ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၈၄ပွဲ ပါဝင်ကစားခဲ့ကာ သွင်းဂိုး ၄၄ဂိုးဖြင့် စတုတ္ထမြောက်သွင်းဂိုး အများဆုံးကစားသမားအဖြစ် ရပ် တည်လျက်ရှိကြောင်း သိရသည်။

**Ref : Sputnik**

**Trs : STA**

# ရီးရဲလ်မက်ဒရစ်ဂိုးသမားကော့တွိုက် လေ့ကျင့်ရေးအစီအစဉ်၌ ဒူးဒဏ်ရာထပ်မံရရှိခဲ့သဖြင့် ဘောလုံးရာသီကုန်ထိ အနားယူရမည်

**မက်ဒရစ် မတ် ၂၀**

ရီးရဲလ်မက်ဒရစ် အသင်း ဂိုးသမားကော့တွိုက်သည် ဒူးအရွတ် ထိခိုက်သည့် ဒဏ်ရာမှပြန်လည် သက်သာလာသော်လည်း အသင်း နှင့်ပြုလုပ်ခဲ့သည့် လေ့ကျင့်ရေး အစီအစဉ်တွင် ဒူးဒဏ်ရာထပ်မံ ရရှိခဲ့သည့်အတွက် ဘောလုံးရာသီ ကုန်ထိ အနားယူရမည်ဖြစ်သည်။

၎င်းသည် ပြီးခဲ့သည့်နှစ် ဩဂုတ်လကရရှိခဲ့သည့် ဒူးအရွတ် ထိခိုက်မှုဒဏ်ရာကြောင့် ကာလ ရှည်အနားယူခဲ့ရပြီး ယခုအခါ ဒဏ်ရာပြန်လည် သက်သာလာ သဖြင့် နိုင်ငံတကာပြိုင်ပွဲကာလ အပြီးတွင် အသင်းနှင့်ပူးပေါင်း နိုင်ရန်သေချာနေသော်လည်း အင်္ဂါ နေ့កပြုလုပ်ခဲ့သည့် လေ့ကျင့်ရေး အစီအစဉ်တွင် ဒူးဒဏ်ရာထပ်မံရရှိ ခဲ့ရာ ဘောလုံးရာသီကုန်ထိ အနား ယူရမည်ဟု အသင်းတာဝန်ရှိသူများ က ထုတ်ပြန်ခဲ့သည်။

ရီးရဲလ်မက်ဒရစ် အသင်းက ကော့တွိုက်၏ ဒဏ်ရာကို လိုအပ် သည့် စကန်ဖတ်စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ယခင်ဒူးအရွတ်ဒဏ်ရာ က နာကျင်ခဲ့ခြင်းမဟုတ်ဘဲ ဒဏ်ရာ အသစ် ထပ်မံရရှိခဲ့ခြင်းဖြစ်ပြီး ၎င်းအနေဖြင့်အနည်းဆုံး ရက်သတ္တ ခြောက်ပတ်ကျော် အနားယူရမည် ဖြစ်သောကြောင့် လာမည့်နှစ် ရာသီအကြိုပွဲစဉ်များ ကစားချိန် မှသာ အသင်းနှင့်ပြန်လည်ပူးပေါင်း နိုင်မည်ဟု အသင်းတာဝန်ရှိသူများ က ပြောကြားခဲ့သည်။



ရီးရဲလ်မက်ဒရစ် အသင်းသည် ယခင်က ကော့တွိုက်၏နေရာတွင် ချယ်လ်ဆီးအသင်းမှ အငှားခေါ်ယူ ထားသည့် ကီပါနှင့် အစားထိုးရန် စီစဉ်ခဲ့သော်လည်း ၎င်းအနေဖြင့် လက်စွမ်းပြသနိုင်ရန် ရုန်းကန်နေ ခဲ့ရသဖြင့် ဒုတိယဂိုးသမား လူနင်ကိုသာ အသုံးပြုခဲ့ရာ လူနင် အနေဖြင့် ပုံစံကောင်းပြသနိုင်ခဲ့ သောကြောင့် အသင်းတာဝန်ရှိသူ များက သက်တမ်းတိုးစာချုပ်ချုပ် နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**Ref : Xinhua**

**Trs : ML**

# မီယာမီအိုးပင်းပြိုင်ပွဲ ပထမအဆင့်တွင် ဆီမွန်နာက ဘာဒိုဆာကိုရှုံးနိမ့်

**ဖလော်ရီဒါ မတ် ၂၀**

အမေရိကန်နိုင်ငံ ဖလော်ရီဒါ ပြည်နယ် မီယာမီကမ်းခြေတွင် ကျင်းပနေသည့် မီယာမီအိုးပင်း တင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ် အဖြစ် ကမ္ဘာ့အဆင့်(၁)တင်းနစ် မယ်ဟောင်း ဆီမွန်နာနှင့် စပိန် တင်းနစ်မယ်ဘာဒိုဆာတို့ ယနေ့ ယှဉ်ပြိုင်ကစားခဲ့ရာ ဆီမွန်နာက (၆-၁၊ ၄-၆၊ ၃-၆) ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

ရိုမေးနီးယား တင်းနစ်မယ် ဆီမွန်နာသည် ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် တားမြစ် ဆေးဝါးသုံးစွဲထားကြောင်း စစ်ဆေး တွေ့ရှိခဲ့ရသည့်အတွက် လေးနှစ် ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံခဲ့ရသော် လည်း ၎င်းအနေဖြင့်တားမြစ်ဆေးဝါး အား ရည်ရွယ်ချက်ရှိရှိ အသုံးပြု ခဲ့ခြင်းမဟုတ်ကြောင်း အားကစား ခုံသမာဓိရုံးသို့ အယူခံဝင်ခဲ့ရာတွင် အားကစားခုံသမာဓိရုံးက လိုအပ် သောစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး နောက် လေးနှစ်ပွဲပယ်ပြစ်ဒဏ်မှ ကိုးလပွဲပယ်ပြစ်ဒဏ်လျှော့ပေါ့ပေး ခံခဲ့ရသည်။

သို့သော် တင်းနစ်ပြိုင်ပွဲများဖြင့် ကာလရှည်ဝေးကွာခဲ့ရသော်လည်း ဆီမွန်နာသည် ဘာဒိုဆာနှင့် ယှဉ်ပြိုင် ကစားခဲ့သည့်ပွဲစဉ်၏ ပထမပွဲငယ်တွင် ပြတ်သားသည့် ရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်း ဘာဒိုဆာက ဒုတိယပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် ပြတ်သား သည့်ရလဒ်များဖြင့် ပြန်လည်အနိုင် ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**



# 2024 Zurich Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တီဂါလာနှင့် ဇာလာတိုရစ်တို့ ပါဝင်ယှဉ်ပြိုင်မည်

**နယူးအော်လင်န် မတ် ၂၀**

အမေရိကန်နိုင်ငံ နယူးအော်လင်န် မြို့တွင် ဧပြီ ၂၅ ရက်တွင် ကျင်းပ မည့် 2024 Zurich Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေ ရိကန်ဂေါက်သီးရိုက် ကစားသမား များဖြစ်ကြသည့် တီဂါလာနှင့် ဇာလာတိုရစ်တို့ ပါဝင်ယှဉ်ပြိုင် သွားမည်ဖြစ်ကြောင်းယနေ့သတင်း များအရ သိရသည်။

ကစားသမားဘဝ သက်တမ်း တစ်လျှောက် 2023 Fortinet Championship ဂေါက်သီးရိုက် ပြိုင်ပွဲတွင် ပထမဦးဆုံးသော ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့သည့် တီဂါလာသည် ၂၀၂၃ခုနှစ်အတွင်း စွမ်းဆောင်ရည်ကောင်းများ ပြသ နိုင်ခဲ့သည့် ကစားသမားတစ်ဦး ဖြစ်သလို ယခုနှစ်တွင်လည်း စွမ်း ဆောင်ရည်ကောင်းများပြသနေသည့် ကစားသမားတစ်ဦးဖြစ်သည်။

တီဂါလာသည် လက်ရှိကမ္ဘာ့ အဆင့်(၁၄)နေရာနှင့်FedEx Cup အမှတ်ပေးဇယား ရပ်တည်မှုတွင် လည်းအဆင့်(၅)နေရာတွင် ရပ်တည် လျက်ရှိသည်။

အသက်၂၆နှစ်အရွယ် တီဂါလာ သည် PGA Tour တွင် ၂၀၂၀ ပြည့်နှစ်မှစတင်၍ ဝင်ရောက် ယှဉ်ပြိုင်ခဲ့သူဖြစ်ပြီး အချိန်တို အတွင်း ကမ္ဘာ့အဆင့်(၂၀)အတွင်း ဝင်ရောက်လာနိုင်သည့် ဂေါက်သီး ရိုက် ကစားသမားတစ်ဦးလည်း ဖြစ်သည်။

ဇာလာတိုရစ်သည် ၂၀၂၂ ခုနှစ်တွင် The Masters ဂေါက်သီး ရိုက်ပြိုင်ပွဲတွင် အမှတ်ပေးဇယား အဆင့်(၆)နေရာတွင် ရပ်တည်နိုင် ခဲ့သလို US Open ဂေါက်သီးရိုက် ပြိုင်ပွဲတွင်လည်း အဆင့်(၂)နေရာ ဖြင့်အဆုံးသတ်နိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။

2024 Zurich Classic ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေး ကော်မတီ၏အမှုဆောင်ချုပ်ဖြစ်သူ စတီဗ်ဝေါ်သီက "ဒဏ်ရာပြဿနာ ကြောင့် ၂၀၂၃ ခုနှစ်မှာ ကာလ ရှည်နားခဲ့ရတဲ့ ဇာလာတိုရစ်နဲ့ ၂၀၂၃ ခုနှစ်အတွင်း ရလဒ်ကောင်း တွေရယူနိုင်ခဲ့တဲ့ တီဂါလာတို့ဟာ 2024 Zurich Classicဂေါက်သီး ရိုက်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွား ကြမှာဖြစ်ပါတယ်"ဟု အတည်ပြု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# သြစတြေးလျနှင့် ဗီယက်နမ်တို့၏ဆက်ဆံရေးကို တိုးမြှင့်ရေးလုပ်ဆောင်မှု၏အရေးပါမှု

သြစတြေးလျနှင့် ဗီယက်နမ်တို့သည် နှစ်နိုင်ငံဆက်ဆံရေးကို ဘက်စုံမဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးအဖြစ် အဆင့်မြှင့်တင်ခြင်းကို မတ် ၇ ရက်က ပြုလုပ်ခဲ့သည်။ သြစတြေးလျဝန်ကြီးချုပ် အယ်လ်ဘာနီနှင့် ဗီယက်နမ်ဝန်ကြီးချုပ် ဖန်မင်ချင်းန်တို့သည် မတ် ၄ ရက်မှ ၆ ရက်ထိ ကျင်းပသည့် သြစတြေးလျ-အာဆီယံပူးပေါင်းဆောင်ရွက်မှုထိပ်သီးအစည်းအဝေးအပြီး နှစ်နိုင်ငံတွေ့ဆုံပြီးနောက် အဆင့်မြှင့်တင်မှုပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ သြစတြေးလျနှင့် ဗီယက်နမ်တို့သည် မတ် ၆ ရက်က စွမ်းအင်နှင့် ဓာတ်သတ္တုပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့သည်။

**ဆက်ဆံရေးမြှင့်တင်ရန် ဗီယက်နမ်၏ကြိုးပမ်းမှု**

သြစတြေးလျက ၁၉၇၃ ခုနှစ်တွင် ဗီယက်နမ်စစ်ပွဲမှ နုတ်ထွက်ပြီးနောက် သြစတြေးလျနှင့် ဗီယက်နမ်တို့သည် ပုံမှန်ဆက်ဆံရေးပြန်လည်ထူထောင်ခဲ့သည်။ နှစ်နိုင်ငံသည် ၂၀၀၉ ခုနှစ်တွင် တတိယအဆင့်ဘက်စုံမိတ်ဖက်ဆက်ဆံရေးကို ထူထောင်ခဲ့ပြီး ၎င်းကို ၂၀၁၅ ခုနှစ်တွင် အဆင့်မြှင့်တင်ခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် ဒုတိယအဆင့် မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးကို ထူထောင်ခဲ့သည်။


ဆက်ဆံရေးအဆင့်မြှင့်တင်မှုသည် တောင်တရုတ်ပင်လယ်အတွင်း တရုတ်၏နယ်မြေပိုင်ဆိုင်ကြောင်းတောင်းဆိုမှုအားကောင်းမှုနှင့် အမေရိကန်၏မူဝါဒမရေရာမှုတို့ကြောင့် ဒေသတွင်း၌ ၎င်းတို့၏လုံခြုံရေးနှင့် စီးပွားရေးမိတ်ဖက်များကွဲပြားစေရန် နှစ်နိုင်ငံစလုံး၏ဆန္ဒနှင့် ကိုက်ညီလျက်ရှိသည်။ ဗီယက်နမ်အတွက် ဆုံးဖြတ်ချက်သည် ဒေသတွင်းနိုင်ငံများနှင့် ဆက်ဆံရေးကို နက်ရှိုင်းစေမည့် ၁၃ ကြိမ်မြောက် အမျိုးသားပါတီကွန်ဂရက်၏ နိုင်ငံခြားရေးမူဝါဒ ညွှန်ကြားချက်နှင့်အညီဖြစ်သည်။ ၎င်းကို မကြာသေးမီက ဖြစ်ပေါ်ခဲ့သော အခြားတိုးတက်မှုများနှင့်လည်း ခြေရာခံနိုင်သည်။ ဥပမာအားဖြင့် ဗီယက်နမ်သည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် တောင်ကိုရီးယားနှင့် ဆက်ဆံရေးကို အလားတူအဆင့်မြှင့်တင်ခဲ့သည်။ ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် အမေရိကန်နှင့် နိုဝင်ဘာလတွင် ဂျပန်နှင့် ထိပ်တန်းအဆင့်ဘက်စုံမဟာဗျူဟာမြောက်မိတ်ဖက်များအဖြစ်သို့ အဆင့်မြှင့်တင်လာခြင်းဖြစ်သည်။

သြစတြေးလျနှင့် ဗီယက်နမ်တို့သည် ၂၀၂၂ ခုနှစ် နှောင်းပိုင်းကတည်းက ၎င်းတို့၏ဆက်ဆံရေးကို အဆင့်မြှင့်တင်ရန် ဆွေးနွေးခဲ့ကြသည်။ သြစတြေးလျဘုရင်ခံချုပ် ဒေးဗစ်ဟူလေးသည် ၂၀၂၃ ခုနှစ် ဧပြီလတွင် ဗီယက်နမ်သို့ လာရောက်လည်ပတ်စဉ် ဆက်ဆံရေးမြှင့်တင်ရေးအရှိန်အဟုန်မြင့်တက်လာပြီး ဗီယက်နမ်သမ္မတဗိုဗန်သောင်နှင့် အဆင့်မြှင့်တင်ရန်မူအားဖြင့် သဘောတူခဲ့သည်။

ဗီယက်နမ်သည် မကြာသေးမီက အနောက်ကမ္ဘာနှင့် ၎င်း၏အာရှမဟာမိတ်များနှင့် ဆက်ဆံရေးကို နက်ရှိုင်းစေရန် ကြိုးပမ်းခဲ့သည်။ ထို့ပြင် ဗီယက်နမ်သည် ၂၀၂၄ ခုနှစ်တွင် ဝင်ငွေမြင့်မားသောစီးပွားရေးဖြစ်လာစေရေး ရည်မှန်းချက်အောင်မြင်ရန် လိုအပ်သောငွေကြေးထောက်ပံ့မှု၊ နည်းပညာပိုင်းဆိုင်ရာကျွမ်းကျင်မှုနှင့် ဈေးကွက်ရရှိရေးတို့ကို အာမခံချက်ပေးရန် ကြိုးပမ်းခဲ့သည်။ တောင်တရုတ်ပင်လယ်အတွင်း နှစ်နိုင်ငံပိုင်နက်အငြင်းပွားမှုတွင် တရုတ်နိုင်ငံနှင့် ၎င်း၏နိုင်ငံခြားမိတ်ဖက်များကွဲပြားစေရန် ရည်ရွယ်ထားသည်။

**ဗီယက်နမ်၏ Bamboo Diplomacy**

ဗီယက်နမ်သည် သြစတြေးလျ၊ တောင်ကိုရီးယား၊ အမေရိကန်၊ ဂျပန်တို့နှင့် ဆက်ဆံရေးအဆင့်မြှင့်တင်မှုမပြုလုပ်မီ ကာလအတန်ကြာကတည်းက ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးများအဖြစ် တရုတ်နှင့် ၂၀၀၈ ခုနှစ်တွင်လည်းကောင်း၊ ရုရှားနှင့် ၂၀၁၂ ခုနှစ်တွင်လည်းကောင်း အဆင့်မြှင့်တင်ခဲ့သည်။ ဤအချက်က ဗီယက်နမ်၏ Bamboo Diplomacy ခေါ် သို့မဟုတ် ဘက်စုံချိန်ညှိမှုဟုခေါ်သော ဘက်စုံသံတမန်ဆက်ဆံမှုကို ပြသနေသည်။ ဗီယက်နမ်သည် တရုတ်နိုင်ငံနှင့် နက်ရှိုင်းသောစီးပွားရေးဆက်ဆံရေးကို ထိန်းသိမ်းထားနိုင်သည့်အပြင် စစ်အေးခေတ်က ဗီယက်နမ်၏အစဉ်အလာနှင့် ကာလကြာရှည်စွာမိတ်ဖက်ဖြစ်ခဲ့သည့် ရုရှားနှင့် နီးကပ်သောနိုင်ငံရေး၊ ကာကွယ်ရေး၊ စွမ်းအင်ဆက်ဆံရေးကို တည်ဆောက်ထားသည်။ အနောက်အင်အားကြီးနိုင်ငံများ၊ အခြားအာရှအိမ်နီးချင်းများနှင့် ပိုမိုနက်ရှိုင်းသောဆက်ဆံရေးကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ သို့သော်လည်း အမှန်စင်စစ်တွင် ၂၀၂၄ ခုနှစ်၌ ဗီယက်နမ်သည် စင်ကာပူ၊ ဖိလစ်ပိုင်၊



အင်ဒိုနီးရှား၊ ထိုင်းနိုင်ငံတို့နှင့် ဆက်ဆံရေးကို ထိပ်တန်းအဆင့်သို့ အဆင့်မြှင့်တင်နိုင်မည်ဖြစ်သည်။

ဆက်ဆံရေးအဆင့်မြှင့်တင်မှုသည် သြစတြေးလျကုမ္ပဏီများကို ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခွင့်အလမ်းများ ပိုမိုပေးဆောင်ပေးမည့် စီးပွားရေးအား အဓိကထားလုပ်ဆောင်မည်ဖြစ်ပြီး ဗီယက်နမ်၏ လက်ရှိနှင့် အနာဂတ်စွမ်းအင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ကူညီပေးမည်ဖြစ်သည်။ ဗီယက်နမ်ဝန်ကြီးချုပ် ချင်းန်၏အဆိုအရ အဆိုပါသဘောတူညီချက်သည် အဓိကနယ်ပယ်ငါးခုဖြစ်သည့် နိုင်ငံရေးယုံကြည်မှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု၊ ပညာရေး၊ လေ့ကျင့်ရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူအချင်းချင်း လည်ပတ်မှု၊ ခရီးသွားလုပ်ငန်းနှင့် အလုပ်သမားကဏ္ဍတို့ဖြစ်သည်။ ဤအဆင့်မြှင့်တင်မှုသည် အဓိကအားဖြင့် စီးပွားရေးသဘောသဘာဝအရဖြစ်မည်ကို မီးမောင်းထိုးပြလျက်ရှိသည်။

**ဗီယက်နမ်၏ စွမ်းအင်အရင်းအမြစ်လိုအပ်ချက်**

လက်ရှိတွင် သြစတြေးလျသည် ဗီယက်နမ်အား ၎င်း၏ ကျောက်မီးသွေးပံ့ပိုးမှု၏ ၄၄ ရာခိုင်နှုန်းကို ပံ့ပိုးပေးလျက်ရှိပြီး ဗီယက်နမ်သည် ၎င်း၏ လျှပ်စစ်ဓာတ်အားအတွက် ကျောက်မီးသွေးကိုမှီခိုနေရဆဲဖြစ်သည်။ ဗီယက်နမ်အတွက် သြစတြေးလျ၏ အနေအထားသည် ကမ္ဘာ့ဒုတိယအကြီးဆုံးသဘာဝဓာတ်ငွေ့ရည် (LNG) တင်ပို့သည့်နိုင်ငံဖြစ်ပြီး LNG သည် ဗီယက်နမ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရင်းအမြစ်ဖြစ်သည်။ ဗီယက်နမ်က တင်သွင်းရန် လိုအပ်မည့်စွမ်းအင်အကူးအပြောင်းတွင် ဆွဲဆောင်မှုရှိသော ကုန်သွယ်မှုမိတ်ဖက်ဖြစ်လာသည်။ နိုင်ငံ၏ဓာတ်ငွေ့လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ ၂၀၂၅ ခုနှစ်ထိ တစ်နှစ်လျှင် ကုဗမီတာ လေးဘီလီယံနှင့် ၎င်းထက်ပို၍ပင် လိုအပ်နိုင်သည်။ ၎င်းတို့၏ အဆင့်မြှင့်တင်သောမိတ်ဖက်ဆက်ဆံရေး၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ဗီယက်နမ်နှင့် သြစတြေးလျတို့သည် စွမ်းအင်ဆိုင်ရာဝန်ကြီးအဆင့် ဆွေးနွေးမှုတစ်ရပ်ကို ထူထောင်မည်ဖြစ်ပြီး ဗီယက်နမ်နိုင်ငံအတွက် ဈေးနှုန်းပိုမိုသက်သာသည့် ကျောက်မီးသွေးနှင့် LNG ကုန်သွယ်မှုကို တိုးမြှင့်နိုင်ဖွယ်ရှိသည်။ ပတ်ဝန်းကျင်ထိခိုက်မှုမရှိသည့်ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြင့် ဗီယက်နမ်သည် ၂၀၅၀ ပြည့်နှစ်တွင် ကာဗွန်ကင်းစင်ရန်ရည်ရွယ်ထားပြီး ၎င်းတစ်ခုတည်းအတွက် လိုအပ်သော ကြီးမားသည့်ရင်းနှီးမြှုပ်နှံမှုသည် သြစတြေးလျကုမ္ပဏီများမှဖြစ်သည်။ ဗီယက်နမ်ရှိ အစိမ်းရောင်စွမ်းအင်နှင့်ပတ်သက်၍ ကြီးမားသော စီးပွားရေးအခွင့်အလမ်းများအတွက် သြစတြေးလျရင်းနှီးမြှုပ်နှံမှုသည် ၎င်း၏လေအားနှင့် ဆိုလာစွမ်းအင်ကို မြှင့်တင်ရန်လိုအပ်သည့် နည်းပညာပိုင်းဆိုင်ရာအသိပညာနှင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိသောစွမ်းအင်အခြေခံအဆောက်အအုံများကို ပံ့ပိုးပေးမည်ဖြစ်သည်။ အထူးသဖြင့် ဗီယက်နမ်တွင် ရေအားလျှပ်စစ်ထုတ်လုပ်ရန် ကာလရှည်ကြာမှီခိုနေရသော မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသသည် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် ရာသီဥတုပြောင်းလဲမှုအရ လျင်မြန်စွာခန်းခြောက်သွားခြင်းကြောင့်ဖြစ်သည်။

**စီးပွားရေးနှင့် ပညာရေးကဏ္ဍ**

ဂျပန်တို့နှင့်အတူ သြစတြေးလျသည် ဗီယက်နမ်နိုင်ငံကို တရားဝင်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာပံ့ပိုးကူညီမှုတွင် ထိပ်တန်းပံ့ပိုးကူညီသူဖြစ်ပြီး ၂၀၀၀ ပြည့်နှစ်မှစတင်ကာ ပံ့ပိုးငွေအမေရိကန်ဒေါ်လာသန်း ၆၅၀ ကျော်နှင့် ပြီးခဲ့သည့်ငါးနှစ်အတွင်း တစ်နှစ်လျှင် အမေရိကန်ဒေါ်လာသန်း ၄၀ ခန့် ပံ့ပိုးပေးလျက်ရှိသည်။ နှစ်နိုင်ငံကုန်သွယ်မှုသည် ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၈ ဘီလီယံထိရောက်ရှိခဲ့ပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ ထိပ်တန်းကုန်သွယ်ဖက် ၁၀ နိုင်ငံစာရင်းဝင်များဖြစ်လာသည်။

၎င်းတို့၏ အဆင့်မြှင့်တင်ထားသောဆက်ဆံရေး၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် သြစတြေးလျနှင့် ဗီယက်နမ်တို့သည် အာဆီယံ-သြစတြေးလျ-နယူးဇီလန် လွတ်လပ်စွာကုန်သွယ်မှုသဘောတူညီချက်၊ ဒေသတွင်း ဘက်စုံစီးပွားရေးမိတ်ဖက်ဆက်ဆံရေးနှင့် ပစိဖိတ်ဖြတ်ကျော်မိတ်ဖက်ဆက်ဆံရေးဘက်စုံတိုးတက်ရေးသဘောတူညီချက်ကဲ့သို့သော လက်ရှိနိုင်ငံပေါင်းစုံ ကုန်သွယ်မှုမိတ်ဖက်နိုင်ငံများကိုလည်း တည်ဆောက်မည်ဖြစ်သည်။

သြစတြေးလျနှင့် ဗီယက်နမ်ကြား အားကောင်းပြီးသား ပညာရေးဆိုင်ရာချိတ်ဆက်မှုများကလည်း သြစတြေးလျတွင် ပညာသင်ကြားလျက်ရှိသည့် ဗီယက်နမ်ကျောင်းသားများ ပိုမိုအားကောင်းလာစေရန် စီစဉ်လျက်ရှိသည်။ လက်ရှိတွင် သြစတြေးလျနှင့် ဗီယက်နမ်တက္ကသိုလ်များကြား သဘောတူညီချက် ၁၀၀ ကျော်ရှိပြီး နှစ်နိုင်ငံ၏ အဆင့်မြှင့်တင်ထားသော မိတ်ဖက်ဆက်ဆံရေးကြောင့် တိုးပွားလာမည်ဖြစ်သည်။

**ကာကွယ်ရေးကဏ္ဍ**

နှစ်နိုင်ငံဆက်ဆံရေးကိုအဆင့်မြှင့်ရန် ကြိုးပမ်းမှုသည် ဗီယက်နမ်နှင့် သြစတြေးလျတို့၏ အတန်အသင့်ကာကွယ်ရေးမိတ်ဖက်ဆက်ဆံရေးကို တိုးမြှင့်လုပ်ဆောင်လာမည်ဖြစ်သည်။ ချင်းန်က ကာကွယ်ရေးနှင့် လုံခြုံရေးကို အတိအလင်းဖော်ပြထားခြင်းမရှိသော်လည်း ဘက်စုံမဟာဗျူဟာမိတ်ဖက်ဆက်ဆံရေးသို့ ဆက်ဆံရေးအဆင့်မြှင့်တင်ခြင်းသည်လည်း ကာကွယ်ရေးဆိုင်ရာဆက်ဆံမှုတွင် အဆင့်မြှင့်တင်ခြင်းကို ဆိုလိုသည်။ ဤအချက်ကို သြစတြေးလျနှင့် ဗီယက်နမ်တို့၏ ပူးတွဲထုတ်ပြန်ချက်တွင် ထင်ဟပ်စေသည်။ ဗီယက်နမ်နှင့် သြစတြေးလျတို့သည် ဒုတိယဝန်ကြီးအဆင့်တွင် နှစ်စဉ် ကာကွယ်ရေးဆိုင်ရာဆွေးနွေးပွဲတစ်ရပ်ကိုတည်ဆောက်ခြင်းဖြင့် ၎င်းတို့၏ အကန့်အသတ်ရှိသည့် ကာကွယ်ရေးမိတ်ဖက်ဆက်ဆံရေးကို တိုးမြှင့်မည်ဖြစ်သည်။ ဤပူးပေါင်းဆောင်ရွက်မှုသည် ထောက်လှမ်းရေးမျှဝေမှု၊ ဆိုက်ဘာလုံခြုံရေး၊ ရေတပ်ဖွဲ့နှင့် ကမ်းခြေစောင့်တပ်ဖွဲ့ပူးပေါင်းဆောင်ရွက်မှုတို့အပြင် တရားမဝင်စည်းကမ်းမဲ့ငါးဖမ်းခြင်းကဲ့သို့သော နယ်ပယ်များတွင် အဓိကထားလုပ်ဆောင်မည်ဖြစ်သည်။ သြစတြေးလျရေတပ်မှ ဗီယက်နမ်သို့ ဆိပ်ကမ်းလည်ပတ်မှုများလည်း ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည်။ ထို့ပြင် သြစတြေးလျနှင့် ဗီယက်နမ်တို့၏ ပူးတွဲကြေညာချက်တွင် ကုလသမဂ္ဂပင်လယ်ဥပဒေဆိုင်ရာသဘောတူစာချုပ် (UNCLOS) ပါ နိုင်ငံအသီးသီး၏ ကတိကဝတ်များကို အတည်ပြုခဲ့သည်။ ဤသည်မှာ အခြားနိုင်ငံများနှင့် အငြင်းပွားနေချိန်တွင် ဗီယက်နမ်က တောင်တရုတ်ပင်လယ်၌ တရုတ်နိုင်ငံ၏လှုပ်ရှားမှုများကို ဖုံးကွယ်ထားကာ ၎င်းအငြင်းပွားမှုတွင် ဗီယက်နမ်ကို သြစတြေးလျကထောက်ခံကြောင်း အချက်ပြနေခြင်းဖြစ်သည်။ ဗီယက်နမ်နှင့် ပိုမိုနီးကပ်သောဆက်ဆံရေးသည် သြစတြေးလျကို ပစိဖိတ်ကျွန်းစုနိုင်ငံများနှင့် အရှေ့တောင်အာရှတွင် သြဇာလွှမ်းမိုးရန် ပြိုင်ဆိုင်မှုကြားတွင် သြစတြေးလျ၏ ရေကြောင်းမဟာဗျူဟာမြောက်နယ်ပယ်ကို ချဲ့ထွင်နိုင်စေမည်ဖြစ်သည်။ သို့သော် ဗီယက်နမ်နှင့် သြစတြေးလျကြား ကာကွယ်ရေးဆိုင်ရာနက်ရှိုင်းသော ပူးပေါင်းဆောင်ရွက်မှုသည် စစ်ရေးမဟာမိတ်အဖြစ် ရောက်ရှိသွားမည်ဖြစ်သည်။

နိဂုံးချုပ်အားဖြင့်ဆိုရလျှင် ဗီယက်နမ်နှင့် သြစတြေးလျ အဆင့်မြှင့်မိတ်ဖက်ဆက်ဆံရေး၏ စီးပွားရေးကဏ္ဍက ဗီယက်နမ်၏ ပတ်ဝန်းကျင်ထိခိုက်မှုမရှိသည့် စွမ်းအင်ရည်မှန်းချက်များအောင်မြင်စေရန် ကူညီပေးမည်ဖြစ်သည်။ သြစတြေးလျသည် အရှေ့တောင်အာရှ၏ တိုးတက်မှုအမြန်ဆုံးဈေးကွက်တစ်ခုသို့ ပိုမိုဝင်ရောက်ခွင့်ရရှိစေမည်ဖြစ်ပြီး ကာကွယ်ရေးဆိုင်ရာ အစိတ်အပိုင်းကလည်း ဒေသတွင်းပင်လယ်ရေကြောင်းလုံခြုံရေးကို မြှင့်တင်ရန်ရည်ရွယ်သည့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ပေးမည်ဖြစ်သည်။ သို့ရာတွင် ၂၀၂၁ ခုနှစ်က သြစတြေးလျ၊ အမေရိကန်၊ ဗြိတိန်တို့ကြား AUKUS လုံခြုံရေးသဘောတူညီချက်အပေါ် အာဆီယံနိုင်ငံတချို့က ကျယ်ပြန့်သည့်ဆန့်ကျင်မှုဖြစ်ပေါ်ခဲ့သည့် သာဓကရှိခဲ့သည်။ သို့ဖြစ်၍ ဗီယက်နမ်နှင့် သြစတြေးလျတို့၏ နှစ်နိုင်ငံအကျိုးတူဆက်ဆံရေးမြှင့်တင်မှုသည် စီးပွားရေးထက် ကာကွယ်ရေးအပေါ် ပို၍အလေးထားလာပါက ဒေသတွင်းအပေါ် သက်ရောက်မှုရှိလာနိုင်ကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။

**ကိုးကား**

- significance australia and vietnams move upgrade relations, worldview.stratfor.com

**နေရှား(သုတေသန)**

# ချစ်လို့စတာပါ ရုပ်ရှင်ဇာတ်ကားကို ဧပြီလတွင် ရုံတင်ပြသမည်




**ရန်ကုန် မတ် ၂၀**

Triple Six ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ချစ်လို့စတာပါ ရုပ်ရှင်ဇာတ်ကားကို ဧပြီလတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ဇော်ဝင်းနိုင်(မန်း)က ပြောပြ၍ သိရသည်။

ချစ်လို့စတာပါ ရုပ်ရှင်ဇာတ်ကားသည် မောင်စိတ္တ၏ဝတ္ထုဇာတ်လမ်းကို ချင်းတွင်းတာရာက ဇာတ်ညွှန်းခွဲထားကာ Triple Six ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ခင်လှိုင်(ညဏ်ကြီးရှင်)က တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားကတော့ အချစ်ဟာသဇာတ်မြူးလေးပါ။ ဇာတ်သဘင်လောကမှာ စင်တင်ပြဇာတ်တွေနဲ့ နာမည်ကြီးခဲ့တဲ့ စာရေးဆရာမောင်စိတ္တရဲ့ နာမည်ကြီးပြဇာတ်တစ်ပုဒ်ကို ရုပ်ရှင်အနေနဲ့ ပြန်လည်အသက်သွင်းထားတာဖြစ်ပါတယ်"ဟု သရုပ်ဆောင် ဇော်ဝင်းနိုင်(မန်း)က ပြောပြသည်။

ချစ်လို့စတာပါ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် မြင့်မြတ်၊ နေရဲ၊ အိချောပို၊ ခင်လှိုင်၊ ဇော်ဝင်းနိုင်(မန်း)၊ စိုးမိုးကြည်၊ ပွင့်နဒီမောင်၊ ရွှေပိုးအိမ်၊ အုံ့မင်းညို၊ ကေညီ၊ မာတ်လင်းနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# တေးရေးဆရာ ကေအေတီ၏သီချင်းများကို အဆိုတော်ခုနစ်ဦးက သီဆိုထားသည့်

# The Best of ကေအေတီ အစီအစဉ် M Entertainment Channel မှထုတ်လွှင့်မည်

**ရန်ကုန် မတ် ၂၀**

တေးရေးဆရာ ကေအေတီ၏ အောင်မြင်ထင်ရှားခဲ့သည့် တေးသီချင်းများကို အဆိုတော်ခုနစ်ဦးက သီဆိုထားသည့် The Best of ကေအေတီ အစီအစဉ်ကို M Entertainment Channel မှ ဧပြီလတွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါအစီအစဉ်၌ ပါဝင်သီဆိုထားသည့် အဆိုတော် ကောင်းကောင်းက ပြောပြ၍ သိရသည်။

The Best of ကေအေတီ အစီအစဉ်တွင် တေးရေးဆရာ ကေအေတီ၏ လူသိများထင်ရှားသည့်တေးသီချင်းကို အဆိုတော်များဖြစ်သည့် နီနီခင်ဇော်၊ ဖြိုးပြည့်စုံ၊ ဂျူဝယ်လ်၊ အောင်ခန့်၊ ကောင်းကောင်း၊ ဇာနည်အောင်၊ ဖေဒါသွေးတို့က သီဆိုဖျော်ဖြေမည့် အစီအစဉ်ဖြစ်ကြောင်း သိရသည်။

"စီစဉ်တာကတော့ M Entertainment Channel က စီစဉ်တာပါ။ သီချင်းတွေကတော့ ဆရာ




ကေအေတီရဲ့ နာမည်ကြီးခဲ့တဲ့ သီချင်းတွေ အဓိကသီဆိုထားတာပါ။ အဟောင်းတွေရော၊ အသစ်တွေရောပါတယ်။ ရှိစီ၊ မျှော်လင့်ခြင်းလေး၊ အိမ်ကိုပြန်ခဲ့တော့၊ အသည်းကွဲသီချင်းသစ်၊ ရင်ခုန်ဘက်သို့တမ်းချင်း စတဲ့သီချင်းတွေပါတယ်။ သီချင်းတွေကတော့ The Heart Of Rangoon-THOR ဘားမှာ ဖေဖော်ဝါရီလတုန်းကလုပ်ခဲ့တဲ့ The Best ကေအေတီ Tribute Night မှာ ဖျော်ဖြေခဲ့တဲ့ သီချင်းတွေအားလုံးနီးပါးကို M Entertainment Channel မှာ ပြန်လွှင့်မယ်လို့ သိရပါတယ်"ဟု အဆိုတော် ကောင်းကောင်းက ပြောပြသည်။

The Best of ကေအေတီ အစီအစဉ်ကို M Entertainment Channel ၏ M Music Night ရုပ်သံအစီအစဉ်မှ တာဝန်ယူထုတ်လုပ်မည်ဖြစ်ကြောင်း သိရသည်။

ASH

# ကဝေ ရုပ်ရှင်ဇာတ်ကား Premiere Show ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံတွင် ပြုလုပ်

**ရန်ကုန် မတ် ၂၀**

လက်ကီးဆဲဗင်းရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးသည့် ကဝေ ရုပ်ရှင်ဇာတ်ကား Premiere Show ကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံတွင် မတ် ၁၉ ရက် ညနေပိုင်းက ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူ ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က ပြောပြ၍ သိရသည်။



ကဝေ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို သတိုးတေဇက ရေးသားထားပြီး ထက်မြတ်နိုင်ဇင်က ဇာတ်ညွှန်းခွဲထားကာ ရိုက်ကွင်းဇာတ်ညွှန်းကို မင်းကိုကို(နတ်သံကွင်း)က ရေးသားထားကြောင်း၊ လပ်ကီးဆဲဗင်းရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"တံငါအလုပ်နဲ့ လုပ်ကိုင်စားသောက်ကြတဲ့ မိသားစုပေါ့။ ကျွန်တော်ရိုက်ကူးနေကျ ကာရိုက်တာတွေနဲ့လဲ မတူဘူး။ တမူထူးခြားတဲ့ဇာတ်ကားလေးပါ။ သရဲကားတွေကို အရင်က ဟာသဆန်ဆန်ရိုက်ခဲ့ပေမဲ့ ဒီဇာတ်ကားမှာတော့ ပရိသတ်ကြည့်ရင် ရသတစ်မျိုးတော့ ခံစားရမှာပါ။ သမားရိုးကျ ဇာတ်လမ်းတွေက ခွဲထွက်လာတဲ့ ထိတ်လန့်ချောက်ချားဖွယ်ရာ ပရလောကနဲ့ ချစ်ခြင်းမေတ္တာ ဇာတ်လမ်းပုံစံကို လွှန်ခဲ့တဲ့ခုနစ်နှစ်လောက်က ဂန့်ဂေါ ဒေသဘက်မှာ ရိုက်ကူးထားတာဖြစ်ပါတယ်"ဟု ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က ပြောပြသည်။

ကဝေ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် မြင့်မြတ်၊ သက်မွန်မြင့်၊ စံပယ်မိုး၊ ခြူးလေး၊ ဇင်မျိုး၊ ကေညီ၊ နေလင်း၊ ရဲလင်းအောင်၊ တင်ဇာဝင်းပြည့်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Wolf Man ထိတ်လန့်သည်းဖိုဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းများ စတင်နေပြီဖြစ်

**နယူးယောက် မတ် ၂၀**

Wolf Man အမည်ရှိ ထိတ်လန့်သည်းဖိုဇာတ်ကားကို ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက စတင်ရိုက်ကူးနေပြီဖြစ်ကြောင်း မတ် ၁၉ ရက် သတင်းများအရ သိရသည်။

Wolf Man ဇာတ်ကား စတင်ရိုက်ကူးနေမှုကို ၎င်းဇာတ်ကား၏ ဒါရိုက်တာ လိဟန်နယ်က လူမှုမီဒီယာစာမျက်နှာ၌ အတည်ပြုထားခြင်းဖြစ်သည်။

Wolf Man ဇာတ်ကားသည် ဝံပုလွေလူသားတစ်ဦး၏ ဘေးအန္တရာယ်နှင့် ရင်ဆိုင်ခဲ့ရသည့် မိသားစုတစ်စု၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားတွင် မင်းသား ခရစ္စတိုဖာအက်ဘော့နှင့် မင်းသမီး ဂျူလီယာဂါနာတို့ ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်သည်။

မင်းသား ခရစ္စတိုဖာအက်ဘော့သည် Wolf Man ဇာတ်ကား၏ အဓိကဇာတ်ကောင်ဖြစ်သော ဝံပုလွေလူသားအဖြစ် ပါဝင်သရုပ်ဆောင်ထားပြီး Wolf Man ဇာတ်ကားကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် ရုံတင်ရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# Oh. What. Fun ဟာသဇာတ်ကားအတွက် မစ်ချဲဖိုင်ဖာနှင့် မိုက်ကယ်ရှိုးဝဲသာတို့ ထပ်မံလက်တွဲမည်

**နယူးယောက် မတ် ၂၀**

Amazon MGM စတူဒီယို၏ Oh. What. Fun အမည်ရှိ ဟာသဇာတ်ကားအတွက် မင်းသမီးမစ်ချဲဖိုင်ဖာနှင့် ဒါရိုက်တာမိုက်ကယ်ရှိုးဝဲသာတို့ ထပ်မံလက်တွဲမည်ဖြစ်ကြောင်း မတ် ၁၉ ရက် သတင်းများအရ သိရသည်။

Oh. What. Fun ဇာတ်ကား၌ မင်းသမီးမစ်ချဲဖိုင်ဖာက အဓိကဇာတ်ကောင်အဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ပြီး မိုက်ကယ်ရှိုးဝဲသာက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Oh. What. Fun ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို မကြာမီကာလအတွင်း Amazon MGM စတူဒီယိုက ကြေညာဖွယ်ရှိသည်။

ဒါရိုက်တာ မိုက်ကယ်ရှိုးဝဲသာနှင့် မင်းသမီး မစ်ချဲဖိုင်ဖာတို့သည် ရုပ်ရှင်ဇာတ်ကား အများအပြားအတွက် လက်တွဲဆောင်ရွက်ခဲ့ဖူးသူများဖြစ်ကြသည်။

အဆိုပါဇာတ်ကား၌ မင်းသမီး မစ်ချဲဖိုင်ဖာသည် ဟာသပါရမီရှိကြောင်း ပြောလိုသည့် ရုပ်ရှင်မင်းသမီးတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# News expressed that Heads of State of global countries including SAC Chairman Prime Minister Senior General Min Aung Hlaing sent congratulatory messages of felicitations to Vladimir Vladimirovich Putin for his victory in presidential election of Russian Federation

**Nay Pyi Taw March 20**

As four presidential candidates competed in the presidential election of the Russian Federation from 15 to 17 March 2024, Vladimir Vladimirovich Putin secured 87.28 per cent, Nikolai Mikhailovich Kharitonov 4.31 per cent, Vladislav Andreevich Davankov 3.85 per cent and Leonid Eduardovich Slutsky 3.20 per cent at a time when the counting of votes completed by 100 per cent. Among them, Vladimir Vladimirovich Putin clearly won over his opponents with an excellent voting result.

Media in the Russian Federation such as TASS news agency, Izvestiya news agency, Moscow-24 news agency, Arguments and Facts daily, Kommersant daily, Krasnaya Vesna news agency and Vedomosti internet news page mentioned the congratulatory messages of felicitations sent by Heads of State from global countries including Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing to election winner Vladimir Vladimirovich Putin on 18 March.

100


ПОЛИТИКА

**Премьер Мьянмы Мин Аун Хлайн поздравил Путина с победой на выборах**

18 Марта 2024, 08:24

Вероника Колесник

ВЫБОРЫ ВЫБОРЫ ПРЕЗИДЕНТА ВЛАДИМИР ПУТИН МЬЯНМА ПОЗДРАВЛЕНИЯ

Фото: REUTERS/ Roscosmos

Премьер-министр Мьянмы Мин Аун Хлайн 18 марта тепло поздравил действующего главу РФ, самовыдвиженца Владимира Путина с убедительной победой на президентских выборах России.

«Победа Владимира Путина свидетельствует о его всенародной поддержке со стороны россиян», — указал премьер перед началом интервью первому заместителю генерального

**Izvestiya news agency portrays photo of Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing.**

*From Page 13*

capital investment and human resources development in encouraging MSMEs and skilled labourers necessary for MSMEs must be nurtured under the TVET programs and skills required to keep up with the times must be developed.

Myanmar's economic development heavily relies on a strong production sector, particularly a well-functioning manufacturing industry. This industry can create high-quality jobs that lift people out of poverty and contribute to overall economic productivity growth.

The role of well-managed MSMEs is crucial for the development of manufacturing activities. To further enhance this sector's contribution, I propose we conduct a comprehensive review of its strengths and weaknesses. This can be achieved through a dedicated work committee. The findings from this committee, along with research conducted by experts and scholars in relevant ministries and associations, will provide valuable data for the government to develop a more effective production sector plan. This meeting presents an ideal platform for initiating such discussions.

Given Myanmar's market economy, fostering a supportive environment for private businesses is essential to ensure they can meet the nation's production needs.To achieve this, relevant ministries, regional governments, agencies, private associations, and central and work committees must collaborate effectively. They should implement existing policy guidelines effectively, work diligently towards developing the MSME sector and openly discuss challenges and areas for improvement identified by the work committee and businesses themselves. This includes analyzing the sector's strengths and weaknesses to inform future strategies.

Next, Work Committee Secretary Deputy Minister for Industry U Yin Maung Nyunt explained preparations for the resolution of the meeting (2/2023) and the committee's ongoing activities.

Then, U Yin Maung Nyunt, Deputy Minister for Planning and Finance Daw Than Than Lin, Deputy Minister for Labour U Win Shein and chief ministers of Kachin, Mon and Shan states submitted and read messages to the work committee.

Work Committee Vice Chairman Union Minister for Planning and Fiance U Win Shein explained financial data and rules regarding loans disbursed to MSMEs.

Work Committee Vice Chairman Union Minister for Industry Dr Charlie Than explained MSME development efforts, implementation of the guidelines and instructions from the SAC Chairman by relevant ministries and government organizations and future tasks.

Then, Work Committee members Union Ministers Dr Kan Zaw, U Hla Moe, U Tun Ohn and Dr Myo Thein Kyaw, Nay Pyi Taw Council Chairman U Than Tun Oo, state/region chief ministers, deputy ministers and officials from organizations reported thier operations for MSME developemnt.

Afterwards, the Vice-Senior General coordinated the discussions and gave a concluding remark.

Later, the Vice-Senior General and party made a tour of the dsplays showing the Industry Ministry's activities and products. 100

# Netanyahu rejects U.S. plea to halt Rafah attack, agrees to talk in Washington

**Jerusalem March 20**

Israeli Prime Minister Benjamin Netanyahu on Tuesday rejected the U.S. call to cancel a ground operation in Rafah city, where about 1.5 million displaced Palestinians resided, but agreed to send a delegation to Washington for discussions.

The White House confirmed in a statement that Netanyahu and U.S. President Joe Biden agreed in a phone call on Monday, that their teams would meet "soon" in Washington to "exchange views and discuss alternative approaches" to a major ground operation in Rafah.

Netanyahu's office said in a statement that the delegation, led by Strategic Affairs Minister Ron Dermer, will be dispatched next week "for the sake of the continuation of the fighting."

Xinhua

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win addresses MSME Development Work Committee meeting 1/2024



Vice-Senior General Soe Win addresses MSME Development Work Committee meeting 1/2024.

**Nay Pyi Taw March 20**

MSME Development Work Committee held meeting 1/2024 at the Ministry of Industry here this afternoon addressed by Work Committee Chairman Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Present were Deputy Prime Minister Union Minister for Planning and Finance U Win Shein and union ministers Dr Kan Zaw, U Hla Moe, Dr Charlie Than, U Tun Ohn, and Dr Myo Thein Kyaw, the Nay Pyi Taw Council chair, deputy ministers, work committee members, and officials or associations. Region/state chief ministers attended the meeting through video conferencing.

The Vice-Senior General said the relevant ministries, organizations, local governments and agencies are implementing the minutes of the committee's third meeting through coordination.

The goal of this fourth meeting is to realize the directives of the SAC Chairman Prime Minister, which are, promotion of farming-based valued added production, sector-wise provision of needs of the production chain, turning products into exports, national economic development through increase in per capita income triggered by production growth, extension of edible oil and dairy products output, and production of skilled labour for human resources development, through collective ideas. The meeting would serve as a driving force for the ministries/organizations and agencies to fully realize the resolutions of the committee and to adopt future work programs

The nation is now striving with earnest efforts for the resurgence of its economy. Encouragement of MSMEs is one of the many priority sectors for economic development. MSME involves businesses all along the production chain starting from the farming production sector. Encouragement of MSMEs will develop the national economy and generate job opportunities for citizens as they serve as the foundation and core of the task.

The SAC has adopted two political goals – to strengthen disciplined and genuine democracy and to build a Union based on democracy and federalism; two national goals – national prosperity and food sufficiency – as the visions of the State. It also adopted the five-point roadmap and nine objectives including three economic objectives to support the visions.

Region-wise farming-based value added goods must be manufactured by using local raw materials of various origins. Priority must be given to export those valued-added goods. Ministries have listed 612 categories of farming-based original products and value-added products in four sectors. The country will be able to increase trade value and income by turning local goods into value-added goods. Exports will earn foreign exchange and increase GDP. Production of marketable value-added goods will generate job opportunities for rural people and develop socio-economy.

If local goods can be turned into exports by adding value to them, the country will be free from depending on exports and stabilize its market. An action plan for 107 kinds of products is under implementation to realize the One Region One Product project proposed by regions and states. Of them, 57 have been chosen as priority goods. In prioritizing 57 of them, connections will be made with the work plan on farming-based products.

It is necessary to offer support for further development and long-term prospects of MSMEs in order to boost the economy of the country in accordance with the economic objectives of the country. Efforts must be made to achieve economic progress by manufacturing many products for the people by MSMEs in respective areas. Therefore, MSMEs are urged to manufacture products based on raw materials that are available in the country with emphasis on fulfilling the needs for security of food, water and basic needs and then value-added products for exports.

The Prime Minister has held 23 meetings with MSMEs entrepreneurs in regions and states to promote them and I have met them five times. During the meetings, it was found that the entrepreneurs reported on their needs in respective sectors including the needs for technology, capital investment, markets, raw materials, machinery and land. essential need. The government has set up funds for economic promotion of the country and development of MSMEs and measures are being taken to provide financial support for MSMEs. When entrepreneurs apply for MSME loans, relevant ministries/organizations and regional agencies are required to cooperate in accordance with the standard procedure and offer MSME loans granted by the government to entrepreneurs who really need them.

To catch up with the changing global economic models today, it can be seen that technologies relating to digital transformation play an important role in economic growth and development of MSMEs. Measures must be adopted and taken for digital transformation of MSME entrepreneurs, linking them to international business networks and enhancement of digital capabilities. For the development of MSMEs, The work committee and respective agencies are required to offer assistance to establish Incubation Centers to promote start-up businesses, to increase the number of entrepreneurs, to boost innovation are required to take measures for development of markets and commodity exchanges in respective areas.

Furthermore, relevant ministries are required to continue to conduct training courses to produce skilled labourers and human resources, which are essential for MSMEs. And It was found that 350 categories of training courses have so far been conducted 4,395 times since January, 2022, and 91,807 trainees have completed the courses and 3,862 trainees are still attending the courses. Continued efforts must be made to nurture more skilled labourers for relevant industries and sectors.

Members of the work committee are urged to report difficulties, advantages and disadvantages in implementing potential products under the OROP Action Plan in respective regions and states, MSME promotion plans, industrial linkage plans, linkages between MSME entrepreneurs and industrial zones and establishing digital corners in MSME exhibition and competitions, all of which were discussed and approved in previous meetings.



Vice-Senior General Soe Win inspects MSME products.

In the reports, two factors are land and capital investment. When value-added products are manufactured from local raw materials, capital investment is the and competitiveness. In the market economic system, as market linkages and market development are the essential lifeblood for survival of MSMEs, relevant agencies

It is necessary to support the foundation MSMEs such as raw materials that can be guaranteed, required inputs, technologies,

*See Page 12*

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အမေရိကန်စစ်ဘက်က Ghost-X မောင်းသူမဲ့လေယာဉ်စနစ်ကို စမ်းသပ်မှုပြုလုပ်



အမေရိကန်စစ်ဘက်သည် ကယ်လီဖိုးနီးယားပြည်နယ် Fort Irwin တပ်မြို့တွင် ဖေဖော်ဝါရီ ၂၃ ရက်မှ ယနေ့ထိ ပြုလုပ်သည့် Project Convergence-Capstone 4 (PC-C4) စီမံကိန်းအတွင်း Ghost-X မောင်းသူမဲ့လေယာဉ်စနစ် (UAS) ကို အကဲဖြတ်ဆန်းစစ်နိုင်ရန် စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြောင်း Army Recognition သတင်းဌာနက မတ် ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Anduril Industries ကုမ္ပဏီက တီထွင်ထားသည့် Ghost-X မောင်းသူမဲ့ လေယာဉ်သည် ကင်းထောက်မှု၊ လုံခြုံရေးနှင့်တပ်ဖွဲ့ဝင်များကို ကာကွယ်စောင့်ရှောက်ရေးမစ်ရှင်လိုအပ်ချက်များ ဖြည့်ဆည်းပေးရန် ဒီဇိုင်းထုတ်ထားသည့် အလိုအလျောက် ပျံသန်းလုပ်ဆောင်နိုင်သော Ghost စီးရီးမောင်းသူမဲ့လေယာဉ်စနစ်များ၏ နောက်ဆုံးပေါ်တိုးတက်ဖွံ့ဖြိုးမှုကို ကိုယ်စားပြုနေသည်။

Ghost-X မောင်းသူမဲ့လေယာဉ်သည် ၎င်း၏သယ်ဆောင်ရလွယ်ကူမှုနှင့် လုပ်ငန်းလည်ပတ်မှုပတ်ဝန်းကျင်အမျိုးမျိုးတွင် ဖြန့်ကြက်အသုံးပြုရလွယ်ကူမှုတို့ကို အသားပေးဖော်ပြခံထားရသည်။ စူးစမ်းလေ့လာရေးရည်မှန်းချက်တာဝန်များ ပေးအပ်နိုင်ရန်အတွက် ဒီဇိုင်းထုတ်လုပ်ထားသည့် အဆိုပါစနစ်ကို ပါးလွှာသောရိုင်ဖယ်သေနတ်အိတ် သို့မဟုတ် နည်းဗျူဟာမြောက် အပေါ့စားအိတ်များဖြင့် သယ်ဆောင်သွားနိုင်ပြီး လက်သုံးပစ္စည်းကိရိယာများမလိုအပ်ဘဲ နှစ်မိနစ်အတွင်း ပျံသန်းမှုအတွက် အော်ပရေတာတစ်ဦးတည်းက တိုက်ပွဲဝင် အသင့်ဖြစ်စေနိုင်စေမည်ဖြစ်သည်။ Ghost-X သည် စိန်ခေါ်မှုရှိသော ရာသီဥတုအခြေအနေများတွင် ပျံသန်းနိုင်စွမ်းကို သရုပ်ပြထားသောကြောင့် ဤအသုံးပြုရလွယ်ကူသောဒီဇိုင်းကို ၎င်း၏ လေထဲတွင် ကြာမြင့်စွာပျံသန်းနိုင်စွမ်းက ထပ်ဆောင်းအားဖြည့်ထားသည်။

အဓိကအရေးပါသော နည်းပညာဗဟိုချက်မသည် အလိုအလျောက်ကိုယ်ပိုင်ပျံသန်း လုပ်ဆောင်နိုင်စွမ်းပင်ဖြစ်သည်။ Onboard Computing နှင့် Computer Vision Algorithms များ ထည့်သွင်းရေးဆွဲထားပြီး Ghost-Xသည် မြေပြင်နှင့်ဝေဟင်ပိုင်နက်ကို အသိဉာဏ်ရှိသော လူသားတစ်ဦးပမာ အရာဝတ္ထုများကိုရှာဖွေထောက်လှမ်း၊ စိစစ်ခွဲခြား၊ ခြေရာခံထိန်းကျောင်းနိုင်စွမ်းရှိမည်ဖြစ်သည်။ အချက်အလက်များ၏ အမြန်နှုန်းနှင့် တိကျမှုသည် အလှည့်အပြောင်းဖြစ်စေနိုင်ရာ နည်းဗျူဟာမြောက်စစ်ဆင်ရေးများအတွက် အလိုအလျောက် တိုက်ပွဲဝင်လုပ်ဆောင်နိုင်စွမ်းသည် အရေးကြီးသည်။

ထို့ပြင် Ghost-X ၏ ထူးခြားသော ဒီဇိုင်းသည် စွယ်စုံရပျံသန်းမှုပုံစံများဖြင့် လေထဲတွင် ပုံမှန်အလျင်နှုန်းနှင့် ပျံဝဲနေနိုင်မှုကို ဟန်ချက်ညီစွာလုပ်ဆောင်နိုင်စေသည်။ အားကောင်းသော Payload စွမ်းရည်နှင့် အသံဆူညံမှု (Acoustic signature) လျော့နည်းမှုတို့နှင့်အတူ Ghost-X သည် မတူကွဲပြားသော ပတ်ဝန်းကျင်အခြေအနေများတွင် ဘက်စုံအသုံးပြုရန် အထူးသင့်လျော်သည်။ ထို့ပြင် ၎င်း၏ Modular ဖွဲ့စည်းပုံဒီဇိုင်းသည် Payload အမျိုးမျိုးတပ်ဆင်ရာတွင် ပြောင်းလွယ်ပြင်လွယ်ဖြစ်စေပြီး မစ်ရှင်အမျိုးမျိုးအတွက် အံဝင်ခွင်ကျဖြစ်စေသည်။

Ghost-X သည် လေထဲတွင် ၇၅ မိနစ်ကြာ ပျံသန်းစစ်ဆင်နိုင်သည်။ အကွာအဝေး ၁၅. ၅ မိုင် (၂၅ ကီလိုမီတာ) ထိ အားပြန်သွင်းရန် သို့မဟုတ် လောင်စာဆီပြန်လည်ဖြည့်တင်းရန်မလိုဘဲ စစ်ဆင်ရေးတာဝန်ထမ်းဆောင်နိုင်သည်။ Payload အလေးချိန်ပေါင် ၂၀ (၉ ကီလိုဂရမ်) တင်ဆောင်နိုင်သည်။ အလေးချိန် ၅၅ ပေါင် (၂၅ ကီလိုဂရမ်) အလေးချိန်ရှိသော ဘက်ထရီနှစ်လုံး တပ်ဆင်ထားချိန်တွင်လည်း သယ်ဆောင်ရလွယ်ကူပြီး စစ်မြေပြင်တွင် လွယ်ကူ၊ လျင်မြန်၊ ထိရောက်စွာ ဖြန့်ကြက်အသုံးပြုနိုင်မည်ဖြစ်သည်။ ဤပေါင်းစပ်မှုသည် Ghost-X ကို ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာအသုံးချပရိုဂရမ်များစွာအတွက် စွယ်စုံရနှင့် အဖိုးတန်ကိရိယာတစ်ခုဖြစ်လာစေသည်။

Project Convergence- Capstone 4 သည် Ghost-X ကဲ့သို့သော နည်းပညာများကို အမေရိကန်ကြည်းတပ်၏ ခေတ်မီအောင်လုပ်ဆောင်နေမှုများနှင့် ဖွဲ့စည်းမှုများတွင် မည်သို့ပေါင်းစည်းနိုင်သည်ကို အကဲဖြတ်ဆန်းစစ်ရန် အရေးကြီးသော အစီအမံတစ်ခုလည်းဖြစ်သည်။

**US Army tests next-gen autonomous Anduril's Ghost-X Unmanned Aircraft System ကို ဘာသာပြန်ဆိုထားပါသည်။**

## UAE နိုင်ငံ Edge Group ကုမ္ပဏီက JENIAH ဂျက်အင်ဂျင်သုံးဒရုန်း ပထမအကြိမ် စမ်းသပ်ပျံသန်းနိုင်ခဲ့

UAE နိုင်ငံ Edge Group ကုမ္ပဏီသည် Abu Dhabi မြို့တော်ရှိ X စမ်းသပ်ရေးကွင်း၌ JENIAH ဂျက်အင်ဂျင်သုံး ဒရုန်း ပထမအကြိမ် စမ်းသပ်ပျံသန်းမှုကို မတ် ၁၅ ရက်က လုပ်ဆောင်နိုင်ခဲ့ကြောင်း Army Recognition သတင်းဌာနက မတ် ၁၅ ရက်တွင် ရေးသားဖော်ပြထားသည်။

စမ်းသပ်မှုအတွင်း တစ်နာရီလျှင် ကီလိုမီတာ ၁၀၅၀ အမြန်နှုန်းဖြင့် ထူးထူးခြားခြားပျံသန်းနိုင်ခဲ့ပြီး မောင်းသူမဲ့ လေယာဉ်၏ အလိုအလျောက်ပျံသန်းလုပ်ဆောင်နိုင်မှုများကိုပါ တွေ့မြင်ခဲ့ရကြောင်း သိရသည်။ ဤဖွံ့ဖြိုးတိုးတက်မှုသည် Edge Group ကုမ္ပဏီကို ဆန်းသစ်တီထွင်ထားသော မောင်းသူမဲ့လေယာဉ်စနစ်များနှင့်အတူ ရှေ့တန်းကျကျပါဝင်လုပ်ဆောင်နိုင်မှုကို ဖော်ပြနေခြင်းဖြစ်ပြီး ခေတ်သစ်စစ်ပွဲများတွင် အဆင့်မြင့်စစ်ဆင်ရေးမဟာဗျူဟာများအတွက် ရှေ့အနာဂတ်အလားအလာများကို တိုးမြှင့်လုပ်ဆောင်နိုင်မှုကို အလေးပေးဖော်ပြနေခြင်းလည်းဖြစ်သည်။

မည်သည့်ဂျက်အင်ဂျင်အမျိုးအစားအသုံးပြုထားသည်ကို ဖော်ပြထားခြင်းမရှိဘဲ ဒရုန်း၏ အမြင့်ဆုံးအလျင်နှုန်းသည် တစ်နာရီလျှင် ကီလိုမီတာ ၁၀၀၀ ထက်ကျော်လွန်၍ ပျံသန်းစစ်ဆင်နိုင်မည်ဖြစ်ပြီး ပုံမှန်အလျင်နှုန်း Mach 0.8 ဖြင့် အလိုအလျောက် ပျံသန်းလုပ်ဆောင်နိုင်စွမ်းရှိကြောင်း သိရသည်။

JENIAH ဒရုန်းသည် လျှို့ဝှက်စစ်ဆင်ရေးများအတွက်ရည်ရွယ်၍ ဒီဇိုင်းထုတ်ထားခြင်းဖြစ်ပြီး ရန်သူ့အစောင့်အကြပ်ထူထပ်သော နယ်မြေများတွင် မြေပြင်တပ်များကို စစ်ကူပေးခြင်းကဲ့သို့ တိုက်ခိုက်ရေးနှင့် ကင်းထောက်ရည်မှန်းချက်တာဝန်များကို ထမ်းဆောင်နိုင်မည်ဖြစ်သလို သီးခြားတာဝန်များလည်း တစ်စင်းတည်းဖြစ်စေ၊ အုပ်ဖွဲ့၍ဖြစ်စေ လုပ်ဆောင်နိုင်မည်ဖြစ်သည်။

ဒရုန်းတွင် ကိုယ်ပိုင်ဆုံးဖြတ်ချက်ချမှတ်လုပ်ဆောင်နိုင်ရန်အတွက် ဉာဏ်ရည်တုနည်းပညာ ထည့်သွင်းအသုံးပြုထားပြီး ဒရုန်းပျံသန်းမှုလမ်းကြောင်းများ ထိန်းကျောင်းလုပ်ဆောင်ခြင်းနှင့် ချေမှုန်းရေးတာဝန်များ အပြီးသတ်ဆောင်ရွက်ခြင်းတို့တွင် AI ၏ အခန်းကဏ္ဍ မည်သို့အသုံးပြုထားသည်ကို အသေးစိတ်ဖော်ပြခဲ့ခြင်းမျိုးတော့မရှိသေးပေ။ သို့သော်လည်း ဉာဏ်ရည်တုနည်းပညာပေါင်းစပ်မှုသည် ပေးအပ်ထားသော ရည်မှန်းချက်တာဝန်များကို တိကျစွာနှင့် ထိရောက်စွာထမ်းဆောင်နိုင်စေရန် ရည်ရွယ်ထားခြင်းဖြစ်သည်။



JENIAH ဒရုန်းသည် အများဆုံးခဲယမ်းသယ်ဆောင်နိုင်မှု အလေးချိန်မှာ ကီလိုဂရမ် ၄၈၀ ဖြစ်သည်။ အမြင့်ပေ ၂၅၀၀၀ ထိပျံသန်း၍ မဟာဗျူဟာမြောက် ပစ်မှတ်များကို တိုက်ပွဲဝင်နိုင်စွမ်း ပိုင်ဆိုင်ထားသည်။

အဆိုပါတိုက်ခိုက်ရေးဒရုန်းကို ပထမဆုံးအကြိမ် အောင်မြင်စွာစမ်းသပ်ပျံသန်းနိုင်ခဲ့ခြင်းသည် လက်နက်ကိုင်တပ်ဖွဲ့များအတွက် မဟာဗျူဟာမြောက်စွမ်းအားစုတစ်ရပ်ကိုဖော်ညွှန်းနေပြီး ဒရုန်း၏မြန်နှုန်းမြင့်အလျင်နှုန်း၊ ရန်သူ့ရေဒါထောက်လှမ်းခံရနိုင်မှုနည်းပါးသော ဒီဇိုင်းတည်ဆောက်မှု (ကိုယ်ပျောက်စွမ်းရည်)နှင့် အသိဉာဏ်တုသုံး ကိုယ်ပိုင်အလိုအလျောက်တိုက်ပွဲဝင်လုပ်ဆောင်နိုင်စွမ်းတို့သည် ကြည်းတပ်၊ ရေတပ်စစ်ဆင်ရေးနည်းဗျူဟာနှင့် မဟာဗျူဟာများအပေါ် ပြန်လည်ပြင်ဆင်သတ်မှတ်ရန် တွန်းအားများပေါ်ပေါက်လာစေခဲ့ပြီလည်းဖြစ်သည်။

**UAE's Edge Group Conducts First Test Flight of the Locally-Made JENIAH Jet-Powered Drone ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# လားရှိုးလေဆိပ်မှ ပြည်တွင်းလေကြောင်းခရီးစဉ်များ မတ် ၁၉ ရက်မှစတင်၍ ပျံသန်းပြေးဆွဲလျက်ရှိ



**လားရှိုး မတ် ၂၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးလေဆိပ်မှ ပြည်တွင်းလေကြောင်းခရီးစဉ်များကို မတ် ၁၉ ရက်မှစတင်၍ ပျံသန်းပြေးဆွဲပေးလျက်ရှိကြောင်း လားရှိုးလေဆိပ်မှ မန်နေဂျာ ဦးမြင့်နိုင်က ပြောပြ၍ သိရသည်။

လားရှိုးလေဆိပ်မှ ပြည်တွင်းလေကြောင်းခရီးစဉ်များ ပျံသန်းပြေးဆွဲခြင်းကို လားရှိုးလေယာဉ်ကွင်း အဆင့်မြှင့်တင်ခြင်းကြောင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှစတင်၍ ရပ်ဆိုင်းထားရှိရာမှ ယခုအခါ ဒေသခံပြည်သူများ ခရီးသွားလာမှု အဆင်ပြေစေရေးအတွက် မတ် ၁၉ ရက်မှစတင်၍ ပြန်လည်ပြေးဆွဲပေးနေကြောင်း သိရသည်။

"လားရှိုးလေဆိပ်ကနေ ပြည်တွင်းလေကြောင်းခရီးစဉ်တွေကို မတ် ၁၉ ရက်မှာ မဂ်လာလေကြောင်းလိုင်းက ရန်ကုန်-လားရှိုး၊ လားရှိုး-ရန်ကုန်ခရီးစဉ်နဲ့ စတင်ပြေးဆွဲပါတယ်။ လက်ရှိ ခရီးစဉ်စာရင်းတွေအရ မြန်မာအမျိုးသားလေကြောင်းလိုင်းနဲ့ မဂ်လာလေကြောင်းလိုင်းက ခရီးသည်တင်လေယာဉ်တွေ ပြေးဆွဲပေးသွားမှာပါ။ မတ်လကုန်မှာတော့ မန်းရတနာပုံ၊ အဲယားသံလွင် လေကြောင်းလိုင်းတွေလဲ ပြေးဆွဲပေးသွားမှာပါ"ဟု မန်နေဂျာ ဦးမြင့်နိုင်က ပြောပြသည်။

လားရှိုးလေဆိပ်မှ ပျံသန်းပြေးဆွဲပေးသွားမည့် လေကြောင်းလိုင်းနှင့် ခရီးစဉ်အလိုက် လက်မှတ်နှုန်းထားများမှာ မဂ်လာလေကြောင်းလိုင်းက မတ် ၂၁ ရက်၊ မတ် ၂၂ ရက်၊ မတ် ၂၄ ရက်၊ မတ် ၂၆ ရက်၊ မတ် ၂၈ ရက်၊ မတ် ၂၉ ရက်တို့တွင် ရန်ကုန်-လားရှိုး၊ လားရှိုး-ရန်ကုန်ခရီးစဉ်များကို ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ပြီး တစ်ဦးလျှင် ငွေကျပ် ၃၃၆၀၀၀ မှ ငွေကျပ် ၃၃၈၀၀၀ ထိ၊ မြန်မာအမျိုးသားလေကြောင်းက မန္တလေး-လားရှိုး၊ လားရှိုး-မန္တလေး ခရီးစဉ်များကို မတ်၂၀ ရက်၊ မတ် ၂၂ ရက်တို့တွင် ပျံသန်းပြေးဆွဲသွားမည်ဖြစ်ပြီး တစ်ဦးလျှင် ငွေကျပ် ၂၄၃၀၀၀ ဖြစ်ကြောင်း၊ သက်ဆိုင်ရာ လေကြောင်းလိုင်းများက နေ့ရက်အလိုက် ပျံသန်းပြေးဆွဲမည့် ခရီးစဉ်များကို ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**

# ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်း ၁၄၀၃၅ ဧက ရိတ်သိမ်းပြီးစီး

**ကျွန်းလှ မတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်း ၁၄၀၃၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ဖေဖော်ဝါရီလမှစတင်၍ ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၄၀၃၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၄ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီက ကျွန်းလှမြို့နယ်မှာ နှမ်း ၁၄၀၃၅ ဧက စိုက်ပျိုးထားတယ်။ လက်ရှိမှာတော့ စိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့လဲ ကောင်းမွန်ကြပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP စနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။



ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကျွန်းလှမြို့နယ်တွင် နှမ်း ၁၄၀၃၃ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၁၄၀၃၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်၌ နှမ်းစိုက်ပျိုးရာတွင် တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP စနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။ (၂၀၆)

# ရေနံချောင်းမြို့နယ် ခြံကန်မြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ရေနံချောင်း မတ် ၂၀**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ စိန်ပန်းပင်ကျေးရွာအုပ်စု ခြံကန်မြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို မတ် ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် တာဝန်ရှိသူများက ခြံကန်မြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံမှု ရှိ၊မရှိတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက လိုအပ်သည်များ မှာကြားသည်။

ခြံကန်မြောက်ကျေးရွာတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၉ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၉၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၅ ဒသမ ၁ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေဝ်လူး**

# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၀-၃-၂၀၂၄

**ဆန်**

| | | |
|---|---|---|
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ဧည့်ဝီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |

**စားဆီ**

| | | |
|---|---|---|
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၀၀၀ |

**စက်သုံးဆီ**

| | | |
|---|---|---|
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၈၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၃၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၇၈၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၉၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

**ဘိလပ်မြေ**

| | | |
|---|---|---|
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |

**သံချောင်း**

| | | |
|---|---|---|
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |

**အိမ်မိုးသွပ်**

| | | |
|---|---|---|
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်ကို ဒုတိယအကြိမ် ဖြည့်စွက်ပြဋ္ဌာန်းချက် ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် ၆၁ / ၂၀၂၄**

၁၃၈၅ ခုနှစ် တပေါင်းလဆန်း ၁၁ ရက်

(၂၀၂၄ ခုနှစ် မတ်လ ၂၀ ရက်)

## ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာပြဋ္ဌာန်းချက်ကို ဒုတိယအကြိမ် ဖြည့်စွက်ပြဋ္ဌာန်းချက် ထုတ်ပြန်ခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပနိုင်ငံများနှင့် ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်ရာ၌ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များအား ဂုဏ်ပြုချီးမြှင့်နိုင်ရန်အလို့ငှာ အောက်ဖော်ပြပါ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၅(က)တွင် "နိုင်ငံတော်သမ္မတသည် ဥပဒေနှင့်အညီ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းပြုနိုင်သည်" ဟုပြဋ္ဌာန်းထားသဖြင့် ၂၀၀၉ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်တွင် ဖြည့်စွက်ပြဋ္ဌာန်းရခြင်းဖြစ်ပါသည်-

(က) **နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတံဆိပ်**

(၁) သီရိဇေယျကျော်တံဆိပ်

(၂) သီရိသိခ်ကျော်တံဆိပ်

(ခ) **နိုင်ငံတကာစစ်ဘက်ပူးပေါင်းဆောင်ရွက်မှုတံဆိပ်**

(၁) သီရိသီဟကျော်တံဆိပ်

(၂) သီရိသူရကျော်တံဆိပ်

၂။ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် ချီးမြှင့်ခံထိုက်သည့် ပုဂ္ဂိုလ်များ၏ အရည်အချင်းသတ်မှတ်ချက်၊ သက်ဆိုင်ရာတံဆိပ်အသီးသီး၏ပုံသဏ္ဍာန်၊ အရွယ်အစား၊ အတိုင်းအတွာ၊ ဖဲကြိုးအရောင်အသွေး၊ တံဆိပ်ပါအမှတ်အသားများ၏ အဓိပ္ပာယ်ဖော်ဆောင်ချက်၊ အဆင့်ဆင့်ထောက်ခံတင်ပြရန် နည်းလမ်း၊ ဂုဏ်ပြုစာလွှာစသည်တို့နှင့် စပ်လျဉ်း၍ ပူးတွဲပါ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်ကို ဒုတိယအကြိမ်ဖြည့်စွက်ပြဋ္ဌာန်းချက်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ နှင့်အညီ ထုတ်ပြန်လိုက်သည်။

**(ပုံ) မင်းအောင်လှိုင်**

**ဗိုလ်ချုပ်မှူးကြီး**

**ဥက္ကဋ္ဌ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၁၉ / ၂၀၂၄)**

၁၃၈၅ ခုနှစ် တပေါင်းလဆန်း ၁၁ ရက်

(၂၀၂၄ ခုနှစ် မတ်လ ၂၀ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင်ပါရှိသော "အလုပ်သမား၊အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "အလုပ်သမားဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ (င)တွင် ပါရှိသော "အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့" ဆိုသည့်စကားရပ်ကို "အလုပ်အကိုင် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင်ပါရှိသော "ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့"ဆိုသည့်စကားရပ်နှင့် ပုဒ်မ ၂၈ ပုဒ်မခွဲ (ဃ)တွင် ပါရှိသော "ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ" ဆိုသည့်စကားရပ်တို့ကို "မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**

**ဗိုလ်ချုပ်မှူးကြီး**

**ဥက္ကဋ္ဌ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၄ ခုနှစ်) ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၄ ခုနှစ်)**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၂၀ / ၂၀၂၄)**

၁၃၈၅ ခုနှစ် တပေါင်းလဆန်း ၁၁ ရက်

(၂၀၂၄ ခုနှစ် မတ်လ ၂၀ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၄ ခုနှစ်)ဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၂၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၈။ မည်သူမဆို ပုဒ်မ ၂၂ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်-

(က) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲ (င)၊ ပုဒ်မခွဲ (စ) သို့မဟုတ် ပုဒ်မခွဲ(ဆ)ပါ အစားအသောက်နှင့်သက်ဆိုင်သည့် ပြစ်မှုဖြစ်ပါက ထိုသူအား တစ်ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်အပြင် အနည်းဆုံးကျပ် သုံးသိန်းမှ အများဆုံး ကျပ်သိန်း ၃၀ ထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (ဇ) သို့မဟုတ် (ဈ)ပါ အစားအသောက်နှင့်သက်ဆိုင်သည့် ပြစ်မှုဖြစ်ပါက ထိုသူအား တစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်ငါးသိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ဂ) တရားရုံးသည် ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကို ဖျက်ဆီးရန် သို့မဟုတ် သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲရန် အမိန့်ချမှတ်ရမည်။"

၃။ အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၂၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၉။ မည်သူမဆို ပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ ထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် တရားရုံးသည် ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကို ဖျက်ဆီးရန် သို့မဟုတ် သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲရန် အမိန့်ချမှတ်ရမည်။"

၄။ အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၃၀ ပါ "ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းထိဖြစ်စေ" ဆိုသည့်စကားရပ်ကို "အနည်းဆုံး ကျပ် သုံးသိန်းမှ အများဆုံး ကျပ်သိန်း ၃၀ ထိ ငွေဒဏ်ဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ထို့ပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်" ဆိုသည့် စကားရပ်ကို "ထို့ပြင် တရားရုံးသည် ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကို ဖျက်ဆီးရန် သို့မဟုတ် သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲရန် အမိန့်ချမှတ်ရမည်။" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၅။ အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၃၁ ပါ "ထောင်ဒဏ် ၃ နှစ်ထိဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ် တစ်သိန်းမှ အများဆုံး ကျပ် သုံးသိန်းထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"ဆိုသည့် စကားရပ်ကို "ငါးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်သိန်း ၃၀ ထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**

**ဗိုလ်ချုပ်မှူးကြီး**

**ဥက္ကဋ္ဌ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများက စုပေါင်းသွေးလှူဒါန်းပြီး နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)သို့ အောက်ဆီဂျင်ဆလင်ဒါများနှင့်ဆက်စပ်ပစ္စည်းများပေးအပ်လှူဒါန်း

**နေပြည်တော် မတ် ၂၀**

၂၀၁၉ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်း ၁၂၀ ဦးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်- ၁၀၀၀)နှင့်အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)တို့၌ စုပေါင်းသွေးလှူဒါန်းကြသည်။



ဂုဏ်ပြုသွေးလှူဒါန်းကြသည့် သွေးလှူရှင် တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲချုပ်နှင့် ရဲအရာရှိကြီးများ၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ဆေးရုံအုပ်ကြီး ပါမောက္ခ ဒေါက်တာရဲမြင့်နှင့် တာဝန်ရှိသူများ၊ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစကားပြောကြားကာ သွေးလှူရှင်များကို အာဟာရဖြည့်စွက်စာများနှင့်အားဆေးများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)သို့ အောက်ဆီဂျင်ဆလင်ဒါများနှင့် ဆက်စပ်ပစ္စည်း အောက်ဆီဂျင်အိုး ၁၄၈ လုံး၊ Flow Meter ၁၅၅ ခု၊ Nasal Plane ၄၉ ခု၊ Face Mask ၆၅ ခု စုစုပေါင်းတန်ဖိုးငွေကျပ် ၅၀၀၃၈၅၀၀ ကို ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ လှူဒါန်းမှုအပေါ် ကျေးဇူးတင်စကား ပြောကြားသည်။

(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ယနေ့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်း ၁၂၀ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြပြီး မတ် ၂၁ ရက်တွင်လည်း နေပြည်တော်(ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ တပ်ဖွဲ့ဝင်နှင့်စာရေးဝန်ထမ်း ၁၄၅ ဦးတို့က ဆက်လက်ဂုဏ်ပြုသွေးလှူဒါန်းကြမည်ဖြစ်ရာ စုစုပေါင်းသွေးလှူဒါန်းမှု ၂၆၆ ဦး ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရုရှား-မြန်မာ နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနများအကြား ၂၀၂၄ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ဥပဒေဆိုင်ရာညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မတ် ၂၀**

ရုရှား-မြန်မာ နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနများအကြား ၂၀၂၄ ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ဥပဒေဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Jasmine ဟိုတယ်၌ ကျင်းပသည်။

အဆိုပါ ရုရှား-မြန်မာ နှစ်နိုင်ငံကာကွယ်ရေး ဝန်ကြီးဌာနများအကြား ၂၀၂၄ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ဥပဒေဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ စစ်ဥပဒေချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဥပဒေရေးရာဌာန ညွှန်ကြားရေးမှူး ရုရှားဖက်ဒရေးရှင်း တပ်မတော်ဥပဒေရေးရာ ဝန်ဆောင်မှုအကြီးအကဲ Mr.Bezbabnov Oleg Gennadievich၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူး Colonel Sergey Semenovich Kur-chenko နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ညှိနှိုင်းဆွေးနွေးပွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ဥပဒေချုပ် ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဥပဒေရေးရာဌာန ညွှန်ကြားရေးမှူး ရုရှားဖက်ဒရေးရှင်း တပ်မတော် ဥပဒေရေးရာ ဝန်ဆောင်မှုအကြီးအကဲ Mr. Bezbabnov Oleg Gennadievic တို့က အဖွင့်အမှာစကားများ အသီးသီး ပြောကြားကြပြီး ရုရှား- မြန်မာ နှစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနများ အကြား ၂၀၂၄ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ဥပဒေဆိုင်ရာများဖြစ်သည့် ရုရှားနိုင်ငံ၏ စစ်ဘက်ဥပဒေစနစ်နှင့် တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ စစ်ဘက်တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးခြင်းများ၊ မေးခွန်းမေးမြန်းခြင်းများ ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ထို့ပြင်ညပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်က Mr. Bezbabnov OlegGennadievich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။



**ရုရှား-မြန်မာ နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနများအကြား ၂၀၂၄ ခုနှစ်အတွင်း အကောင်အထည် ဖော်ဆောင်ရွက်မည့် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ဥပဒေဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပစဉ်။**



**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။**

# (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ထန်းတပင်မြို့နယ် တရားရုံးအဆောက်အအုံသစ် ဖွင့်ပွဲပြုလုပ်

**နေပြည်တော် မတ် ၂၀**

(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အမှတ်(၂) ရပ်ကွက် ဘုရင့်နောင်လမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်ရှိ တရားရုံးအဆောက်အအုံသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ တရားရုံးအဆောက်အအုံသစ်၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်တရားရုံးအဆောက်အအုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။ထို့နောက် အဆိုပါရုံးအစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက အဆောက်အအုံသစ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ မြို့နယ်တရားရုံး တရားသူကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တရားရုံးသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။



ဦးရေ ၁ ဒသမ ၅ သန်းမြောက် ဘုရားဖူးဖြစ်သည့် ဆရာတော် ဦးပညောဘာသနှင့် ဘုရားဖူးအဖွဲ့ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်စဉ်။



ဦးရေ ၁ ဒသမ ၅ သန်းမြောက် ဘုရားဖူးဖြစ်သည့် ဆရာတော် ဦးပညောဘာသအား ဉာဏ်တော် ကိုးလက်မ အမြင့်ရှိသော စကျင်ကျောက်ဖြင့် ထုဆစ်ထားသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပုံတော်တူဆင်းတုတော်တစ်ဆူ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး (၁၂ လက်မ × ၁၈ လက်မ) မှန်ပေါင်သွင်း ဓာတ်ပုံတစ်ပုံတို့ကို တာဝန်ရှိသူတစ်ဦးက အမှတ်တရမွေလက်ဆောင်အဖြစ် ဂုဏ်ပြုဆက်ကပ်စဉ်။

[၂] ရှေ့ဖုံးမှအဆက်

ဘုရားဖူးဦးရေ ၁ ဒသမ ၅ သန်းပြည့်မြောက်သည့် ကံထူးသူတစ်ဦးဖြစ်ကြောင်း သိရသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသူများအနက် ဦးရေ ၁ ဒသမ ၅ သန်းပြည့်မြောက်သူအဖြစ် လာရောက်ဖူးမြော်သည့် ဆရာတော် ဦးပညောဘာသနှင့် ဘုရားဖူးအဖွဲ့ကို ဘုရားကြီးဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ဘုရားကြီးမုခ်ဦးတွင် ကြိုဆိုနှုတ်ဆက်ကြပြီး ယာယီရှင်းလင်းဆောင်၌ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မာရဝိဇယရုပ်ပွားတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများ တည်ထားကိုးကွယ်မှုဆိုင်ရာများနှင့် ဦးရေ ၁ ဒသမ ၅ သန်းမြောက် ဘုရားဖူးဖြစ်လာရသည့် အကြောင်းရင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်အတွင်းရှိ ကျောက်စာရုံစေတီများ၊ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်၊ ဂန္ဓကုဋိတိုက်များ၊ မုစလိန္ဒအိုင်၊ နဂါးရုံဘုရား၊ မာရဝိဇယကျောင်းတော်၊ သုဓမ္မာဇရပ်များကို လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဦးဆောင်ဘုရား ဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှုအရ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဦးရေ ၁ ဒသမ ၅ သန်းမြောက် ဘုရားဖူးဖြစ်သည့် ဆရာတော် ဦးပညောဘာသအား ဉာဏ်တော် ကိုးလက်မ အမြင့်ရှိသော စကျင်ကျောက်ဖြင့် ထုဆစ်ထားသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပုံတော်တူဆင်းတုတော်တစ်ဆူ၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး (၁၂ လက်မ × ၁၈ လက်မ) မှန်ပေါင်သွင်း ဓာတ်ပုံတစ်ပုံတို့ကို အမှတ်တရမွေလက်ဆောင်အဖြစ် ဂုဏ်ပြုဆက်ကပ်ကြောင်း သိရသည်။

မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးသို့ လာရောက် ဖူးမြော်ကြသူများအနက် ဦးရေ ၁ ဒသမ ၅ သန်းပြည့်မြောက်သူ ဘုရားဖူး ဆရာတော်ဦးပညောဘာသ၏ ကြည်နူးပီတိ စကားသံများကိုလည်း ယခုလို ကြားသိရပါတယ်-

"ဘုန်းဘုန်းအနေနဲ့ ဘုရားဖူးလာရင်း အမှတ်မထင် အခုလိုကံထူးခဲ့တဲ့အတွက် အမှတ်တမဲ့ကနေ အမှတ်တရဘဝမှတ်တမ်းတစ်ခုဖြစ်သွားခဲ့ပါတယ်။ ဘုရားကြီးကိုစပြီး အများပြည်သူ ဖူးမြော်ခွင့်ပြုလိုက်ကတည်းက ဖူးမြော်ချင်နေပေမယ့် အကြောင်းကြောင်းကြောင့် မဖူးဖြစ်ခဲ့ပါဘူး။ ဒီနေ့ဆိုရင်လည်း မနက်ပိုင်းကတည်းက လာပြီးဖူးမြော်ဖို့ စီစဉ်ထားတာပါ။ ကိစ္စလေးတစ်ခုပေါ်လာလို့ ညနေပိုင်းမှပဲ ဘုရားကြီးကို အေးအေးလူလူဖူးမြော်မယ်ဆိုပြီး လာခဲ့တာပါ။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ပထမဆုံးအကြိမ် လာရောက်ဖူးမြော်တဲ့အခါမှာပဲ ဘဝမှာပထမဆုံးအမှတ်တရဖြစ်ခဲ့တဲ့အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်။ အခုလိုအမှတ်တရကြုံရတဲ့အတွက် ပိုပြီးတော့ ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ ဝမ်းသာပီတိဖြစ်မိပါတယ်။ အခုလက်ရှိမှာလည်း အနယ်နယ်အရပ်ရပ်က ဘုရားဖူးပြည်သူတွေအများအပြား လာရောက်ဖူးမြော်နေကြတာကို တွေ့ရတဲ့အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်မိသလို နောက်နောင်မှာလည်း ဘုရားဖူးရင်း ဥူးဇင်းလိုပဲ ဘဝအမှတ်တရတွေ ရယူနိုင်ဖို့အတွက်



ဒီဘုရားကြီးကို လာရောက်ဖူးမြော်ကြဖို့ ဖိတ်မန္တက ပြုလိုက်ပါတယ်။"

# (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြင်ဦးလွင်မြို့ရှိ နန္ဒာလမ်းနိုင်လွန်ကတ္တရာအဆင့်မြှင့်တင် လမ်းသစ်ဖွင့်ပွဲ ကျင်းပ



**မန္တလေး မတ် ၂၀**

(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြင်ဦးလွင်မြို့ရှိ နန္ဒာလမ်းနိုင်လွန်ကတ္တရာ အဆင့်မြှင့်တင် လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ရပ်ကွက်ကြီး(၆)ရှိ အဆိုပါလမ်းသစ် မင်္ဂလာမုခ်ဦးရှေ့တွင် ယနေ့နံနက်ပိုင်းကကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ်စိုးမြတ်ထွဋ်နှင့် တပ်နယ်မှ အရာရှိကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ဒေသခံရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာတိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ပြင်ဦးလွင်မြို့ကို ခရီးသွားမြို့တော် စံပြမြို့တော်ဖြစ်စေရေး အလေးထား ဆောင်ရွက်နေပါကြောင်း၊ ယခုဖွင့်လှစ်လိုက်သည့် နန္ဒာလမ်းနိုင်လွန်ကတ္တရာ လမ်းအဆင့်မြှင့်တင် ခင်းကျင်းခြင်းကို တိုင်းဒေသကြီး ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၃၇၈ သန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး အရှည် ၂၆၇၅ ပေ၊ အကျယ် ၂၄ ပေ၊ ၃သုံးလက်မရှိကာ ဂန္ဓမာမြိုင်အဝိုင်းမှ ကန်တော်ကြီးဝင်ပေါက်ထိ ဖောက်လုပ်ထားပြီး တိုင်းရင်းသားကျေးရွာထိရောက်ရှိသည့် ပြင်ဦးလွင်မြို့၏ အဓိကလမ်းမကြီးတစ်ခုဖြစ်ပါကြောင်း၊ ရေရှည်ထိန်းသိမ်းခြင်း လုပ်ငန်းများကို အားလုံးဝိုင်းဝန်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်းက ပြင်ဦးလွင်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အတူ မြို့တွင်းလမ်းများနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ပြင်ဦးလွင်တပ်နယ်မှူးနှင့် တာဝန်ရှိသူများက နန္ဒာလမ်း နိုင်လွန်ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး၍ ဖွင့်ပွဲအမှတ်တရ လက်ဆောင်များပေးအပ်ပြီး လမ်းတစ်လျှောက်ကြည့်ရှုကာ ဒေသခံရပ်မိရပ်ဖများကို ရင်းနှီးစွာလိုက်လံနှုတ်ဆက်၍ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့နှင့် တိုင်းရင်းသားအဖွဲ့တို့ကို ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# လူငယ်ရေးရာဦးစီးဌာနရှိ အရာထမ်း၊ အမှုထမ်းများ ပြည်သူ့စစ်မှုထမ်းဥပဒေကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ရှင်းလင်းပြောကြား

**နေပြည်တော် မတ် ၂၀**

လူငယ်ရေးရာဦးစီးဌာနရှိ အရာထမ်း၊ အမှုထမ်းများ ပြည်သူ့စစ်မှုထမ်းဥပဒေကို ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ရှင်းလင်းပြောကြားခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လူငယ်ရေးရာဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က ဝန်ထမ်းများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် စပ်လျဉ်းသည့် နောက်ခံသမိုင်းများ၊ အခြားနိုင်ငံများတွင် စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ စစ်မှုထမ်းဥပဒေပါ အကြောင်းအရာများတွင် ပါဝင်သည့် အချက်များဖြစ်သည့် စစ်မှုထမ်းရမည့် အသက်အရွယ်များ၊ စစ်မှုထမ်းခြင်းတာဝန်ထမ်းဆောင်ရမည့်ကာလ၊ စစ်မှုထမ်းခြင်းမှ ယာယီရွှေ့ဆိုင်းနိုင်သူများ၊ စစ်မှုထမ်းသူတို့၏ ခံစားခွင့်များ၊ စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည့် ပုဂ္ဂိုလ်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ထဲထဲဝင်ဝင်နားလည်သဘောပေါက်စေရန် ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ဒိုတာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် နိုင်ငံသားတိုင်းတွင်တာဝန်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်များကို သိရှိလိုက်နာဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံသားတိုင်း နိုင်ငံချစ်စိတ် မျိုးချစ်စိတ်ရှိရန်လိုကြောင်းဖြင့် မှာကြားကာ အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ ဆွေးနွေးပွဲကျင်းပ



**နေပြည်တော် မတ် ၂၀**

ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ကော်မရှင်ဥက္ကဋ္ဌအတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်းများနှင့် အမှုထမ်းများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ အရေးပါသည့် နယ်နိမိတ်ကိုပိုင်ဆိုင်ထားပြီး နိုင်ငံ၏လုံခြုံရေးကို နိုင်ငံသားများက တပ်မတော်နှင့်အတူ ပူးပေါင်း၍ ကာကွယ်ထိန်းသိမ်းရန် တာဝန်ရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားတိုင်း ခံစားရမည့် အကျိုးခံစားခွင့်များရှိသကဲ့သို့ ထမ်းဆောင်ရမည့် တာဝန်များကိုလည်း ကျေပွန်ရန်လိုအပ်ကြောင်း၊ ယခုဆွေးနွေးပွဲ ကျင်းပရခြင်းမှာ ဝန်ထမ်းများကို မိမိနိုင်ငံတွင်ပြဋ္ဌာန်းထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ သိရှိစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံကြီးများတွင်လည်း ပြည်သူ့စစ်မှုထမ်းဥပဒေကို လက်တွေ့ကျင့်သုံးလျက်ရှိပါကြောင်း၊ နိုင်ငံနှင့်လူမျိုးကို တိုင်းချစ်ပြည်ချစ်စိတ်နှင့်သာ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ အချို့သတင်းမီဒီယာများက မဟုတ်မမှန်သတင်းများများဖော်ပြလျက်ရှိသည့်အတွက် သတိစွဲကပ်ကြရန်နှင့် ပြည်အင်အားသည် ပြည်တွင်းတွင်သာရှိသည့်အတွက် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကော်မရှင်ရုံး အမြဲတမ်းအတွင်းဝန်က ပြည်သူ့စစ်မှုထမ်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာများကို ပြောကြားသည်။ ထို့နောက်တက်ရောက်လာသည့်ဝန်ထမ်းများ၏ မေးမြန်းမှုများအပေါ် ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင်က ဖြည့်စွက်ဆွေးနွေးဖြေကြားပြီး ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# TNLA အဖွဲ့၏ ဖမ်းဆီးခြင်းခံရပြီး စစ်သင်တန်းတက်ရောက်လိုခြင်းမရှိဘဲ ထွက်ပြေးလွတ်မြောက်လာသည့် ဒေသခံတိုင်းရင်းသားလူငယ်များကိုငင်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်

**နေပြည်တော် မတ် ၂၀**

TNLA အဖွဲ့များသည် ဒေသခံတိုင်းရင်းသားလူငယ်များကို အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်ကာ စစ်သင်တန်းများတက်ရောက်စေပြီး စစ်မှုတာဝန်များထမ်းဆောင်စေခြင်းကြောင့် သောင်းကျန်းသူအဖွဲ့တွင် တာဝန်ထမ်းဆောင်လိုခြင်းမရှိသော တိုင်းရင်းသားလူငယ်များ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။

ထိုသို့TNLA အဖွဲ့၏ ဖမ်းဆီးခြင်းခံရပြီး စစ်သင်တန်းတက်ရောက်လိုခြင်းမရှိဘဲ ထွက်ပြေးလွတ်မြောက်လာသည့် ဒေသခံတိုင်းရင်းသားလူငယ်များကို ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့နေ့လယ်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးတင့်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ထွက်ပြေးလွတ်မြောက်လာသည့် ဒေသခံတိုင်းရင်းသား လူငယ်များနှင့် မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ထို့နောက် တာဝန်ရှိသူများက ဒေသခံတိုင်းရင်းသားလူငယ် သုံးဦးကို တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းစီ ထောက်ပံ့ပေးအပ်ရာ တိုင်းရင်းသားလူငယ်များက အသီးသီးလက်ခံရယူကြပြီး ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံပေးခဲ့ရာ မိဘအုပ်ထိန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒေသခံတိုင်းရင်းသားလူငယ်များကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးတင့် TNLA အဖွဲ့၏ ဖမ်းဆီးခြင်းခံရပြီး စစ်သင်တန်း တက်ရောက်လိုခြင်း မရှိဘဲ ထွက်ပြေးလွတ်မြောက်လာသည့် ဒေသခံတိုင်းရင်းသားလူငယ်တစ်ဦးကို ထောက်ပံ့ငွေများ ပေးအပ်စဉ်။

# ဘူးသီးတောင်မြို့ရှိ ရပ်ကွက်၊ ကျေးရွာများမှ ဘင်္ဂါလီလူမျိုးများက ရခိုင်ပြည်နယ်ရှိ မြို့ရွာများအတွင်း တိုက်ပွဲဖော်ဆောင်နေသော AA အကြမ်းဖက်သောင်းကျန်းသူများအား အလိုမရှိဟု ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်

**နေပြည်တော် မတ် ၂၀**

ရခိုင်ပြည်နယ်အတွင်း ဒေသကောင်းစားရေးဟုသုံးနှုန်း၍ အမှန်တကယ်တွင် အဖျက်အမှောင့်လုပ်ရပ်များကိုသာ စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိသည့် AA အကြမ်းဖက်သောင်းကျန်းသူများသည် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့်ဒေသခံများ၏လူမှုစီးပွားဘဝများ ပျက်စီးဆုံးရှုံးစေရန် ရည်ရွယ်၍ စစ်ရေးပစ်မှတ်မဟုတ်သည့် ပြည်သူများနေထိုင်ရာ မြို့ရွာရပ်ကွက်များကို တိုက်ပွဲများဖော်ဆောင်ခြင်း၊သာသနိကအဆောက်အအုံများနှင့် စာသင်ကျောင်းများအတွင်းသို့ Drop Bombများဖြင့် ပစ်ချတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းစသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသောကြောင့်၎င်းတို့၏လုပ်ရပ်များအား ဒေသခံပြည်သူများအနေဖြင့် လုံးဝလက်ခံနိုင်မှုမရှိဘဲ ပြင်းပြင်းထန်ထန်ကန့်ကွက်ရှုတ်ချလျက်ရှိသည်။

ထိုသို့ကန့်ကွက်ရှုတ်ချလျက်ရှိရာ မတ် ၁၉ ရက် ညနေ ၃ နာရီခန့်တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ရှိ ရပ်ကွက်၊ ကျေးရွာများမှဒေသတည်ငြိမ်အေးချမ်းရေးကိုလိုလားသည့်ဘင်္ဂါလီလူမျိုးအင်အား ၂၀၀၀ ကျော်သည် အဆိုပါမြို့ရှိအမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှေ့၌ စုဝေးပြီး ၎င်းစုရပ်နေရာမှ မေယုလမ်းမကြီး-နတ်ပင်ရင်းလမ်းဆုံ-ဦးဥတ္တမလမ်းနှင့်နာရီစင်လမ်းဆုံအတိုင်း ငြိမ်းချမ်းစွာစီတန်းလှည့်လည်ချီတက်၍ ဆန္ဒဖော်ထုတ်ကြကာ ညနေ ၆ နာရီခန့်တွင် အေးချမ်းစွာလူစုခွဲခဲ့ကြသည်။

ချီတက်ရာလမ်းတစ်လျှောက်တွင် "AA အလိုမရှိ၊ တိုက်ပွဲအလိုမရှိ၊ ဘူးသီးတောင်မြို့ကိုကာကွယ်ကြ၊ ကျွန်ုပ်တို့သည် ပြည်တွင်းစစ်ကိုမလိုလားပါ၊ ဒီနေရာတွင် မည်သည့်စစ်ပွဲမှမပြုလုပ်ရ"စသည့် ကြွေးကြော်သံများကို မြန်မာ၊ ဘင်္ဂါလီ နှစ်ဘာသာဖြင့် သံပြိုင်ကြွေးကြော်ခဲ့ကြပြီး ဆန္ဒထုတ်ဖော်ပွဲကို အောင်မြင်စွာကျင်းပခဲ့ကြကြောင်း သတင်းရရှိသည်။





ဘူးသီးတောင်မြို့ရှိ ရပ်ကွက်၊ ကျေးရွာများမှ ဘင်္ဂါလီလူမျိုးများက ရခိုင်ပြည်နယ်ရှိ မြို့ရွာများအတွင်း တိုက်ပွဲဖော်ဆောင်နေသော AA အကြမ်းဖက်သောင်းကျန်းသူများအား အလိုမရှိဟု ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်စဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း နယ်မြေခံ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

# ခိုလမ်မြို့ မက်မွန်လောင်းကျေးရွာရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ မက်မွန်လောင်းကျေးရွာရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အောင်ချမ်းသာမဝ္ဗိမာန်တော်ဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ဒေသခံပြည်သူ ၁၀၀ ဦးကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါဘုန်းတော်ကြီးကျောင်း ဆရာတော်အား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၂၀**

ဒေသတွင်းစားရေရိက္ခာဖူလုံစေရန်နှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊တပ်ရင်း၊တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် စံပြဘက်စုံစိုက်ပျိုးမွေးမြူရေးခြံရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးလိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက် တိုင်းစစ်ဌာနချုပ် စံပြဘက်စုံစိုက်ပျိုးမွေးမြူရေးခြံရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

# မော်လမြိုင်ကျွန်းမြို့နယ် ဝါးနက်ချောင်းကျေးရွာ၌ ကွန်ကရစ်တံတားတည်ဆောက်ပြီးစီးမှု စစ်ဆေး

**မော်လမြိုင်ကျွန်း မတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) ရန်ပုံငွေဖြင့် ဝါးနက်ချောင်းကျေးရွာအုပ်စု ဝါးနက်ချောင်းကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာ၌ မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်နိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဝါးနက်ချောင်းကျေးရွာ၌ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်နိုင်က ဆောင်ရွက်ပြီးကွန်ကရစ်တံတားကို အကျိုးရှိစွာ တန်ဖိုးထားအသုံးပြုကြရန်နှင့် ရေရှည်အသုံးပြုနိုင်ရန် ပြုပြင်ထိန်းသိမ်းရမည့်နည်းလမ်းများကို ဆွေးနွေးမှာကြားခဲ့သည်။

ဝါးနက်ချောင်းကျေးရွာ၌ တံတားအရှည် ၇၅ ပေ၊ အကျယ် ရှစ်ပေ၊ အမြင့် ၂၀ ပေရှိ ကွန်ကရစ်တံတားတည်ဆောက်ခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင် ငွေကျပ် ၁၈ ဒသမ ၄ သန်း စုစုပေါင်းကျပ် ၃၃ ဒသမ ၄ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် ဩဂုတ်လ စတုတ္ထပတ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် ဝါးနက်ချောင်းကျေးရွာရှိ အိမ်ထောင်စု ၁၇၉ စုမှ လူ ၆၈၉ ဦးတို့အပြင် တံခွန်တိုင်ကြီး၊ တံခွန်တိုင်လေး၊ ငှက်တော်၊ဘုရားချောင်း၊ကျွဲတလင်းကျေးရွာမှ ပြည်သူများရာသီမရွေးအသုံးပြုနိုင်ပြီဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**တေဇလင်း**

# အကြမ်းဖက်သောင်းကျန်းသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက နည်းလမ်းမျိုးစုံဖြင့် ခြိမ်းခြောက်နှောင့်ယှက်လျက်ရှိသဖြင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့် ဆုံးရှုံးခဲ့သူများအတွက် အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးမည်

၁။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် Grade 12 ကျောင်းသား၊ ကျောင်းသူများသည် တက္ကသိုလ်ဝင်စာမေးပွဲများကို မတ် ၁၁ ရက်မှစတင်၍ မတ် ၁၉ ရက်ထိ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၏ စာစစ်ဌာနအသီးသီးတွင် ဖြေဆိုခဲ့ပြီးဖြစ်ပါသည်။ သို့ရာတွင် အကြမ်းဖက်သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက နည်းလမ်းမျိုးစုံဖြင့် ခြိမ်းခြောက်နှောင့်ယှက်လျက်ရှိသော ဒေသအချို့ရှိ ကျောင်းသား၊ ကျောင်းသူများသည် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် အခွင့်အရေးဆုံးရှုံးခဲ့ကြသည်။

၂။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းသား၊ကျောင်းသူများ၏ ပညာရေးအခွင့်အလမ်းမဆုံးရှုံးစေရန်အတွက် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် မှတ်ပုံတင်ထားပြီးဖြစ်သော်လည်း လုံခြုံရေးအခြေအနေအရ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်မရခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအတွက် အထူးအစီအစဉ်တစ်ရပ်ဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ပံ့ပိုးကူညီပေးမှုနှင့် သတ်မှတ်ထားသည့် အခြေခံပညာကျောင်းများရှိ စာစစ်ဌာနများသို့ ကျောင်းသား၊ ကျောင်းသူများကို စုစည်းခေါ်ယူ၍ စာမေးပွဲဖြေဆိုစေခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ ဖြေဆိုမည့် နေ့ရက်နှင့် စာစစ်ဌာနများကို ထပ်မံထုတ်ပြန်သွားမည်ဖြစ်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

# ရေဦးမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကုလားပဲ ၃၅၂ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**ရေဦး မတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကုလားပဲ ၃၅၂၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးထားသော ကုလားပဲစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ကုလားပဲ ၃၅၂၈ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၄ ဒသမ ၃၈ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ရေဦးမြို့နယ်အတွင်း ကုလားပဲ ၉၃၅၃ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ ကုလားပဲတွေကို ပြန်လည်ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ကုလားပဲ ၃၅၂၈ ဧက ရိတ်သိမ်းပြီးပါပြီ။ ပဲမျိုးစုံစိုက်ပျိုးရာမှာ အများဆုံးကတော့ ကုလားပဲစိုက်တာများပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးလုပ်ငန်းတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၉၇၆၅ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလထိစိုက်ပျိုးခဲ့ရာ ၉၃၅၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း(၈)နှင့် ရေဆင်း(၁၁)မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲတစ်ဧကစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော်ကုန်ကျကြောင်း သိရသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက်လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးလုပ်ငန်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **(၂၀၆)**



# ကလေးမြို့တွင် အကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပြည်သူများ ထိခိုက်သေဆုံးလျက်ရှိသည်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့်ဟု မဟုတ်မမှန် စွပ်စွဲရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ စမ်းမြို့ရပ်ကွက်တွင် မတ် ၁၈ ရက် နံနက်ပိုင်းက ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ ဆိုက်တွဲမောင်းနှင်လာသော သားအဖနှစ်ဦး ပွဲချင်းပြီး သေဆုံးခဲ့သည့်သတင်းနှင့် ပတ်သက်၍ လတ်တလော ကလေးမြို့ပေါ်ရှိ ရပ်ကွက်များတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်နက်ကြီး ကျရောက်ပေါက်ကွဲမှုကြောင့် ပြည်သူများထိခိုက်သေဆုံးမှုများပြားလာကြောင်း အထင်အမြင်လွဲမှားဖွယ် သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက တစ်ဖက်သတ် စွပ်စွဲရေးသားထားသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ဒေသခံပြည်သူတစ်ဦး၏ ပြောကြားချက်အရ မတ် ၁၈ ရက်နံနက်ပိုင်းက စမ်းမြို့ရပ်ကွက် KBZ ဘဏ်ခွဲ(၂) ရှေ့တွင် PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး ဆိုက်တွဲမောင်းနှင်လာသည့် သားအဖနှစ်ဦး ပွဲချင်းပြီး သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် ပြည်သူများကို သတင်းမှန်များ အချိန်နှင့်တစ်ပြေးညီသိရှိစေရန် ရေးသားထုတ်လွှင့်ခြင်းမရှိဘဲ သတင်းတုသတင်းမှားများဖြင့်သာ သတင်းအဆိပ်ခတ်လျက်ရှိပြီး နိုင်ငံတွင်းတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေမည့် တစ်ဖက်သတ်စွပ်စွဲရေးသားချက်များကိုသာ ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




# ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအချို့တွင် စစ်မှုထမ်းစာရင်းများကောက်ခံရာတွင် အမျိုးသမီးများကိုပါ ကောက်ခံလျက်ရှိကြောင်း ကောလာဟလ သတင်းတုသတင်းမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် မတ် ၂၀**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အတွင်းရှိ ရပ်ကွက်၊ကျေးရွာ အချို့တွင် စစ်မှုထမ်းစာရင်းများ ကောက်ခံရာတွင် အမျိုးသမီးများကိုပါ ကောက်ခံလျက်ရှိကြောင်း ကောလာဟလ သတင်းတုသတင်းမှားများကို ပြည်သူများ စိုးရိမ်စိတ်များဖြစ်ပေါ်စေရန် တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာမြို့နယ် အုပ်ချုပ်ရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေး လုပ်ငန်းများကို ရပ်ကွက်၊ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်၍ အသိပညာပေး ဆွေးနွေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ပြည်သူအများ သိရှိနိုင်စေရေးအတွက် စနစ်တကျလုပ်ဆောင်ပေးလျက်ရှိကြောင်းနှင့် အမျိုးသမီးများ ပြည်သူ့စစ်မှုထမ်းဥပဒေကို စတင်အကောင်အထည်ဖော်ရာ၌ လတ်တလောတွင် အမျိုးသမီးများကို စစ်မှုထမ်းရန်အတွက်ခေါ်ယူရန် အစီအစဉ် မရှိသေးကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိရှိလိုသည်များကို https:/mod.gov.mm/node/74 တွင် လေ့လာနိုင်ကြောင်းတို့ကို Mobileဖုန်းများသို့ SMS (စာတိုပေးပို့ခြင်း)ဝန်ဆောင်မှုများဖြင့် အများပြည်သူထံသို့ပေးပို့ အသိပေးခြင်း ဆောင်ရွက်ခဲ့ပြီးဖြစ်သော်လည်း တရားမဝင်ပြည်ဖျက်မီဒီယာများက အရှက်ဂုဏ်သိက္ခာကင်းမဲ့စွာ လုပ်ကြံဖန်တီးရေးသားနေခြင်းသာ ဖြစ်ကြောင်း သိရှိရသည်။

စစ်မှုထမ်းဆိုင်ရာနှင့် ပတ်သက်၍ လူအချို့က ငွေတောင်း၍ လိမ်လည်မှုပြုလုပ်လျက်ရှိကြောင်း သိရှိရပြီး ပြည်သူများအနေဖြင့် လိမ်လည်မှုများမှ ရှောင်ရှားနိုင်ရန်နှင့် အခြေအမြစ်မရှိသည့် သတင်းမှားများကြောင့် လူငယ်လူရွယ်များ လမ်းမှားမရောက်စေရန်အတွက် စစ်မှုထမ်းဆိုင်ရာ သတင်းများ သိရှိနားလည်စေရေး နိုင်ငံပိုင်မီဒီယာများ၊ စစ်မှုထမ်းဆိုင်ရာအသိပညာပေးသတင်းများကို စဉ်ဆက်မပြတ် ထုတ်လွှင့်အသိပေးလျက်ရှိကြောင်း https:/mod.gov.mm/node/74 တို့တွင်လည်း ဝင်ရောက်လေ့လာနိုင်ကြောင်း သတင်းရရှိသည်။

# ပြည်သူ့စစ်မှုထမ်းဥပဒေကြောင့် နယ်စပ်နှင့်ပြည်ပသို့ ထွက်ခွာသူများပြားနေကြောင်း ကောလာဟလသတင်းမှားများကို ဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၂၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်ကြောင်းသတ်မှတ်သည့် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ခဲ့သည့်အတွက် ပြည်သူများ နယ်စပ်နှင့်ပြည်ပများသို့ ထွက်ခွာသူများပြားနေကြောင်း ကောလာဟလ သတင်းမှားများကို ပြည်ဖျက် NUG အဖွဲ့မှပြည်သူများကို ထင်ယောင်ထင်မှားဖြစ်စေရန်အတွက် ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ ကောလာဟလသတင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် အလို့ငှာ နိုင်ငံသူ၊ နိုင်ငံသားတိုင်းစစ်ပညာသင်ကြားတတ်မြောက်ပြီး နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ကြမည်ကိုပြည်ဖျက် NUG အဖွဲ့မှ မနာလိုမရှုဆိတ်ဖြင့် အဖျက်သဘောဆောင်ကာ နိုင်ငံသူ၊ နိုင်ငံသားများ၏ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များကို မဟုတ်မမှန် ကောလာဟလသတင်းများဖြင့် ထင်ယောင်ထင်မှားဖြစ်စေရန်လည်းကောင်း၊ အကြမ်းဖက်အဖွဲ့အစည်းများသို့ လူငယ်လူရွယ်များ ဝင်ရောက်လာစေရန် စည်းရုံးသိမ်းသွင်းနေခြင်းသာဖြစ်သည်။

ထို့ပြင် အကြမ်းဖက်အဖွဲ့အစည်းများကလည်း တောမီးလောင်တောကြောင် လက်ခမောင်းခတ်ဆိုသကဲ့သို့ နိုင်ငံရေးသဘောထားကွဲလွဲမှုများကြောင့် ဖြစ်ပေါ်နေသည့် ပဋိပက္ခများကိုအခွင့်ကောင်းယူ၍ ပြည်သူများကိုဒလန်ဟုစွပ်စွဲ၍ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ နေအိမ်များကိုမီးရှို့ဖျက်ဆီးခြင်းနှင့် အများပြည်သူ အသုံးပြုသွားလာနေသည့် လမ်းများပေါ်တွင် မိုင်းထောင်ထားရှိခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များဖြင့် ပြုမူလုပ်ဆောင်လျက်ရှိရာ ယခုအခါတွင်လည်း နိုင်ငံ့ဝန်ထမ်းများ၊အုပ်ချုပ်ရေးတာဝန်ရှိသူများဖြစ်ကြသည့် သက်ဆိုင်ရာ စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များမှ တာဝန်ရှိသူများကို ခြိမ်းခြောက်အကျပ်ကိုင်လျက်ရှိသည်။







ထို့ကြောင့် တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်အဖွဲ့အစည်းများသည် နိုင်ငံသူ၊ နိုင်ငံသားများ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားတတ်မြောက်မှုမရှိစေရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ခြင်းမရှိစေရန် လုပ်ကြံသတင်းများ၊ ကောလာဟလသတင်းများကို ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ ဝါဒဖြန့်ဝေလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သတင်းအချက်အလက်များကို နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့်စစ်မှုထမ်းဆိုင်ရာ အသိပညာပေးသတင်းများ၊ထုတ်လွှင့်ချက်များကို စဉ်ဆက်မပြတ် ထုတ်လွှင့်အသိပေးလျက်ရှိပြီး https:/mod.gov.mm/node/74 တို့တွင်လည်း ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၂၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မတ် ၁၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "မစပယ်" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (က)ရပ်ကွက်နေ သန်းသန်းဝင်းအား နံနက် ၉ နာရီ မိနစ် ၂၀တွင်လည်းကောင်း၊ ၎င်း၏သားဖြစ်သူ "ကိုမျိုးမျိုး" Facebookအကောင့်ပိုင်ရှင်ဖြစ်သူ ဟိဏ်းထက်အား နံနက် ၉ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ "Lu Soe Lay" Facebookအကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ပန်းဘဲတန်းရပ်ကွက်နေ လှပိုင်(ခ)အာကာမိုးအား နံနက် ၉ နာရီခွဲတွင်လည်းကောင်း၊ "လေလွင့်ငှက်ငယ်" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ အမှတ်(၂)ရပ်ကွက်နေ ထင်လင်းအောင်အား ညနေ ၅ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်းမိဘပြည်သူများသိရှိနိုင်ရေးအသိပေးသတင်းထုတ်ပြန်အပ်ပါသည်။



# ခွဲခွာခြင်း၏အားမာန်

မေခြူးသွယ်(တွံတေးမြေ)

(၁)

"ကိုမင်းခန့်။ ရှင် ဟိုအလုပ်တွေပြန်လုပ်နေတာလား"

ဇနီးဖြစ်သူ ကြည်ပြာ၏ မေးခွန်းကြောင့် မင်းခန့်ကိုကို နံနက်စာ စားနေရာမှ ဇနီးဖြစ်သူကို အလိုမကျစွာ ကြည့်လိုက်မိသည်။ ထိုသို့ကြည့်ပြီး ရေနွေးကြမ်းတစ်ခွက်ကို မော့သောက်လိုက်ပြီး-

"ငါ ဘာအလုပ်လုပ်ပါစေ မင်း ဝမ်းဝပြီး ခါးလှရင် ရပြီမဟုတ်လား။ ဘာတွေစပ်စုနေတာလဲ"

မင်းခန့်ကိုကို ပြောလိုက်သောစကားကြောင့် ကြည်ပြာ ရင်တွင်းဝမ်းနည်းစိတ်တို့ လှိုက်တက်လာရသည်။ ကြည်ပြာသည် ချစ်သူမျက်နှာ တစ်ကမ္ဘာထင်၍ မိဘများသဘောမတူကြသည်ကို ဥပေက္ခာပြုကာ မင်းခန့်ကိုကိုနောက်ကိုလိုက်လာပြီး မင်းခန့်ကိုကိုနှင့် လက်ထပ်ခဲ့၏။ မင်းခန့်ကိုကို ကို ချစ်လွန်း၍ မင်းခန့်ကိုကို တစ်ယောက် ဥပဒေနှင့် မလွတ်ကင်းသည့် မူးယစ်ဆေးဝါးရောင်းဝယ်ခြင်းအလုပ်ကို လုပ်ကိုင်နေသည်ကိုပင် မသိသလို နေပေးခဲ့၏။ ထိုသို့ နေပေးခဲ့ခြင်းသည် ကြည်ပြာကို ဝရမ်းပြေးတစ်ဦး၏ ဇနီးဖြစ်စေခဲ့သည်။ အချစ်ကို ဘဝဟုထင်နေသော ကြည်ပြာအတွက် ထိုကဲ့သို့ နေရသည်ကိုပင် ခင်ပွန်းအပေါ် စိတ်ကွက်ခဲ့ခြင်းမရှိခဲ့ပေ။

သို့သော် အချိန်ကြာလာသည့်အခါ ကြည်ပြာ၏စိတ်တို့ ပြောင်းလဲလာခဲ့သည်။ ထိုသို့ ပြောင်းလဲလာရခြင်းသည် ကြည်ပြာတစ်ယောက် မင်းခန့်ကိုကို၏ ရင်သွေးကို လွယ်ထားရသောကြောင့်ဖြစ်သည်။

(၂)

"အစ်ကို ကြည်ပြာ့မှာ အစ်ကိုရဲ့ ရင်သွေးလေး ရှိနေပြီ"

ကြည်ပြာထံမှ ကြားလိုက်ရသည့်စကားကြောင့် မင်းခန့်ကိုကို တစ်ယောက် အံ့ဩသွားရသည်။

"ကြည်ပြာ ကြည်ပြာ့မှာ တကယ် ကိုယ်ဝန်ရှိနေတာလား"

"ဟုတ်တယ် အစ်ကို"

ကြည်ပြာခေါင်းညိတ်ပြသည့်အခါ မင်းခန့်ကိုကို ရင်ထဲတွင် ဖြစ်ပေါ်လာသော ကြည်နူးပျော်ရွှင်မှုတို့သည် အသွေးအသားထဲထိ စီးဆင်းလာခဲ့သည်။ သူ့ဘဝတွင် ဖခင်တစ်ဦးဖြစ်ပြီဟူသော ခံစားချက်က လွန်စွာကြည်နူးစရာကောင်းနေ၏။

သူ၏ ချစ်လှစွာသော ဇနီးသည်လေးကို သူ ရင်ခွင်မှာ တင်းကျပ်စွာပွေ့ဖက်ရင်း-

"ကျေးဇူး ကျေးဇူးတင်ပါတယ် ကြည်ပြာရယ်။ အစ်ကို အလုပ်တွေ အရင်ကထက် ပိုကြိုးစားလုပ်ပါ့မယ်ကွာ"

မင်းခန့်ကိုကို၏ ကတိပေးစကားကြောင့် ကြည်ပြာက ခင်ပွန်းဖြစ်သူ၏လက်နှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်ပြီး တစ်စုံတစ်ခုကို ပြောရန်အားယူနေ၏။ လက်နှစ်ဖက်ကို ဖိဆုပ်ကာ သူ့ကိုစကားပြောရန် အားယူနေသည့် ကြည်ပြာကို မင်းခန့်ကိုကို စူးစိုက်ကြည့်လိုက်ပြီး-

"အစ်ကို့ကို ပြောစရာရှိလို့လား ကြည်ပြာ"

ကြည်ပြာ ခေါင်းညိတ်ပြကာ မင်းခန့်ကိုကို ကို မဝံ့မရဲကြည့်လိုက်မိသည်။

"အစ်ကို မူးယစ်ဆေးဝါးရောင်းတဲ့အလုပ်ကို မလုပ်ပါနဲ့တော့လားဟင်"

ချစ်ဇနီး၏ မဝံ့မရဲဆိုလာသောစကားကြောင့် မင်းခန့်ကိုကိုတစ်ယောက် သက်ပြင်းချလိုက်ပြီး-

"ကြည်ပြာက အစ်ကို့ကို ဒီအလုပ်တွေ မလုပ်စေချင်တော့ဘူးလား"

"ဖြစ်နိုင်ရင် အစ်ကို့ကို ကြည်ပြာ မူးယစ်ဆေးဝါးရောင်းတဲ့အလုပ်ကိုမလုပ်စေချင်တော့ဘူး။ ကြည်ပြာတို့ မရှိအတူ၊ ရှိအတူဘဝနဲ့ပဲ အေးအေးဆေးဆေး ဖြတ်သန်းချင်တယ် အစ်ကိုရယ်။ အခုဆို ကြည်ပြာတို့မှာ ရင်သွေးလေး ရှိလာပြီ။ ရင်သွေးလေး မွေးလာရင် သူ့အဖေက ဒုစရိုက်လောကထဲကဆိုပြီး မျက်နှာငယ်ရမှာ အစ်ကို စိတ်မပူဘူးလားဟင်။ ကြည်ပြာတော့ စိုးရိမ်မိတယ် အစ်ကိုရယ်"

ချစ်ဇနီး၏ တောင်းဆိုလာသော စကားသံတချို့သည် မင်းခန့်ကိုကို၏ အသိစိတ်တချို့ကို ဖြစ်ပေါ်စေခဲ့သည်။ ထို့ကြောင့်ပင် ဇနီးဖြစ်သူကို သူ"မကောင်းသည့် အလုပ်တွေ မလုပ်တော့ပါဘူး" ဟု ကတိပေးခဲ့သည်။

(၃)

မင်းခန့်ကိုကိုတစ်ယောက် မူးယစ်ဆေးဝါးရောင်းသည့်အလုပ်ကို ကြည်ပြာကိုယ်ဝန်ရှိစဉ်ကတည်းက မလုပ်တော့ပေ။ ကြည်ပြာမွေးဖွားခါနီး သုံးလအလိုတွင် သူ့ဒုစရိုက်လောကထဲသို့ တစ်ကျော့ပြန်ရောက်ခဲ့သည်။ ထို့ကြောင့် ဇနီးဖြစ်သူကို သူ မကောင်းသည့်အလုပ်ပြန်လုပ်ခြင်းနှင့်ပတ်သက်၍ ဘာတစ်ခုမှ ရှင်းပြပြောပြမည် မဟုတ်ပေ။ အဆင်မပြေဘူးပြောလျှင် ကြည်ပြာသည် သူ့မိဘများထံမှ ငွေကိုလက်ဖြန့်တောင်းပေလိမ့်မည်။ အစကတည်းက သဘောမတူသော မိဘများထံတွင်လည်း လက်ဖြန့်၍ ဇနီးဖြစ်သူကို တစ်ကျပ်တစ်ပြားပင် မတောင်းစေချင်ပေ။ ထို့ကြောင့် သူသည် ကြည်ပြာ မီးမဖွားခင်အချိန်ထိ ယခင်အလုပ်ကိုသာ ပြန်လုပ်မည်ဟု ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည်။

(၄)

ည၏ တိတ်ဆိတ်မှုသည် သူ့ရင်ထဲရှိ သောကများကို မချေဖျက်နိုင်ခဲ့ပေ။ သူ့ရင်ထဲတွင် ဇနီးဖြစ်သူကို ချစ်သည့်စိတ်၊ ပြည့်စုံအောင်ထားချင်သည့်စိတ်တို့သည် သူ့ကိုလမ်းမှားသို့ တစ်ဖန်ပြန်ရောက်စေခဲ့ပြန်သည်။ ပြီးခဲ့သော ငါးနှစ်က သူသည် အပေါင်းအသင်းမှားကာ လောင်းကစားသမားဘဝ၊ မူးယစ်ဆေးစွဲနေသည့် လူငယ်တစ်ယောက်ဘဝ၊ မူးယစ်ဆေးဝါးရောင်းဝယ်ရေးသမားဘဝ၊ ဘဝအမျိုးမျိုးကို ဖြတ်သန်းကာဘဝတွင် ကျင်လည်ခဲ့သည်။ ကြည်ပြာနှင့် တွေ့ဆုံသည့်အချိန်တွင် သူသည်ကြည်ပြာကို မြတ်မြတ်နိုးနိုး ချစ်ခဲ့မိသည်။ ကြည်ပြာကို လက်ထပ်ခွင့်တောင်းပြီး လက်ထပ်သည့်အချိန်တွင် ကြည်ပြာ၏ မိဘများသည် သူ့လို ဒုစရိုက်သမားနှင့် သဘောမတူခဲ့ပေ။ သဘောမတူခဲ့သလို ကြည်ပြာကိုပင် အမွေပြတ်စွန့်လွှတ်ခဲ့ကြသည်။ ထိုအချိန်မှစ၍ သူနှင့် ကြည်ပြာသည် နှစ်ယောက်တစ်ဘဝ ထူထောင်ခဲ့ကြသည်မှာ ယခု ရင်သွေးလေးရှိလာသည့်အချိန်ထိပင်ဖြစ်သည်။

(၅)

"အစ်ကို မအိပ်သေးဘူးလား"

ကြည်ပြာ တစ်ရေးနိုးလာသည့်အခါတွင် သူ့ဘေးတွင် အိပ်နေသည့် ခင်ပွန်းဖြစ်သူရှိမနေပေ။ ထို့ကြောင့် အိပ်ခန်း၏ အပြင်ဘက်ကိုထွက်ကြည့်သည့်အခါ အိမ်ရှေ့တွင် ထိုင်နေသည်ကို တွေ့လိုက်ရသည်။ ကြည်ပြာတစ်ယောက် ခင်ပွန်းဖြစ်သူ အနားကို လျှောက်လာခဲ့ပြီး သူ့အနားတွင်ဝင်ထိုင်လိုက်သည်။

"ဘာတွေ စိတ်ညစ်နေတာလဲ အစ်ကို"

ထိုသို့ ကြည်ပြာမေးလာသည့်အခါ သူ ကြည်ပြာကို ကြည့်ကာ သက်ပြင်းချလိုက်ပြီး-

"တစ်ခါတလေ ဘဝက စိတ်ကူးယဉ်နဲ့ မပြီးဆုံးဘူး ကြည်ပြာ။ အစ်ကိုတို့ဘဝတွေ သိပ်ကိုခက်ခဲလွန်းတယ်ကွာ"

"အစ်ကို ဘာတွေဖြစ်နေတာလဲဟင်"

ကြည်ပြာတစ်ယောက် သူ့လက်ကို ဆုပ်ကိုင်ရင်း မေးလိုက်၏။ သူသည် ချစ်ရပါသော ဇနီးဖြစ်သူကို တောင်းပန်သော မျက်ဝန်းများဖြင့် ကြည့်လာပြီး-

"အိမ်ထောင်သက်တမ်းတစ်လျှောက်လုံး ကြည်ပြာကို ပြည့်စုံအောင် မထားပေးနိုင်ခဲ့လို့ အစ်ကိုတောင်းပန်ပါတယ်။ အစ်ကိုလေ ကြည်ပြာပြောသလို ကလေးလေးအတွက် အများကြီးစဉ်းစားခဲ့တယ်။ ဒုစရိုက်သမားတစ်ယောက်ရဲ့ ကလေးအဖြစ် အစ်ကို့ ကလေးကို မျက်နှာမငယ်စေချင်ပါဘူး။ ဒါပေမဲ့ ဒါပေမဲ့။ ကြည်ပြာမီးဖွားဖို့ ငွေလိုနေတယ် ကြည်ပြာ"

တိမ်ဝင်သွားသော သူ့အသံမှာ ဝမ်းနည်းမှုများ ပါဝင်နေသဖြင့် ကြည်ပြာ သူ့လက်များကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်ပြီး-

"အစ်ကို စိတ်ထဲမှာ ကြည်ပြာကို ပြည့်ပြည့်စုံစုံ မထားနိုင်ဘူးဆိုတဲ့ စိတ်နဲ့ သိမ်ငယ်နေတာလား"

"အားလုံးပဲ အစ်ကို့ကြောင့်။ အစ်ကို့နဲ့အတူ ကြည်ပြာဝရမ်းပြေးဘဝရောက်နေတာလဲ အစ်ကို မကြည့်ရက်ဘူး။ အစ်ကို့ ရင်သွေးကိုတော့ အဲဒီလို မဖြစ်စေရပါဘူး။ အစ်ကို ကတိပေးတယ်။ ကလေးလေးကို ကောင်းကောင်းမွန်မွန်နဲ့ လူ့လောကထဲ ခေါ်လာပေးပါ။ အစ်ကို ကလေးလေးအတွက် အကောင်းဆုံးတွေ တွေးထားပြီးပါပြီ ကြည်ပြာ"

ခင်ပွန်းဖြစ်သူ၏စကားက ထူးဆန်းနေသော်လည်း ကြည်ပြာ ပြန်မမေးဖြစ်ပေ။ သူ့ကိုသာ နှစ်သိမ့်၍ ထိုညကို အိပ်ပျော်အောင် အိပ်လိုက်မိသည်။

(၆)

"မင်းခန့် မင်း ငါတို့နဲ့ တကယ် လက်တွဲဖြုတ်တော့မှာလား"

ကျော်ဇေယျတစ်ယောက် ဆေးလိပ်ကို လက်ကြားညှပ်ကာ သူ့ရှေ့မှာ ထိုင်နေသော မင်းခန့်ကိုကို ကို မေးခွန်းထုတ်လိုက်၏။ မင်းခန့်ကိုကိုတစ်ယောက် သက်ပြင်းကို ခပ်ပြင်းပြင်းချလိုက်ပြီး-

"ကျွန်တော် ဆုံးဖြတ်ပြီးပြီ ကိုကျော်။ ကျွန်တော် ရှေ့လျှောက် ကောင်းရောင်းကောင်းဝယ်ပဲ လုပ်စားတော့မယ် ကိုကျော်"

သူ့စကားကြောင့် ကျော်ဇေယျတစ်ယောက် စုတ်တစ်ချက်သပ်လိုက်ပြီး-

"ငွေကို ခက်ခက်ခဲခဲရှာဖွေနေရတဲ့ခေတ်မှာ မင်းက အပြင်လောကမှာ ရပ်တည်မယ် ဟုတ်လား မင်းခန့်။ မင်း ဘာသွားလုပ်စားမှာလဲ။ လမ်းဘေးမှာ ပလုံသွားကောက်မှာလား"

ကျော်ဇေယျစကားကြောင့် မင်းခန့်ကိုကို ပြုံးလိုက်ပြီး-

"ပလုံကောက်ဆိုရင်လဲ ကောက်လိုက်မယ်။ ကျွန်တော့်ရင်သွေးရဲ့ဘဝကို ကျွန်တော့်ကြောင့် မသိမ်ငယ်စေချင်ဘူး ကိုကျော်"

"ဒါဆို မင်း ငါတို့နဲ့ လက်တွဲဖြုတ်ပြီး အပြင်လောကမှာနေဖို့ ဆုံးဖြတ်လိုက်တာ မမွေးသေးတဲ့ မင်းကလေးကြောင့်ပေါ့ ဟုတ်လား မင်းခန့်"

မျက်မှောင်ကြုတ်ကာမေးလာသော ကျော်ဇေယျစကားကြောင့် သူခေါင်းညိတ်ပြလိုက်ပြီး-

"ဟုတ်ပါတယ် ကိုကျော်။ ကျွန်တော့်ကို နားလည်ပေးပါဗျာ။ ကျွန်တော် ဖခင်ပီသချင်တယ်ဗျာ"

မင်းခန့်ကိုကို စကားကြောင့် ကျော်ဇေယျ လက်မခံချင်သော်လည်း လက်ခံပေးလိုက်ရသည်။ ကျော်ဇေယျသည်လည်း ကလေးနှစ်ယောက် ဖခင်ဖြစ်နေသဖြင့် ဖခင်တစ်ဦး၏ ချစ်ခြင်းမေတ္တာကို ကောင်းစွာနားလည်နေသောကြောင့်ဖြစ်သည်။ သို့သော် သူသည် မင်းခန့်ကိုကိုကဲ့သို့ ဒုစရိုက်လောကကို စွန့်လွှတ်နိုင်ဦးမည်မဟုတ်ပါ။

(၇)

ကြည်ပြာသည် သားယောကျ်ားလေးတစ်ဦးကို မွေးဖွားခဲ့သည်။ ထိုသားလေးကိုကြည့်ပြီး မင်းခန့်ကိုကို၏ အသွေးအသားတို့သည် သီတာရေစင်ကဲ့သို့ အေးမြခဲ့သည်။ သူသည် ဖခင်တစ်ဦးဖြစ်လာပြီဟူသော အသိစိတ်တို့ ဝင်ခဲ့လျှင် တစ်စုံတစ်ခုကိုလုပ်ရန် ရဲရဲစွာ ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည် သားငယ်၏ဘဝကို သူ

စာမျက်နှာ ၂၅သို့ ➤

# စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲတီစိမ်း ၂၂၀၉ ဧက ရိတ်သိမ်းပြီးစီး



**စစ်ကိုင်း မတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲတီစိမ်း ၂၂၀၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၂၂၀၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ပဲတီစိမ်း တစ်ဧကလျှင် ၁၅ ဒသမ ၁၄ တင်း ထွက်ရှိကြောင်း သိရသည်။

"စစ်ကိုင်းမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ပဲတီစိမ်း ၂၂၀၉ ဧက စိုက်ပျိုးနိုင်ခဲ့တယ်။ လက်ရှိအချိန်မှာတော့ ပဲတီစိမ်း ဧကအားလုံးရိတ်သိမ်းပြီးပါပြီ။ ပဲတီစိမ်းတိုးချဲ့စိုက်ပျိုးဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေရှိတယ်" ဟု စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၅၂၈ ဧက လျာထားစိုက်ပျိုးခဲ့ရာ ၂၂၀၉ ဧက စိုက်ပျိုး နိုင်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၂၀၆)

# ငဖဲမြို့နယ် စာတက်ကူကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငဖဲ မတ် ၂၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက စာတက်ကူကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၁၄ သိန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စာတက်ကူကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၈ ဦးကို ငွေကျပ်၁၈၃ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၇၁ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ၈၂ သိန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၃၅ဦးကို ငွေကျပ် ၇၇ ဒသမ ၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၈ဦးကို ငွေကျပ် ၄၁၄သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ငဖဲမာ

## ကောင်းရာကိုတု တွေးကြံပြု

- ကောင်းရာကို တုပလျက်
လူ့ဘဝတွက် အမြဲရှင်သန်၊
မကောင်းမှုတွေ ဟူသမျှ
ရှောင်ကြဉ်အမှန်၊
မွန်မြတ်သော စိတ်သန္တာန်
အတွေးအကြံ ဖြူစင်မနေး၊
ပရအကျိုးကို ရည်မျှော်မှန်း
ထမ်းရွက်စို့လေး။

- မေတ္တာကို ရင်မှာမွေးလို့
အကြင်နာပေး လူ့ရင်ခွင်၊
အမုန်းတရားတွေ ဘယ်မပွား
ဖယ်ရှားရှောင်ကြဉ်၊
စိတ်ထားလေး ဖွေးဖြူစင်
လူ့ဘဝတွင် နေထိုင်ရင်း၊
အတ္တမာန်တွေ အစွယ်ဖြတ်လို့
ပယ်သတ်စေမင်း။

- ကိုယ့်ဂုဏ်အင် ရနံ့သင်းဖို့
သန့်ရှင်းတဲ့ စိတ်ကိုဆောင်၊
ညဉ်ဆိုးတွေ ရင်မှာမဖက်နဲ့
ရှေ့ဆက်လူ့ဘောင်၊
အမိုက်တရား ဝေးစွာရှောင်
ယခုနောင် ချမ်းသာမလွဲ၊
အပြစ်ဘယာတွေ ဘေးမလို့
အေးမြစေအမြဲ။ ။

ရဲသွေးနီ(တက်ဝန်)

➤ စာမျက်နှာ ၂၄ မှအဆက်

ကြောင့်အရိပ်မည်းကြီးတစ်ခု မကြီးစိုးစေချင်သော စိတ်ကြောင့်ဖြစ်သည်။

သားလေး တစ်လပြည့်သည့်နေ့တွင် ကြည်ပြာနှင့် သားလေးကို ကြည်ပြာ၏ မိဘများထံ ပြန်အပ်ခဲ့သည်။ ကြည်ပြာသည် သူ၏ ဆုံးဖြတ်ချက် ကြောင့် မျက်ရည်များ အဆက်မပြတ်ကျဆင်းနေခဲ့ရသည်။ ကြည်ပြာ၏ မိဘများသည် ယခင်က သူနှင့်ကြည်ပြာကို လက်မခံခဲ့သော်လည်း ယခုအခါ ပြန်လည်လက်ခံခဲ့သည်။ ဤသည်ကပင် မြေးမျက်နှာကြောင့်သာ ဖြစ်သည်။ "သားအချစ်၊ မြေးအနှစ်" ဆိုသည့် စကားအတိုင်း ကြည်ပြာ၏ မိဘများသည် သမီးဖြစ်သူကို မည်သို့ပင် အမွေပြတ်စွန့်လွှတ်ပါ့မလဲဟု ဆိုပါစေ မြေးမျက်နှာကို မြင်သည့်အခါတွင် အရာရာအားလုံး သင်ပုန်းချေပြီးဖြစ်ခဲ့ရသည်။

(၈)

ကြည်ပြာသည် သူတို့သားအမိကို ထားခဲ့တော့မည့် ခင်ပွန်းဖြစ်သူ၏ လက်ကို ခပ်တင်းတင်းဆုပ်ကိုင်ရင်း-

"အဲလိုလုပ်မှ ဖြစ်မှာလား အစ်ကိုရယ်။ ကြည်ပြာတို့ သားအမိကို ထားခဲ့ပြီး အစ်ကိုအပြစ်တွေအားလုံးအတွက် အဖမ်းခံမှ ဖြစ်မှာလား အစ်ကို"

"ကြည်ပြာ"

မင်းခန့်ကိုကိုသည် ကြည်ပြာ၏ လက်ကလေးကို ကြင်နာစွာ ဆုပ်ကိုင်ရင်း-

"အစ်ကိုလေ ကြည်ပြာနဲ့ သားကို ခွဲမသွားချင်ပါဘူး ကြည်ပြာ။ အစ်ကို အပြစ်တွေ များခဲ့ပါတယ်။ အစ်ကို့သားရဲ့ အနာဂတ်ကို အစ်ကို့ရဲ့ အရိပ်မည်းတွေ မစွန်းထင်းစေချင်ဘူး ကြည်ပြာရယ်။ တရားဥပဒေကပေးတဲ့ အပြစ်ဒဏ်ကိုခံယူပြီး ကြည်ပြာတို့ သားအမိဆီ အစ်ကို ပြန်လာခဲ့ပါမယ်။ အစ်ကို ကတိပေးပါတယ် ကြည်ပြာရယ်"

"ကျန်းမာရေး ဂရုစိုက်နော် အစ်ကို"

"မင်းနဲ့ သားလဲ ကျန်းမာရေး ဂရုစိုက်နော်။ အစ်ကို အပြစ်တွေ ဆေးကြောပြီးတဲ့နေ့ကျရင် ပြန်လာခဲ့ပါ့မယ်။ အခုတော့ အစ်ကိုကို သွားခွင့်ပြုပါနော်"

ကြည်ပြာသည် ဝမ်းနည်းမှုများကြားမှ ခေါင်းညိတ်ပြသည်။ မင်းခန့်ကိုကိုသည် သားဖြစ်သူ၏ ပါးပြင်လေးကို ဖိကပ်နမ်းရှုပ်ရင်း ကျောခိုင်းလှည့်ထွက်ခဲ့သည်။ ကြည်ပြာသည်လည်း လှည့်မကြည့်ဘဲ ထွက်ခွာသွားသော ခင်ပွန်းဖြစ်သူ၏ ကျောပြင်ကို ငေးကြည့်ရင်း ကျိတ်ငိုကျန်ရစ်ခဲ့လေသည်။

နှစ်ဦးစလုံး၏ ရင်ထဲတွင် ခွဲခွာခြင်းဆိုသည့် အသိတို့ ဝင်ရောက်လာခဲ့လျှင် ပြင်းထန်စွာ နာကျင်ခံစားခဲ့ကြရသည်။ သို့သော် သူတို့နှစ်ဦး၏ ရင်ထဲသို့ သားငယ်အတွက်ဆိုသည့် အသိစိတ်တို့ ဝင်ရောက်လာခဲ့လျှင် ရှေ့ဆက်မည့် ဘဝများအတွက် အားအင်ဖြစ်ခဲ့ကြရသည်။

မိဘဖြစ်ပြီဆိုသည့်အသိစိတ်နှင့် သားအတွက်ဆိုသည့်အသိစိတ် နှစ်ခုပေါင်းစပ်လိုက်သည့်အခါ သူတို့နှစ်ဦး၏ ခွဲခွာခြင်းသည် သားဖြစ်သူ၏ အနာဂတ်အတွက်ဟူသော စိတ်တို့ဖြင့် အားမာန်ဖြစ်နေခဲ့မှာ မလွဲဧကန်ဖြစ်ပါတော့သည်။

# မြဝတီမြို့နယ် အင်ကြင်းမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

**မြဝတီ မတ် ၂၀**

ကရင်ပြည်နယ် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြဝတီမြို့နယ် အင်ကြင်းမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်းနှင့် မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အင်ကြင်းမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းခြင်းရှိ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက စီမံကိန်း ရေရှည်အောင်မြင်စေရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အင်ကြင်းမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၃၀ဖြင့် စတင် အကောင်အထည်ဖော်ဆောင်ရွက်ပြီး သတ္တမနှစ် စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူအသင်းသား၊ အသင်းသူ ၁၅၅ ဦးကို ငွေကျပ်သန်း ၄၀ ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်သူရထံမှ သိရသည်။

ကိုသက်

# ခါနွေဆန်းစ တပေါင်းလ

**ရွှေဘိုတူးမာ**

"ငွေနှင်းရယ်မှုန်၊ လေညင်းရယ်တသုန်သုန်နှင့်၊ ချမ်းပုံမှာ ကမ်းကုန်သော" ဆောင်းဥတုကား ကုန်ဆုံးခဲ့လေပြီ။ ပင်အိုထက်က ဥသြပျို၏ တေးချိုမြမြလွမ်းစစကို ပီပီသသကြားရပြီ။ တောင်လေရူးများသည် "တဟူးဟူး၊ တဟဲဟဲ"နှင့် ရယ်သံများပေးကာ ငွေနှင်းဖြူဖြူကို ဆွဲယူသွားချေပြီ။

"ဝဲကာပျံကာ လေတွင်ပါသည်
လိပ်ပြာပေလား ရွက်ဝါလား
စိမ်းလဲ့ဝင်းတောက် ပင်တိုင်းရောက်သည်
မြကျောက်ပေလား ရွက်သစ်လား
ချိုသာညက်ညော သံစုံနှောသည်
တယောလား ငှက်သံလား"ဟု တင်စားထားသည့် ဆရာကြီးမင်းသုဝဏ်၏ ကဗျာလေးအတိုင်း ရွှေရွက်ဝါမြေမှာသက်သည့် ခါနွေရက်သို့တိုင်ခဲ့လေပြီ။

ခါနွေဦးတွင် မိုးကောင်းကင်သည် အဆန်းတကြယ်လှပတင့်တယ်လျက်ရှိပါသည်။ တိမ်တောင်၊ တိမ်လိပ်တို့သည် မှောင်ခဲ့တစ်ခါ၊ ပြာခဲ့တစ်ချို့၊ ညိုခဲ့တစ်လီ၊ ရီခဲ့တစ်ဖုံ၊ မှုန်ခဲ့တစ်ချက်၊ ရှုခင်းတွေဖြင့် ဝေစည်လျက်ရှိတော့သည်။ သာယာလှပသောခါနွေဦးတွင် သစ်ပင်ထက်မှ ရွက်ဝါရွက်ညောင်းများမြေသို့ ခ၍ ကြွေကျပုံနှင့် ပုရစ်ဖူး၊ ပုရစ်နုများ အစီအရီ ပေါ်ထွက်လာပုံကို စာဆိုဦးယာက

"တပေါင်းငယ်မှ ညှာကျင်
နွေဦးဆန်းသစ်၊ ရွက်ရော်လှစ်လို့
ပုရစ်ကယ်ရွှေဥ၊ ပင်တိုင်းစုကြသည်
နုညိုစင်ငယ်တဲ့လေး"ဟု ခါနွေဦးအစ တပေါင်းလ၏အလှကို စာပန်းချီခြယ်ခဲ့ပေသည်။ ဤသို့ဖြင့် ရွက်ဝါရွက်ညောင်းတို့ သိဂီရွှေရည်သောက်သလို ဝင်းလဲ့တောက်ပနေသည့် ခါနွေဦးဖြစ်ပါသည်။

ဤနွေဦးရာသီတွင် လေပွေလေရူးတို့ တိုက်ခတ်သည့်အခါတိုင်း ရွက်ခြောက်ရွက်ကြွေများသည် လေနှင့်အတူ လွင့်မျောနေသည်။ ထို့ကြောင့်လည်း ကဗျာစာဆိုက လေရူးနှင့် ရွက်ခြောက်တို့ပြေးဆော့ကစားကြပုံကို "ကွေ့ကွေ့ဝန်းဝိုက်၊ ရွှေကြောင်ဖား၊ မြီးဖျားလိုက်သို့"ဟု တင်စားဖွဲ့နွဲ့ခဲ့ပေသည်။

ထိုမျှမက နွေဦးရာသီကား ရွှေရွှေဝါဝါ၊ ပြာပြာလဲ့လဲ့၊ ဘယ်ယိမ်းညာနွဲ့ဖြင့် ဖူးပွင့်သောပန်းခပ်သိမ်းတို့ဖြင့် တင့်တယ်လျက်ရှိပါသည်။ သရဖီ၊ မြတ်လေး၊ ပန်းမာလာတို့ သင်းပျံ့ကြိုင်လှိုင်သော ရာသီလည်းဖြစ်ပါသည်။ ထို့ကြောင့်လည်း စာဆိုဦးယာက "သရဖီ ရွှေခိုင်က လှိုင်ရှာလေကော"ဟု နွေဦးအစတပေါင်းလ၏ သာယာဖွယ်ကောင်းပုံကို ရေးဖွဲ့ခဲ့ပါသည်။

ထိုမျှမက ပေါက်ပန်း၊ လဲပန်းတို့ ဖူးပွင့်ဝေဆာသော ရာသီလည်းဖြစ်ပါသည်။ "လက်ပံဖူးချိန်၊ ခွေးရူးချိန်"ဟု တင်စားရလောက်အောင် နီရဲသောလက်ပံပွင့်များဖြင့် ဝေဆာလှပနေသော ခါနွေဦး။ ထို့ကြောင့်လည်း စာဆိုတို့က လေပွေလေရူးကြောင့် လက်ပံပွင့်များ အကြွေကြမ်းပုံ ကျေးလက်လုံမပျိုတို့ အဖော်ညှိပြီး သွားကောက်ကြပုံကို

"လာဟေ့ဒွား သွားကောက်ချည်စို့၊
ပွင့်ခြောက်ကယ် အနားလန်၊
ဆက်ရက်ကယ်ညံ၊ ပင်လက်ပံကြွေချိန်ကျပြီမို့
မိဂံလှ နှင်လိုက်ဦးမလား"ဟု ရေးဖွဲ့ခဲ့ပါသည်။ ဤသို့ဖြင့် ခါနွေဦးကား၊ ကြည်နူးဖွယ်ကောင်းလေစွ။

❖ ခါနွေဦးသည် လှပသာယာလွန်းပါသည်။ ဘုရားရှင်သက်တော် ထင်ရှားရှိစဉ်ကာလက ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ ခါနွေဆန်းစ တပေါင်းလမှာ တောလမ်းခရီးမှကြွမြန်းခဲ့သည်ဟု အဆိုရှိသည်။ ဘုရားရှင်အား ကာဠုဒါယီမထေရ်သည် တပေါင်းလ၏သာယာပုံများကို ဂါထာ ခြောက်ဆယ်ဖြင့် လျှောက်ထားသည်ဟုမှတ်သားရသည်။ တပေါင်းလသည် သာယာကြည်နူးဖွယ်ကောင်းသောကြောင့် ဘုရားရှင်ပင်စိတ်ကြည်နူးခဲ့သည်ဟုသိရသည်။ ဤမျှသာယာသော ခါနွေဦးဖြစ်ပါသည်။ ❖

ထို့ပြင် ရာသီညွန့်ဖူး ခါနွေဦးတွင် ထန်းသမားတို့သည် တေးတဆိုဆိုဖြင့် ထန်းရည်ချိုချိုရအောင် ထန်းတက်ကြပုံကို

"နွေဦးကာလမြူထသောခါ
ရင်းထောင်၊ ရင်းဆွဲ၊ ဆောင်မြဲအိုးလွယ်ကာ" ထန်းတက်ကြသည်မှာ ခါနွေဦး၏ ရှုမငြီးသောမြင်ကွင်းတစ်ခုဖြစ်ပါသည်။

ထိုမျှမက စိမ်းစိမ်းစိုစို၊ ပျိုပျိုမျစ်မျစ်၊ ရွက်နုရွက်သစ်တို့ဖြင့် ဝေဆာလှပသည့် ဤခါနွေဦးသည် ချိုမြသော ငှက်သံတို့ဖြင့်လည်းသာယာ၏။

နွေဦးရောက်သည်နှင့် တောတောင်တစ်ခွင်တွင် နားဝင်ချိုသော အသံတစ်သံကိုကြားရသည်။ ထိုအသံကား နွေဦးတေးသံပင်တည်း။ တူရိယာသံကဲ့သို့ နားဝင်ပီယံဖြစ်သည်။ နတ်စောင်းကဲ့သို့ ငြိမ့်ညောင်းသာယာသည်။ ဥသြငှက်ကလေးများ၏ "ဥသြ . . ဥသြ"ဟု မြိုင်သံနှောကာ တွန်ကျူးသံများသည် နွေဦး၏ အလှတစ်ပါးပါတကား။

ခါနွေဦးကား ပြာလဲ့ဝေစည် မြစ်ရေကြည်တို့နှင့် ကြည်နူးဖွယ်ကောင်း၏။ ထို့ကြောင့်လည်း စာဆိုတို့က

"ငါးထွေ၊ ငါးမြင်း၊ ငါးပူတင်းတို့
သောင်ရင်းကိုဆန်သည်
ငါးတန်ငယ်ဝဲခိုလို့ ပိုက်ခြေကိုဆင်း"ဟု တင်စားခဲ့ကြသည်။

ထို့ပြင် "တပေါင်းသာခေါင်လများနောင်" "ရာသီညွန့်ဖူး ခါနွေဦး"ဟု တင်စားရသော တပေါင်းလသည် ခါနွေဦးတွင် ပါဝင်ပါသည်။ ထိုခါနွေဦးသည် လှပသာယာလွန်းပါသည်။ ဘုရားရှင်သက်တော် ထင်ရှားရှိစဉ်ကာလက ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ ခါနွေဆန်းစ တပေါင်းလမှာ တောလမ်းခရီးမှ ကြွမြန်းခဲ့သည်ဟု အဆိုရှိသည်။ ဘုရားရှင်အား ကာဠုဒါယီမထေရ်သည် တပေါင်းလ၏ သာယာပုံများကို ဂါထာခြောက်ဆယ်ဖြင့် လျှောက်ထားသည်ဟု မှတ်သားရသည်။ တပေါင်းလသည် သာယာကြည်နူးဖွယ်ကောင်းသောကြောင့် ဘုရားရှင်ပင် စိတ်ကြည်နူးခဲ့သည်ဟု သိရသည်။ ဤမျှသာယာသော ခါနွေဦးဖြစ်ပါသည်။

ထို့ပြင် ခေတ်အမြင်၊ ခေတ်အတွေးဖြင့် လေ့လာသော် တပေါင်းလခါနွေဦးတွင် မြန်မာတို့သည် ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲခဲ့သည်။ မြန်မာတိုင်းရင်းသားတို့၏ ရဲရဲတောက်သော တော်လှန်ရေးစိတ်ဓာတ်ကိုပြသော လလည်းဖြစ်ပါသည်။ ထို့ကြောင့်လည်း ခေတ်သစ်စာဆို ဒဂုန်တာရာက

"နီနီရဲလျှင်
ပေါက်လဲပွင့်ငုံ၊ သရက်ထုံ၍
အစုံရောဖက်၊ နီသစ်ရွက်တို့
နီလျက်နီကာ။ မြန်းလေပြီ။
သည်အချိန်ရောက်တိုင်း၊ မြေအောက်စမ်းငှက်
သိုလက်နက်ဖြင့် ချိန်းချက်ထကြွ
ခုခံကြသည် ဖော်ပြသဏ္ဌာန်
ကြေးမုံမှန်လျှင်၊ တော်လှန်ရေး၏နိမိတ်တည်း"ဟု ခါနွေဦးမှာ ဖက်ဆစ်ဂျပန်တို့ကိုတော်လှန်ခဲ့သည့် တော်လှန်ရေးကိုဂုဏ်ပြုကာ ရေးဖွဲ့ခဲ့ပါသည်။

ဤသို့ဖြင့် ခါနွေဦးသည် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော လလည်းဖြစ်ပါသည်။ သာယာကြည်နူးဖွယ်ကောင်းသောကြောင့် လူသာမဟုတ်၊ ရသေ့ရဟန်းများပင် စိတ်တိမ်းညွတ်ကာ ဈာန်လျှောရသည်ဟု

"ရှစ်ခွင်တိုင်း၊ မှုန်မှိုင်းတဲ့ပတ်လည်
သဇင်ကြွင်းငယ်နှင့်
အင်ကြင်းသန္တာညွန့်ငယ်တို့
ဖူးညွန့်ကိုက်စည်
ဘမရာ ရွှေပိတုန်းငယ်တို့
ခြွေသုံးကြဝတ်ရည်၊
ဆွတ်ကြည်ဘွဲ့ဖော်ကွဲ
ယင်းသည်နွေဆိုင်
ရသေ့သူတော်တိုင်မှ
ဉာဏ်မခိုင်၊ ဈာန်ယိုင်လျှောရတယ်
ရာသီတွင် ခါညီပြောပေပ
ကြော၍သာမြဲ"ဟူ၍ စာဆိုဦးကြင်ဥက ခါနွေဆန်းစ တပေါင်းလ၏ သာယာဖွယ်ကောင်းပုံကိုရေးဖွဲ့ခဲ့ပါသည်။

ဤသို့ဖြင့် ခါနွေဦးသည် ဆောင်းအကုန် နွေအကူး သာယာလှပသော အခါသမယဖြစ်ပါသည်။ "တပေါင်းပွဲတော်များ"ကျင်းပသည့်အခါလည်းဖြစ်ပါသည်။ ခြေခင်းလက်ခင်းသာသည့်အခါ၊ တောင်သူဦးကြီးတို့ လယ်ယာလုပ်ငန်းနားသည့်အခါမို့ "ဘုရားပွဲဈေး၊ ဇာတ်ရုပ်သေးများကျင်းပချိန်၊ စည်သံဗြောသံများ၊ ညံမစဲ"အောင်ကြားရသည့် အလှူပွဲများကျင်းပချိန်လည်းဖြစ်ပါသည်။

စာသင်ကျောင်းသားတို့ အပန်းဖြေသည့်ရာသီ၊ ဒေသန္တရဗဟုသုတများ ရှာဖွေရင်းသွားလာကြသည့် ခါရာသီလည်းဖြစ်ပါသည်။ ထို့ကြောင့် ခါနွေဦး၏ သာယာကြည်နူးဖွယ်ကောင်းပုံများကို ရေးဖွဲ့၍ မကုန်နိုင်တော့ပါတကား။

---

# ဝါးခယ်မမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲများတွင် ၁၂၁၃၆ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ဝါးခယ်မ မတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲများတွင် ၁၂၁၃၆ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၈၉၇၆ ဧကထိ လျာထားစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သော မတ်ပဲများကို ဖေဖော်ဝါရီလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၂၁၃၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်သည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ဝါးခယ်မမြို့နယ်မှာ မတ်ပဲ ၁၈၉၇၆ ဧကထိလျာထားစိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့မတ်ပဲတွေကို ရိတ်သိမ်းနေပြီး ဒီနေ့ထိ မတ်ပဲ ၁၂၁၃၆ ဧက ရိတ်သိမ်းပြီးစီးသွားပြီဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့အသီးအနှံတွေမှာလဲ ပိုးမွှားအန္တရာယ်ကင်းရှင်းတာတွေ့ရှိရပါတယ်။ဆောင်းမတ်ပဲတွေ လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ဖို့အတွက် မျိုးစေ့နဲ့ ဈေးကွက်ဝင်အသီးအနှံတွေ၊နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို သီးနှံတွေမစိုက်ခင်အချိန်ကတည်းက စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာပေး လုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲ တစ်ဧကလျှင် ၁၈ ဒသမ ၅၁ တင်းထိ ထွက်ရှိနေကြောင်း၊ မတ်ပဲများအပါအဝင် ဆောင်းသီးနှံများအားလုံး အောင်မြင်ဖြစ်ထွန်းစေရန် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ ပျက်စီးလေလွင့်မှုမရှိစေရန် စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့်တောင်သူများ ပေါင်းစပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကျော်ကျော်လင်း**

---

# လှိုင်းဘွဲ့မြို့နယ် ကော့ဝါးမီးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**လှိုင်းဘွဲ့ မတ် ၂၀**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကော့ဝါးမီးကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို မတ် ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ)ဒေါ်ခင်ဇာဝင့်၊ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်နိုင်ထွန်းနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများက ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုကိုကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးက ကုန်ထုတ်လမ်း ရေရှည်တည်တံ့ခိုင်မြဲစေရေးဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ကော့ဝါးမီးကျေးရွာ၌ လမ်းအရှည် ငါးဖာလုံ၊အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေကိုးလက်မ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် အဆိုပါလမ်းပေါ်တွင် အရှည် ငါးပေ၊ အကျယ် ၂၄ ပေ၊ အမြင့် ငါးပေ Box Culvert သုံးစင်းတည်ဆောက်ခြင်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုငွေကျပ် ၈၁ ဒသမ ၈၉ သန်းဖြင့် ဌာနစုဖွဲ့ကော်မတီမှ ၂၀၂၃ ခုနှစ် မေလကဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **ဘိုဘို**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလတွင် ငါးခေါင်းပွ ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ပန်းတနော် မတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလတွင် ငါးခေါင်းပွ ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဇန်နဝါရီလက ငါးခေါင်းပွ ပိဿာချိန် ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၉ ရက်ထိ ငါးခေါင်းပွ ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊အဆိုပါဒေသမှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံလုပ်ငန်းများသည် ငါးခေါင်းပွများအပါအဝင် ဒေသရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ပန်းတနော်ကနေ ငါးခေါင်းပွတွေ ရန်ကုန်ဈေးကွက်ကိုအများဆုံး တင်ပို့ရောင်းချနေတာပါ။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ ပထမပတ်လောက်ကနေ ငါးခေါင်းပွတွေတင်ပို့အား ထပ်ကောင်းလာတာပါ။ ပြည်တွင်းမှာကို ငါးခေါင်းပွက ဝယ်လိုအားများနေပါတယ်။ ဇန်နဝါရီလကထက် ဖေဖော်ဝါရီလအတွင်း ပိဿာချိန် ၃၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ငါးခေါင်းပွတွေ ဝယ်လိုအားကောင်းလာလို့ ငါးလုပ်ငန်းရဲ့နယ်ပယ်အသီးသီးကသူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိလာပါတယ်" ဟု ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ထွက်ရှိသည့် ငါးခေါင်းပွများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်နှင့်အခြားဒေသများသို့တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါငါးခေါင်းပွများ နေ့စဉ်တင်ပို့ရောင်းချလာရသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊မွေးမြူရေးလုပ်သားများ၊ကုန်သည်များ၊ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုကောင်းမွန်လာကြောင်း ဒေါ်ရီရီက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ငါန်းဇွန်မြို့နယ် ရှာသစ်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**ငါန်းဇွန် မတ် ၂၀**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာထူထောင်ရေးလုပ်ငန်း(Smart Village) စီမံကိန်းခွင့်ပြုရန်ပုံငွေဖြင့် ရှာသစ်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့သို့ ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်ခင်မာစန်း၊ ငါန်းဇွန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုးအောင်နှင့် ခရိုင်၊မြို့နယ်တာဝန်ခံအင်ဂျင်နီယာများ၊ကျေးရွာကော်မတီဝင်များနှင့်အတူ ရှာသစ်ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ အုတ်စီရေမြောင်းပြုလုပ်ခြင်းနှင့် မီးလိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ရှာသစ်ကျေးရွာတွင် လမ်းအရှည် ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ၊ ကွန်ကရစ်လမ်းခင်းခြင်း၊ အရှည် ပေ ၁၁၅၀၊ အကျယ် တစ်ပေ ခြောက်လက်မ၊ အမြင့် တစ်ပေ ခြောက်လက်မ အုတ်စီရေမြောင်းပြုလုပ်ခြင်း၊ ပေ ၆၀၀ မီးလိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခေတ်မီစံပြကျေးရွာထူထောင်ရေးလုပ်ငန်း စီမံကိန်းခွင့်ပြုရန်ပုံငွေကျပ် ၃၆ သန်း၊ ပြည်သူထည့်ဝင်ငွေ ကျပ် ၁ ဒသမ ၀၈၉ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများက ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံးပြီးစီးနေပြီဖြစ်၍ ရှာသစ်ကျေးရွာရှိ အိမ်ခြေ ၁၁၇ အိမ်၊ လူ ၄၃၉ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေး လွယ်ကူမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမိုးအောင်က ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

# ကလေးမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲများတွင် ၈၅၈၀ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**ကလေး မတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၈၅၈၀ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲကို ယခုနှစ် ဖေဖော်ဝါရီလမှစ၍ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၈၅၈၀ ဧကရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၇၁ ဒသမ ၈၅ တင်းထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ မြေပဲ ၁၉၂၉၂ ဧကစိုက်ပျိုးထားပါတယ်။ စိုက်ပျိုးထားတဲ့ မြေပဲစိုက်ခင်းတွေ ဧက ၈၅၈၀ ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ ကျန်တဲ့မြေပဲဧကတွေကို ဆက်လက်ရိတ်သိမ်းနေကြတယ်။ ဒေသတွင်း စားသုံးဆီဖူလုံစေရန်အတွက် ကလေးမြို့နယ်မှာ ဆောင်းရာသီ ဆီထွက်သီးနှံအဖြစ် မြေပဲ၊ နေကြာ၊ နှမ်း၊ ပန်းနှမ်းနဲ့ ဆီမုန်ညင်းတွေစိုက်ပျိုးကြပါတယ်။ မြေပဲကို မိုးရာသီနဲ့ဆောင်းရာသီမှာ စိုက်ပျိုးပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၉၅၁၃ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ စိုက်ပျိုးခဲ့ကြရာ ၁၉၂၉၂ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။



ကလေးမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်း ကောင်းမွန်စေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများ၊ ကွင်းသရုပ်ပြပွဲများ၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာများ အသိပညာပေးခဲ့ကြောင်း၊ ထို့ပြင် မြေပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့်စိုက်ပျိုးရေး စသည့် စိုက်ပျိုးရေးနည်းပညာများ အသိပညာပေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

# သနပ်ပင်မြို့နယ် ကသစ်ဝိုင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သနပ်ပင် မတ် ၂၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကသစ်ဝိုင်ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်၊ မိသားစု ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့်ကျေးလက်လူနေမှုအဆင့်အတန်းကွာဟမှုကို လျှော့ချနိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေများကို ထုတ်ပေးခြင်းဖြစ်ကြောင်း၊ အသင်းသားများအနေဖြင့် စီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့်လုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်ကြရန်၊ ရန်ပုံငွေလေလွင့်မှုမရှိစေရေး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကျေးရွာစိတ်ဓာတ်အကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြစိမ်းရောင်ကျေးရွာ စီမံကိန်းတာဝန်ခံက ကသစ်ဝိုင်ကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၉၁ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်မြစိမ်းရောင်ကျေးရွာ စီမံကိန်းတာဝန်ခံက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကသစ်ဝိုင်ကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးကို ငွေကျပ် ၂၆၃ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၄ ဦးကို ငွေကျပ် ၁၂၈ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၃၀ ကို ငွေကျပ် ၃၉၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချမ်းဦးကို**

# စေတုတ္တရာမြို့နယ် ခြင်ပြစ်ကိုင်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**စေတုတ္တရာ မတ် ၂၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခြင်ပြစ်ကိုင်းကျေးရွာ၌ ကျေးရွာအဝင်လမ်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့သို့ ကွင်းဆင်းစစ်ဆေးရာတွင် စေတုတ္တရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ခြင်ပြစ်ကိုင်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ကွန်ကရစ်ဘီးလမ်းကိုအကျိုးရှိစွာအသုံးပြုကြရန်နှင့် ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့သည်။

စေတုတ္တရာမြို့နယ် ခြင်ပြစ်ကိုင်းကျေးရွာ၌ လမ်းအရှည် ပေ ၆၀၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မရှိသော ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် သိန်း ၇၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သိန်း ၄၀ အသုံးပြု၍ စေတုတ္တရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာပြည်သူများကိုယ်တိုင် ဖေဖော်ဝါရီလမှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကိုညီ**

စာပေမြင့်မှ လူမျိုးတင့်မည်

# ဒဂုန်တာရာ၏ မေဝတ္ထုရှည်ကိုသုံးသပ်ခြင်း

ပုသိမ်အောင်သန်းဦး

❖ မေသည် အလွန်ခေတ်ဆန်သောအမျိုးသမီးတစ်ဦးပင်။ သူ့မှာ အဖေ၊ အမေမရှိတော့။ တစ်ကောင်ကြွက်ဖြစ်သည်။ ဆရာဖြစ်သင်ကောလိပ်ကျောင်းပိတ်တော့ မေ့လက်ထဲတွင် ငွေလက်ကျန်မရှိ၊ သူငယ်ချင်း မခင်စီက သူနှင့်လိုက်နေဖို့ခေါ်သည်။ မခင်စီ၏အိမ်တွင် နေရခြင်းကို မေက ကျဉ်းကျပ်သည်ဟုထင်သည်။ မေက လွတ်လွတ်လပ်လပ်နေချင်သည်။ အချုပ်အနှောင်မရှိနေချင်သည်။ ထိုအချိန်တွင် ကံအားလျော်စွာ ပဲခူးမြို့၌ ကလေးများကို စာပြရသည့်ဆရာမအလုပ်ကို မေရသည်။ ထိုသို့ ဆရာမအလုပ်ကိုလုပ်ရင်း ပဲခူးမြို့မှ သမာဓိမြို့ဝန် ဦးဖေမောင်ကို မေ အမိဖမ်းလိုက်သည်။ ❖

ဒဂုန်တာရာ၏မေဝတ္ထုဆိုသည်နှင့် ပထမဆုံးသတိရလိုက်မိသောစာကြောင်းမှာ "လေနုအေးသည် တန့်နွဲ့နှော့နေဆဲကိုး"ဟူသော ဝါကျတိုလေးဖြစ်သည်။ စကားလုံးဝေါဟာရသစ်တီထွင်မှုတွင် လက်ဖျားခါလောက်အောင်ဆန်းသစ်တီထွင်ခဲ့သော ဆရာဒဂုန်တာရာ။ "လေနုအေး"ဟူသောဝေါဟာရသည် မေဝတ္ထုတွင် ဒဂုန်တာရာစတင်အသုံးပြုရာမှ နောင် လူသုံးများသော ဝေါဟာရဖြစ်လာသည်။

လားရှိုးမြို့၏ကတ္တရာလမ်းကြီးသည် ညအချိန်မိုးရွာထဲ၌ ဝတ်လစ်စားလစ်ရေချိုးနေသည်။

လားရှိုးမြို့လမ်းမကြီးပေါ်သို့ မိုးများရွာချနေသည်ကိုဆရာက ဝတ်လစ်စားလစ်ရေချိုးနေသည်ဟု ရေးသားခဲ့သဖြင့် စာပေလောကတွင် ဂယက်ရိုက်ခဲ့ဖူးသည်။ ဆရာသည် စာပေရေးသားရာ၌ ဝေါဟာရတီထွင်ဖော်ကျူးမှုတွင် ထင်ရှားသူတစ်ဦးဖြစ်သည်။

Ragged Gold ဟူသောဝေါဟာရကို ဆရာဒဂုန်တာရာက မြန်မာမှုပြုရာတွင် "ရွှေအိုရောင်"ဟု သုံးနှုန်းခဲ့သည်။ ယခုအခါ "ရွှေအိုရောင်"ဟူသော ဝေါဟာရသည် မြန်မာစာပေနယ်ပယ်တွင် အသုံးများလျက်ရှိနေပြီဖြစ်သည်။

မေဝတ္ထုနှင့်ပတ်သက်၍ သခင်ဗဟိန်းက ဤသို့အမှာစာရေးခဲ့သည်။ မေဝတ္ထုကိုဖတ်ရသည်မှာ ရှန်ပိန်အရက်ကိုသောက်လိုက်သည်နှင့်တူပေသည်။ အဘယ်ကြောင့်ဆိုသော် သူ့အရသာမှာ အခြားအစာအာဟာရများလို ဒါချည်း ဒါချည်းမဟုတ်ဘဲ ထူးထူးကဲကဲရှိန်းခနဲ၊ ဒိန်းခနဲဖြစ်သွားသောကြောင့် ဖြစ်သည်ဟုရေးသားခဲ့ပါသည်။

မေသည် မည်သူ့အအုပ်အထိန်းကိုမှ မခံရသောကောလိပ်ကျောင်းသူတစ်ဦးဖြစ်သည်။ သူ့သဘောအတိုင်းဘာမဆိုလုပ်နိုင်သည်။ မေသည် ကျောင်းမှထွက်လျှင်ထွက်ချင်း လူကုံထံများနှင့်တွေ့ရသည်။ ပထမတော့ လူကုံထံများကို နားမလည်၊ လူကုံထံများကို အကဲမခတ်တတ်။ နောက်ဆုံး မေသည် လူကုံထံများကို နားလည်လာလေသည်။ နားလည်သည်နှင့် လူကုံထံ၏ဒဏ်ကြောင့်ပင် သူတို့ကိုစွန့်ခွာခဲ့ရပေသည်။ နောက်မေသည် သူကိုယ်သူ လူကုံထံဖြစ်အောင် ကြိုးစားပြန်သည်။ ဤအခန်းထိ ဝတ္ထုရေးဆရာက လူကုံထံများကို ပြောင်လှောင်ထားပေသည်။ ဝတ္ထုရေးဆရာသည် မေ့ဘက်မှနေ၍ လူကုံထံများကို သရော်သည်။ နှုတ်ခမ်းမဲ့သည်။

ကျန်အခန်းများတွင် ဝတ္ထုရေးဆရာသည် မေ့ဘက်မှလည်းမလိုက်တော့၊ ဘယ်ဘက်မှလည်းမနေတော့ မေ့ဘဝကိုသာ ဝတ္ထုရေးဆရာသည် ပန်းချီဆရာပုံတူဆွဲသကဲ့သို့ဆွဲပြသည်။ ရေးပြသည်။ ဘယ်နေရာကအမှောင်၊ ဘယ်နေရာကအလင်းဆိုသည်ကို ဝတ္ထုရေးဆရာက မညွှန်းပြ၊ ကြည့်သူကသာ အလင်းနှင့်အမှောင်ကိုခွဲခြားရမည်ဖြစ်လေသည်။ ခွဲခြား၍ စိတ်ကူးဉာဏ်တိုးရခြင်းမှာ အရသာတစ်မျိုးဖြစ်ပေသည်ဟု ဆရာသခင်ဗဟိန်းကဆိုခဲ့သည်။

မေဝတ္ထုကို ၁၉၄၁ ခုနှစ်က ဆရာဒဂုန်တာရာရေးခဲ့သည်။ တက္ကသိုလ်ကျောင်းသားဘဝက ရေးခဲ့ခြင်းဖြစ်သည်။ ယခုအခါ နှစ်ပေါင်း ၈၃ နှစ်ရှိခဲ့ပြီဖြစ်သည်။ မေသည် အသက် ၈၃ နှစ်အရွယ် အဘွားအိုကြီးဖြစ်နေပေပြီ။ သို့သော် မေကား ငယ်နုစဉ်ကကဲ့သို့ လှပဆဲ၊ တင့်တယ်ဆဲဖြစ်သည်။

မေသည် ခေတ်ဆန်သည်၊ လှသည်၊ ရိုးသည်၊ လွယ်သည်ဟုနာမည်ကြီးခဲ့သည်။ မေသည် ခေတ်ပညာတတ်အမျိုးသမီးတစ်ဦးလည်းဖြစ်သည်။ ဘီအီးဒီဘွဲ့ရ ဆရာမတစ်ဦးလည်းဖြစ်သည်။ အဆိုပါမေမှာ အင်္ဂလိပ်စာရေးဆရာကြီး ဘီတာလေနစ်ကောလ်၏ 'အတ္တ' ဆိုသောဝတ္ထုထဲမှ 'နန်စီ'ဆိုသည့် မိဘမဲ့တစ်ကောင်ကြွက် ကျောင်းဆရာမချောချောလေးတစ်ဦး၏ ကိုယ်ပွားဖြစ်သည်ဟု သိရသည်။

မည်သို့ဆိုစေ မြန်မာမှုပြုထားသည့် 'မေ'မှာ မြန်မာစာပေလောကတွင် လူပြောများသော၊ လူကြိုက်များသော ဝတ္ထုရှည်တစ်ပုဒ်ပင်ဖြစ်သည်။ မေဝတ္ထု၏ ဇာတ်လမ်းအကျဉ်းမှာ ဤသို့ဖြစ်သည်။

မေသည် အလွန်ခေတ်ဆန်သောအမျိုးသမီးတစ်ဦးပင်။ သူ့မှာအဖေ၊ အမေမရှိတော့။ တစ်ကောင်ကြွက်ဖြစ်သည်။ ဆရာဖြစ်သင်ကောလိပ်ကျောင်းပိတ်တော့ မေ့လက်ထဲတွင် ငွေလက်ကျန်မရှိ၊ သူငယ်ချင်းမခင်စီက သူနှင့်လိုက်နေဖို့ခေါ်သည်။ မခင်စီ၏အိမ်တွင် နေရခြင်းကို မေက ကျဉ်းကျပ်သည်ဟုထင်သည်။ မေက လွတ်လွတ်လပ်လပ်နေချင်သည်။ အချုပ်အနှောင်မရှိနေချင်သည်။ ထိုအချိန်တွင် ကံအားလျော်စွာ ပဲခူးမြို့၌ ကလေးများကို စာပြရသည့်ဆရာမအလုပ်ကို မေရသည်။

ထိုသို့ ဆရာမအလုပ်ကိုလုပ်ရင်း ပဲခူးမြို့မှ သမာဓိမြို့ဝန် ဦးဖေမောင်ကို မေ အမိဖမ်းလိုက်သည်။ ဦးဖေမောင်သည် မေ၏အပျိုစင်ပန်းပွင့်ကို ညှိုးနွမ်းစေခဲ့သူဖြစ်သည်။ သည့်နောက်မေသည် ဦးဖေမောင်အပါးမှခွာကာ ရန်ကုန်သို့ပြန်လာပြီး YWCA တွင် နေလေသည်။

တစ်ခုသောစနေနေ့တွင် (ဝိတိုရိယပန်းခြံ)ယခု မဟာဗန္ဓုလပန်းခြံအငြိမ့်ပွဲတွင် ဘသိန်းနှင့်တွေ့သည်။ ဘသိန်းသည် ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်တင်းတင်း လက်မောင်းအိုးကြီးကြီး ရှပ်အင်္ကျီနှင့် ၃၇ လမ်းတစ်ဝိုက်တွင် ကျင်လည်နေသည့် ဂျပိုးဘသိန်းဖြစ်သည်။ ဂျပိုးဘသိန်းလက်မှတစ်ဖန် မေသည် မခင်စီ၏မောင် ကိုကျော်မြင့်နှင့်လက်ထပ်လိုက်သည်။ သားလေးတစ်ယောက်ထွန်းကားခဲ့သည်။ လင်နှင့်သားတင့်တောင့်တင့်တယ်နေစဉ်မှာ လူကြီးလူကောင်းအထက်လွှတ်တော်အမတ် ဦးဘညွန့်ကြောင့် မေ လမ်းပေါ် ပြန်ရောက်ခဲ့ရပြန်သည်။ ဦးဖေမောင်နှင့်တုန်းက မေကမုဆိုး၊ ဦးဘညွန့်နှင့်ကျတော့မေက သားကောင်ဖြစ်ရပြန်သည်။ သည်နောက်တော့ မေ ဘသိန်းဆီပြန်ရောက်ရပုံနှင့် အဆုံးသတ်ထားသည်။ ဝတ္ထုအဆုံးတွင် စာရေးဆရာဒဂုန်တာရာက "အကောင်းကိုရှာ၏၊ အကောင်းကားမရှိ"ဆိုသည့်ဝါကျဖြင့် ဝတ္ထုကို အဆုံးသတ်ထားသည်။

ခေတ်ဆန်သော၊ နိုင်ငံခြားယဉ်ကျေးမှုကို အထင်ကြီးသောမြန်မာအမျိုးသမီးတစ်ဦး၏ ကျဆုံးခန်းနှင့်ဇာတ်သိမ်းထားသည်။ ဆရာဒဂုန်တာရာသည် ၁၉၁၉ ခုနှစ် မေ ၁၀ ရက်တွင် အဘဦးဘအုံး၊ အမိဒေါ်ဖွားရှင်တို့က ကျိုက်လတ်မြို့နယ် ထိုင်ကူမြစ်တန်းရွာ (မွန်ရွာ) တွင် မွေးဖွားခဲ့သည်။ ၁၉၃၇ ခုနှစ်တွင် ရန်ကုန်ရေကျော်မက်ဒရစ်ကျောင်းမှ ဆယ်တန်းအောင်ခဲ့သည်။ ၁၉၃၇ ခုနှစ်မှ ၁၉၄၀ ပြည့်နှစ်ထိ ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားခဲ့သည်။

တက္ကသိုလ်တွင် ပညာသင်နေခိုက် အိုးဝေမဂ္ဂဇင်းနှင့် ဂျူးညွန့်မဂ္ဂဇင်းတို့တွင် အယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ၊ ၁၉၅၁ ခုနှစ်တွင် စာပေမဂ္ဂဇင်းအသင်းအမှုဆောင်၊ မြန်မာဆိုဗီယက်ယဉ်ကျေးမှုနှင့်မိတ်ဆွေဖြစ်အသင်းအမှုဆောင်၊ ၁၉၆၃ ခုနှစ်တွင် မြန်မာဆိုဗီယက်ယဉ်ကျေးမှုအသင်း၏ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကဗျာဆရာသမဂ္ဂဥက္ကဋ္ဌ၊ ၁၉၄၆ ခုနှစ်တွင် တာရာမဂ္ဂဇင်းကို စတင်ထုတ်ဝေသည်။ စာပေသစ်မဂ္ဂဇင်း၊ ဂန္ဓဝင်ဂျာနယ်တို့တွင် အယ်ဒီတာလုပ်ခဲ့သည်။ ဒဂုန်တာရာ၏ ဒဂုန်တာရာ၊ ရုပ်ပုံလွှာ၊ စံပယ်ဦး၊ အလင်္ကာ၊ ကြာပန်းရေစင်၊ လရောင်ရွှန်းမြသောညတစ်ည၊ စာပေသဘောတရားစာပေဝေဖန်ရေး၊ သုရာပရန္တာဒဂုန်တာရာနှင့် သူ၏ကဗျာ၊ မှူးယစ်ဝေသီသောနွေဦးညများ ၊ ဒဂုန်တာရာကဗျာပေါင်းချုပ်၊ အယ်ဒီတာစားပွဲစာပေဝေဖန်ရေးနှင့် ပန်းနုရောင်အိုးရောဝတီယန်စီဖော်လင်၊ စာလုံးဆေးစက်စောင်းကြိုးနှင့် ကတ္တီပါကားလိပ်၊ သဇင်သင်းပြန်တော့၊ ဒို့ခေတ်ကိုတော့ရောက်ရမည်မှာမလွဲပါ၊ မာယာ၊ ကြာရိပ်ပန်းနု၊ စိမ်းမြရော၊ စန္ဒရားဆရာ (သို့မဟုတ်) မဟာအချစ်၊ ဖျပ်ခနဲတွေ့ရသော ရုပ်ပုံလွှာကားချပ်များ၊ အလှဗေဒ စာအုပ်များရေးသားခဲ့ပြီး အလှဗေဒသည် ဆရာဒဂုန်တာရာ အမျိုးသားစာပေဆုရရှိခဲ့သည့်စာအုပ်ဖြစ်သည်။

**ကိုးကား**

- **ဒဂုန်တာရာ၏ မေဝတ္ထုရှည်**

# ကသာခရိုင်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေ ထပ်ဆင့်ရှင်းလင်းပွဲ ကျင်းပ

**ကသာ မတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများနှင့်ပတ်သက်၍ ဝန်ထမ်းများနှင့် မိသားစုဝင်များ အကျယ်တဝင့်သိရှိနိုင်စေရန် ပြည်သူ့စစ်မှုထမ်းဥပဒေထပ်ဆင့်ရှင်းလင်းပွဲကို မတ် ၁၉ ရက် နံနက် ၁၀ နာရီက ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကသာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲဝင်းလွင်က ပြည်သူ့စစ်မှုထမ်းဥပဒေ၏ရည်ရွယ်ချက်များ၊ စစ်မှုထမ်းရမည့် အသက်အရွယ်အပိုင်းအခြား၊ စစ်မှုထမ်းဆောင်ရမည့်ကာလ၊ စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ရမည့်သူများ၊ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းမှ ယာယီရွှေ့ဆိုင်းခွင့်ရနိုင်သူများ၊ ပြည်သူ့စစ်မှုထမ်းဥပဒေအရ ရရှိနိုင်မည့် အခွင့်အရေးများ၊ စစ်မှုထမ်းဆောင်ခြင်းကို ရှောင်လွှဲပါက ကျခံရမည့်ပြစ်မှု၊ ပြစ်ဒဏ်များ၊ ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များစသည်တို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကသာခရိုင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ အတွင်းရေးမှူး ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်စိုးက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့၏ ဆောင်ရွက်နေမှုများ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်ဆင့် ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မိမိဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များကို ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများ သိရှိနိုင်ရန် ထပ်ဆင့်ရှင်းလင်းပွဲများ ပြုလုပ်သွားကြရန်၊ ခရိုင်အဆင့်ဌာနဆိုင်ရာများအနေဖြင့် မလိုလားအပ်သည့် မီဒီယာတချို့၏လူမှုကွန်ရက်စာမျက်နှာ၊ Facebook၊ Telegram များမှ မဟုတ်မမှန်သတင်းမှားများကို မယုံကြည်ကြရန် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ ကသာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲဝင်းလွင်နှင့် ကသာခရိုင်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ အတွင်းရေးမှူး ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်စိုးတို့က ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။



**ကျော်စွာ(ကသာ)**

# နွေရာသီတွင် သဘာဝဘေးအတွက် ကြိုတင်ပြင်ဆင်ထားစေလို

**မောင်သောင်းဝင်း(တမန်ဟောင်း)**

မြန်မာနိုင်ငံတစ်ဝန်း၌ နွေကာလဖြစ်သည့် မတ်၊ ဧပြီ၊ မေလတို့တွင် နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပြန်တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ၊ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်နိုင်ကြောင်း၊ ထိုမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျားမိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးနှိုးဆော်ထားသည်။

**အယ်နီညိုအခြေအနေ**

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ (Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့်လေထုဖြစ်စဉ်များမှာ အားအသင့်အတင့်ရှိသော အယ်နီညိုအခြေအနေတွင်ရှိနေကြောင်းနှင့် နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြမော်ဒယ်များခန့်မှန်းချက်အရ ၂၀၂၄ ခုနှစ် မတ်လအတွင်း အားအသင့်အတင့်ရှိသော အယ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနိုင်ကြောင်း ခန့်မှန်းထားရှိသည်။

အယ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင်ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း ထိုဖြစ်စဉ်ကြောင့် မိုးရွာသွန်းမှု မှုမမှန်ခြင်း၊ နေ့အပူချိန်များမြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မှုမမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက အသိပေးထုတ်ပြန်ထားသည်။

**ဖြစ်ပွားတတ်**

နွေရာသီတွင် အပူချိန်မြင့်တက်မှုဒဏ်ခံရခြင်း၊ သောက်သုံးရေရှားပါးခြင်း၊ မိုးသက်လေပြင်းတိုက်ခတ်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မီးဘေးအန္တရာယ်ကြုံတွေ့ရခြင်း စသည့် သဘာဝဘေးအန္တရာယ်မျိုးစုံနှင့်ကြုံတွေ့ရလေ့ရှိသည်။ ယခုလည်း အယ်နီညိုဖြစ်စဉ်ကြောင့် မတ်လဆန်းပိုင်းကတည်းကပင် အပူချိန်တဖြည်းဖြည်းမြင့်တက်လျက်ရှိသည်။ နှစ်စဉ်နွေရာသီတွင် နေ့အပူချိန်မြင့်တက်လာသောကြောင့် မိုးတိမ်တောင်များဖြစ်ပေါ်လာခြင်း၊ မိုးသက်လေပြင်းတိုက်ခတ်ခြင်း၊ မိုးရွာသွန်းခြင်း၊ မိုးသီးကြွေခြင်းနှင့် မိုးကြိုးပစ်ခြင်းများဖြစ်ပေါ်လေ့ရှိသည်။ ထိုဖြစ်စဉ်များကြောင့် အဆောက်အအုံများပျက်စီးခြင်း၊ လူနှင့်တိရစ္ဆာန်များ သေကျေထိခိုက်ဒဏ်ရာရရှိမှုမျိုး ဖြစ်ပွားတတ်သည်။ ထို့ကြောင့် နွေရာသီတွင်ဖြစ်ပေါ်တတ်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်သတိပြုသွားစေလိုသည်။

**ပျက်စီးဆုံးရှုံးမှုဖြစ်တတ်**

အထူးသဖြင့် နွေရာသီတွင် မိုးတိမ်တောင်များကြောင့် မိုးခြိမ်းခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ မိုးရွာခြင်း၊ မိုးကြိုးပစ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ လေဆင်နှာမောင်းတိုက်ခြင်း၊ ရေဆင်နှာမောင်းတိုက်ခြင်း၊ စိုက်ဆင်းလေပြင်းတိုက်ခြင်း၊ ပင်လယ်မီးစုန်းတောက်ခြင်းဟူသည့် ရာသီဥတု ၁၀ မျိုးဖြစ်ပေါ်တတ်သည်။ ထိုရာသီဥတုဖြစ်စဉ်များကြောင့် သစ်ပင်များလဲခြင်း၊ လျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်း၊ လူနေအိမ်နှင့် စာသင်ကျောင်းများပျက်စီးဆုံးရှုံးခြင်း၊ လမ်းပန်းဆက်သွယ်ရေးပြတ်တောက်ခြင်းတို့အပြင် လူနှင့်တိရစ္ဆာန်များလည်းသေကျေ၊ ထိခိုက်ဒဏ်ရာရရှိမှုများဖြစ်ပွားတတ်သည်။

ထို့ပြင် နွေရာသီတွင် မိုးတိမ်တောင်များကြောင့် မိုးကြိုးပစ်ခြင်း၊ လေပြင်းတိုက်ခြင်း၊ မိုးသီးကြွေခြင်းနှင့်နေရာကွက်မိုးကြီးခြင်းတို့ဖြစ်တတ်သည်။ ထိုသို့ဖြစ်လျှင် ထိခိုက်ပျက်စီး၊ သေကျေ၊ ဒဏ်ရာရရှိမှုများရှိတတ်သည်။ မိုးကြိုးပစ်ခြင်းကြောင့် လူနှင့်တိရစ္ဆာန်များသေကျေ၊ ထိခိုက်ခြင်း၊ မိုးကြီးခြင်းကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်ခြင်း၊ လေပြင်းတိုက်ခြင်းကြောင့် ခရီးသည်တင်သင်္ဘောများနှင့် ငါးဖမ်းလှေများတိမ်းမှောက်ခြင်း၊ လူများပျောက်ဆုံးခြင်း၊ မိုးရွာသွန်းမှုကြောင့် တောင်ပေါ်ဒေသများတွင် မြေပြိုခြင်း၊ ချောင်းရေများပြည့်လျှံပြီး လူနှင့် တိရစ္ဆာန်မျောပါခြင်းများဖြစ်ပွားတတ်ပေသည်။

**တိရစ္ဆာန်များက သတိပေး**

စာရေးသူတို့ငယ်စဉ်က မိဘများသည် မိုးဦးကာလအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်လေ့ရှိသည်။ တိရစ္ဆာန်များ၊ အထူးသဖြင့် ငှက်များ၏ နေထိုင်မှုပုံစံကိုကြည့်၍ လေပြင်းတိုက်ခတ်နိုင်သည်၊ မိုးကြီးနိုင်သည်ကို ကြိုတင်သိနိုင်သည်။ သာဓကအနေဖြင့် ကျီးကန်းများသည် အသိုက်ကို သစ်ပင်ခွဆုံတွင် လုပ်ထားမည်၊ ထူထူထဲထဲအသိုက်ဆောက်ထားမည်ဆိုလျှင် ထိုနှစ်တွင် လေပြင်းမုန်တိုင်းကျတတ်ပြီး မိုးလည်းကြီးတတ်သည်။

ငှက်များသည် သစ်ပင်ကိုင်းဖျားတွင် အသိုက်လုပ်ထားမည်ဆိုလျှင် လေပြင်းအန္တရာယ်ကိုစိုးရိမ်စရာမလိုပေ။ ပုရွက်ဆိတ်များသည် အုပ်စုလိုက်အမြင့်ပိုင်းကိုရွှေ့နေမည်ဆိုလျှင်၊ အစာများကို သယ်နေမည်ဆိုလျှင် မိုးကြီးမည်၊ ရေကြီးမည်ဖြစ်သည်။ ငလျင်လည်းလှုပ်တတ်သည်။ ရေထည့်ထားသောစဉ့်အိုးများအောက်မှ ဖားများအော်နေပြီဆိုလျှင်၊ ပုစဉ်းရင်ကွဲများအဆက်မပြတ်အော်နေပြီဆိုလျှင်၊ ပျံလွှားများခပ်နိမ့်နိမ့်ပျံနေပြီဆိုလျှင်၊ ပုစဉ်းများမြေကြီးနှင့်ကပ်လျက်ပျံနေပြီဆိုလျှင်၊ ညဘက်တွင် တောက်တဲ့များ အဆက်မပြတ်အော်နေပြီဆိုလျှင် တစ်ရက်၊ နှစ်ရက်အတွင်း မိုးရွာတော့မည်ဖြစ်သည်။ တိရစ္ဆာန်များ အိပ်တန်းစောစောဝင်နေပြီဆိုလျှင် လေပြင်းတိုက်ခတ်တော့မည်ဖြစ်သည်။

**ကြိုတင်ပြင်ဆင်ထားသင့်**

နွေရာသီတွင်ဖြစ်ပေါ်တတ်သော သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားသင့်သည်။ အထူးသဖြင့် ကျေးလက်နေတောင်သူဦးကြီးများသည် ကောက်ပဲသီးနှံများနှင့် ကျွဲ၊ နွားများအတွက် မြက်ခြောက်များ၊ ကောက်ရိုးများကို အမိုးအကာအောက်သို့ လုံခြုံစွာ ရွှေ့ပြောင်းထားသင့်သည်။ လူနှင့်တိရစ္ဆာန်များအတွက် သောက်သုံးရေစုဆောင်းထားသင့်သည်။ ထို့ပြင် စားနပ်ရိက္ခာလုံလောက်အောင်လည်း ကြိုတင်စုဆောင်းထားသင့်ပေသည်။ ရေလုပ်သားကြီးများအနေဖြင့် ကမ်းခြေနှင့်ဝေးကွာလွန်းသောနေရာများသို့ ငါးဖမ်းမထွက်သင့်ပေ။ ငါးဖမ်းလှေများကို ခိုင်ခံ့စွာ ချည်ထားခြင်း၊ ကျောက်ချထားခြင်းများ ဆောင်ရွက်သင့်သည်။ မိုးသက်မုန်တိုင်းကျရောက်လျှင် မီးပျက်တတ်သည်မှာ သဘာဝပင်ဖြစ်သည်။ ထို့ကြောင့် ဓာတ်မီး၊ မီးခြစ်၊ ဖယောင်းတိုင်၊ မီးသွေး စသည့် အထောက်အကူပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားသင့်သည်။ ထိခိုက်ဒဏ်ရာရရှိလျှင် အရေးပေါ်ပြုစုကုသနိုင်ရန်အတွက် အိမ်တွင်းသုံးဆေးဝါးများ၊ ပတ်တီးများကိုလည်း အသင့်ပြင်ထားသင့်ပေသည်။ အထူးသဖြင့် အရေးကြီးသောစာရွက်စာတမ်းများနှင့် တန်ဖိုးရှိသောပစ္စည်းများကို မိုးရေမစိုအောင် ပလတ်စတစ်အိတ်များဖြင့် လုံခြုံစွာ အထပ်ထပ်ထုပ်ပိုးသိမ်းဆည်းထားသင့်သည်။

**သဘာဝဘေးအတွက် ကြိုတင်ပြင်ဆင်ထားစေလို**

ဆိုရလျှင် ကမ္ဘာကြီးပူနွေးလာမှုကြောင့် အစွန်းရောက်ရာသီဥတုဖြစ်စဉ်များ ခပ်စိပ်စိပ်ဖြစ်ပေါ်လာလျက်ရှိသည်။ ကမ္ဘာတစ်ဝန်းတွင် သဘာဝဘေးအန္တရာယ်ကျရောက်မှုသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုပြင်းထန်များပြားလာခဲ့သည်။ လွန်ခဲ့သောဆယ်စုနှစ်အတွင်း မြေငလျင်လှုပ်ခတ်မှုများ၊ အင်အားပြင်းထန်သောလေမုန်တိုင်းကြီးများ တိုက်ခတ်မှုများနှင့် အပူလှိုင်းဖြတ်သန်းမှုများသည် အကြိမ်ရေ ပိုမိုများပြားလာခဲ့သည်။ ထိုသဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်သေကျေပျက်စီးဆုံးရှုံးမှုများလည်း များပြားခဲ့သည်။ အချို့သောဒေသများတွင် မုန်တိုင်းဒဏ်ခံသော အဆောက်အအုံများ ကြိုတင်ဆောက်လုပ်ထားသော်လည်း ဆုံးရှုံးမှုများရှိနေဆဲပင်ဖြစ်သည်။

အထူးသဖြင့် နွေရာသီတွင် လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းလာပြီဆိုလျှင် အပူဒဏ်ခံစားနေရသော ကလေးများသည် မိုးရေထွက်ချိုးတတ်ကြသည်။ လူကြီးများက ကလေးများကို ထိုသို့ မိုးရေမချိုးခိုင်းသင့်ပေ။ လေပြင်းတိုက်ခတ်မှုကြောင့် ဓာတ်ကြိုးများပြတ်တောက်ပြီး မြေကြီးပေါ်သို့ ကျနေတတ်သည်။ မိုးရေချိုးနေသောကလေးသည် လျှပ်စစ်စီးဝင်နေသော ဓာတ်ကြိုးစနှင့် ထိမိမည်ဆိုလျှင် ဓာတ်လိုက်ခံရမည်ဖြစ်သည်။ ပို၍အားပြင်းလျှင် သေဆုံးမည်ဖြစ်သည်။

မိဘအုပ်ထိန်းသူများသည် ကလေးများကို အလိုမလိုက်သင့်ပေ။ မိုးရေချိုးချင်လျှင် ရေပုံးဖြင့်ခံ၍ ချိုးလျှင်ရသည်။ ဖြစ်နိုင်ပါက မိုးသက်လေပြင်းတိုက်နေလျှင် အပြင်မထွက်သည်က အကောင်းဆုံးဖြစ်သည်။ လွင်တီးခေါင်ကွင်းပြင်များသို့ ထွက်မည်ဆိုလျှင်၊ သစ်ပင်ကြီးများအောက်သို့ဝင်မည်ဆိုလျှင် မိုးကြိုးပစ်ခံရတတ်သည်။ ထို့ပြင် မိုးကြီး၊ လေကြီးကျနေချိန်တွင် လွင်တီးခေါင်ကွင်းပြင်၌ ဖုန်းပြောဆိုမည်ဆိုလျှင် မိုးကြိုးပစ်ခံရတတ်သည်။ နှစ်စဉ် ကမ္ဘာတစ်ဝန်းတွင် မိုးကြိုးပစ်ခံရမှုကြောင့် သေဆုံးသည့်လူနှင့်တိရစ္ဆာန် အရေအတွက်မြင့်တက်လျက်ရှိသည်။

ထို့ပြင် မိုးရွာသွန်းပြီးချိန်တွင် ညဘက်၌ ဓာတ်မီး မပါဘဲ အမှောင်ထဲသွားမည်ဆိုလျှင် မြွေနှင့် ကင်းတို့၏ အန္တရာယ်ကိုကြောက်ရသည်။ တွင်းအောင်းသတ္တဝါများဖြစ်သည့် မြွေနှင့်ကင်းတို့သည် မိုးရွာပြီးသည်နှင့် အပြင်သို့ ထွက်တတ်ကြသည်။ ထို့ပြင် မိုးသက်လေပြင်းတိုက်နေလျှင် လျှပ်စစ်မီးခလုတ်များ၊ တီဗီများကိုလည်းပိတ်ထားသင့်သည်။ နေအိမ်တွင်းသို့ဝင်သည့် Breakerများကို ချထားသင့်ပေသည်။ မိုးလေကင်းစင်သွားသည့်အချိန်တွင်လည်း လျှပ်စစ်ဓာတ်အားလိုင်းများ၊ မီးကြိုးများ၊ ခလုတ်များကို စနစ်တကျစစ်ဆေးပြီးမှသာ ပြန်လည်အသုံးပြုသင့်သည်။ လျှပ်စစ်အန္တရာယ်ကို လျှော့တွက်မထားသင့်ပေ။

ဆိုရလျှင် ယခုနှစ် နွေရာသီတွင် အယ်နီညိုဖြစ်စဉ်ကြောင့် မိုးရွာသွန်းမှု မှုမမှန်ခြင်း၊ နေ့အပူချိန်များမြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မှုမမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သည်။ ထိုသို့ ဖြစ်ပွားလျှင် နောက်ဆက်တွဲသဘာဝဘေးအန္တရာယ်များကိုလည်း ကြုံတွေ့ရတတ်သည်။ အကျိုးဆက်အနေဖြင့် လူနေအဆောက်အအုံများပျက်စီးခြင်း၊ လူနှင့်တိရစ္ဆာန်များ သေကျေထိခိုက်ဒဏ်ရာရရှိခြင်းများ ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် ဖြစ်ပေါ်လာနိုင်သော မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားရန်နှင့် သက်ဆိုင်ရာကဏ္ဍများအလိုက် အကောင်းဆုံးကြိုတင်ပြင်ဆင်ထားနိုင်ရန် အကြံပြုရေးသားလိုက်ရပါသည်။

> ❖ နွေရာသီတွင်ဖြစ်ပေါ်တတ်သော သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသင့်သည်။ အထူးသဖြင့် ကျေးလက်နေ တောင်သူဦးကြီးများသည် ကောက်ပဲသီးနှံများနှင့် ကျွဲ၊ နွားများအတွက် မြက်ခြောက်များ၊ ကောက်ရိုးများကို အမိုးအကာအောက်သို့ လုံခြုံစွာ ရွှေ့ပြောင်းထားသင့်သည်။ လူနှင့်တိရစ္ဆာန်များအတွက် သောက်သုံးရေ စုဆောင်းထားသင့်သည်။ ထို့ပြင် စားနပ်ရိက္ခာလုံလောက်အောင်လည်း ကြိုတင်စုဆောင်းထားသင့်ပေသည်။ ❖

# တောင်ကြီးမြို့နယ် အုတ်ဖိုကျေးရွာမှ နန်းတော်ရာဟောင်းရွာ ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**တောင်ကြီး မတ် ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ်တွင် အုတ်ဖိုကျေးရွာမှ နန်းတော်ရာဟောင်းရွာ ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မတ် ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) အင်ဂျင်နီယာချုပ် ဦးဝင်းကျော်မျိုး၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမျိုးမင်းသန့်၊ တောင်ကြီးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)) ဦးဟန်ကိုကိုစိုး၊ တောင်ကြီးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (အငယ်တန်းအင်ဂျင်နီယာ -၁) ဦးသန်းနိုင်လင်းနှင့် တာဝန်ရှိသူများက အုတ်ဖိုကျေးရွာမှ နန်းတော်ရာဟောင်းရွာ ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမျိုးမင်းသန့်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများ ရှင်းလင်းတင်ပြရာ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန (ရုံးချုပ်) အင်ဂျင်နီယာချုပ် ဦးဝင်းကျော်မျိုးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အုတ်ဖိုကျေးရွာမှ နန်းတော်ရာဟောင်းရွာ ကျေးရွာချင်းဆက်လမ်း အရှည် ခြောက်ဖာလုံ၊ အကျယ် ၁၄ ပေ၊ အမြင့် ခြောက်လက်မရှိ ကျောက်ချောခင်းခြင်း လုပ်ငန်းကို ပြည်နယ်ဖြည့်စွက် ရန်ပုံငွေ ကျပ် ၁၅၂ ဒသမ ၉၀ သိန်းဖြင့် တောင်ကြီးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီး ဌာနဝန်ထမ်းများက ဖေဖော်ဝါရီလ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# အီရတ်နိုင်ငံ ဒူဟော့ခ်မြို့တွင် ရေကြီးရေလျှံမှုဖြစ်ပွားပြီး ဓာတ်တိုင်များလဲကျကာ အမျိုးသားလူငယ်တစ်ဦးသေဆုံးခဲ့



**ဘဂ္ဂဒက် မတ် ၂၀**

အီရတ်နိုင်ငံ ဒူဟော့ခ်မြို့တွင် မတ် ၁၉ ရက်က မိုးသည်းထန်စွာ ရွာသွန်းကာ ရေကြီးရေလျှံမှုဖြစ်ပွားပြီး ဓာတ်တိုင်များလဲကျ၍ အမျိုးသားလူငယ်တစ်ဦးသေဆုံးခဲ့ကြောင်း အီရတ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

သေဆုံးသူအမျိုးသားမှာ ဓာတ်တိုင်လဲကျရာမှ ဓာတ်လိုက်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ရေလွှမ်းနေသည့် လမ်းမများကို ယာယီပိတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

"ရေကြီးရေလျှံမှု ဖြစ်ပွားတဲ့နေရာမှာ ဓာတ်တိုင်လဲကျပြီးတော့ အသက် ၁၅ နှစ်အရွယ် အမျိုးသားလူငယ်တစ်ယောက် ဓာတ်လိုက်သေဆုံးခဲ့ပါတယ်။ အချိန်မီကယ်တင်နိုင်ဖို့ကြိုးစားပေမဲ့ အသက်မမီခဲ့ဘူး။ ရေလွှမ်းနေတဲ့လမ်းတွေမှာ ဖြတ်သန်းသွားလာခြင်းမပြုဖို့ တားမြစ်ချက်တွေ ထုတ်ပြန်ထားသလို လမ်းတွေကိုလဲ ယာယီပိတ်ထားပါတယ်။ ရေကြီးရေလျှံမှုကြောင့် မော်တော်ယာဉ်တော်တော်များများလဲ ပျက်စီးသွားခဲ့ပါတယ်"ဟု ဒူဟော့ခ်မြို့ အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး ဘီဝါအဘ်ဒူအဇစ်က ပြောကြားခဲ့သည်။

ရေကြီးရေလျှံမှုသည် ဒူဟော့ခ်မြို့လယ်တွင် ဖြစ်ပါနေခြင်းဖြစ်ပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသကဲ့သို့ လမ်းမကြီးတချို့ကိုလည်း ယာယီပိတ်ထားရကြောင်း အီရတ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ရေကြီးရေလျှံမှု ဖြစ်ပေါ်နေသည့်ဧရိယာများတွင် ရေစီးရေလာကောင်းစေရေးအတွက် ကယ်ဆယ်ရေးဝန်ထမ်းများက ရေဖောက်ထုတ်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**Ref : Russia Today**

**Trs : Sai Sat**

# ဇင်ဘာဘွေနိုင်ငံတွင် အယ်နီညိုရာသီဥတုကြောင့် စိုက်ခင်းများပျက်စီးပြီး စားနပ်ရိက္ခာမလုံလောက်သည့်ပြဿနာဖြင့် ရင်ဆိုင်ရဖွယ်ရှိနေ

**ဟာရာရီ မတ် ၂၀**

ဇင်ဘာဘွေနိုင်ငံတွင် အယ်နီညိုရာသီဥတုဖြစ်ပေါ်နေပြီး အယ်နီညိုရာသီဥတုကြောင့် ရာသီဥတုပြောင်းလဲကာ စိုက်ခင်းများပျက်စီးပြီး စားနပ်ရိက္ခာမလုံလောက်သည့်ပြဿနာဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း ဇင်ဘာဘွေအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိုးခေါင်မှုကြောင့် စိုက်ခင်းများပျက်စီးလာ၍ ရာသီဥတုလွန်ကဲမှုအရေးပေါ် အခြေအနေအဖြစ် သတ်မှတ်ကြောင်း၊ ရာသီဥတုလွန်ကဲမှုကြောင့် မိုးခေါင်မှုဖြစ်ပွားကာ စိုက်ခင်းများပျက်စီးပြီး လူဦးရေ ၂ ဒသမ ၇ သန်းထိ စားနပ်ရိက္ခာမလုံလောက်သည့် ပြဿနာဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း ဇင်ဘာဘွေ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဇင်ဘာဘွေနိုင်ငံမှာ ရာသီဥတုလွန်ကဲမှုပြဿနာကြောင့် စိုက်ပျိုးရေးလုပ်ငန်းတွေ အထိနာလာနိုင်တယ်။ ဒီနှစ်အတွင်း ပြောင်းစိုက်ခင်းတွေ တော်တော်များများပျက်စီးနေတာလဲ တွေ့ရတယ်။ ပြောင်းရိတ်သိမ်းချိန်မှာ ပုံမှန်ထွက်ရှိတဲ့နှုန်းထားရဲ့ ထက်ဝက်လောက်ထိ လျော့ကျသွားနိုင်လို့ စားနပ်ရိက္ခာမလုံလောက်တဲ့ပြဿနာတွေနဲ့ ရင်ဆိုင်ရနိုင်ပါတယ်"ဟု ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)မှပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



၂၀၂၄ ခုနှစ်အတွင်း အယ်နီညိုရာသီဥတုနှင့် ဆက်စပ်ကာ ရာသီဥတု လွန်ကဲမှုများကြောင့် ပြောင်းအထွက်နှုန်း သိသိသာသာ လျော့ကျလာနိုင်ပြီး ပုံမှန်ရိတ်သိမ်းနိုင်သည့် ပြောင်းတန်ချိန် ၁ ဒသမ ၁ သန်းပမာဏ၏ ထက်ဝက်ခန့်ထိ လျော့ကျသွားနိုင်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)က ထုတ်ပြန်ခဲ့သည်။

**Ref : Sputnik News**

**Trs : Sai Sat**

# ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် လေထုညစ်ညမ်းမှုမြင့်တက်နေကြောင်း သတိပေးချက်ထုတ်ပြန်

**ဟနွိုင်း မတ် ၂၀**

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် မီးခိုးငွေ့များဖုံးလွှမ်းနေပြီး လေထုညစ်ညမ်းမှု မြင့်တက်နေကြောင်း ဗီယက်နမ်အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဟနွိုင်းမြို့တွင် မတ် ၁၉ ရက်မွန်းလွဲပိုင်းမှ၍ လေထုညစ်ညမ်းမှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး လေထုညစ်ညမ်းမှုအဆင့်မှာ ကျန်းမာရေးလုံခြုံမှုကို ထိခိုက်စေနိုင်သည့် အခြေအနေ ဖြစ်ကြောင်းလည်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

"ဟနွိုင်းမြို့မှာ လေထုညစ်ညမ်းမှုအဆင့်တွေ မြင့်တက်နေပါတယ်။ တောင်ယာစိုက်ခင်းတွေအတွက် မြေနေရာချဲ့ထွင်ရှင်းလင်းပြီး အမှိုက်သရိုက်တွေကို မီးရှို့ရာကနေ ထွက်ပေါ်လာတဲ့ မီးခိုးငွေ့တွေကြောင့် လေထုညစ်ညမ်းမှုတွေ ဖြစ်ပေါ်နေတာဖြစ်ပါတယ်။ လေထုညစ်ညမ်းမှုဟာ ကျန်းမာရေးလုံခြုံမှုကို ထိခိုက်စေနိုင်တဲ့အခြေအနေဖြစ်ပါတယ်။ ဒီကာလမှာတော့ နေအိမ်အခန်းတွေအတွင်းမှာပဲနေပြီး မလိုအပ်ဘဲအပြင်သွားတာတွေ မလုပ်သင့်တဲ့ ကာလဖြစ်ပါတယ်"ဟု လေထုအရည်အသွေးညွှန်းကိန်းပြအဖွဲ့ (IQ Air) မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံ လေထုအရည်အသွေးညွှန်းကိန်းပြအဖွဲ့(IQ Air)၏ ထုတ်ပြန်ချက်အရ ၂၀၂၃ ခုနှစ်ကလည်း ဟနွိုင်းမြို့သည် ကမ္ဘာ့လေထုညစ်ညမ်းမှုအဆင့်အမြင့်ဆုံးသောမြို့များစာရင်းတွင် ပါဝင်ခဲ့ပြီး ယခုနှစ်တွင်လည်း အလားတူလေထုညစ်ညမ်းမှု အဆိုးရွားဆုံးသော ကမ္ဘာ့မြို့တော်ကြီးများစာရင်းတွင် ထပ်မံပါဝင်လာဖွယ်ရှိနေကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၏ ထုတ်ပြန်ချက်အရ တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် လူဦးရေ သန်း ၁၀၀ တွင် လေထုညစ်ညမ်းမှုကြောင့် သေဆုံးသူဦးရေ ၆၀၀၀၀ ထိ ရှိနေကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : Sai Sat**

## မီးဘေးအတွက်ကြိုတင် ပြင်ဆင်ရန်များ

၁။ မီးငြိမ်းသတ်ရန်ပစ္စည်းများ( မီးသတ်ဦးစီးဌာန၏ စံနှုန်းနှင့်ကိုက်ညီသော မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲအိတ်များ၊မီးသတ်ဆေးဘူးများ)အသင့်ထားရှိပါ။



၂။ မြို့၊ရပ်ကွက်၊ ကျေးရွာအလိုက် အပေါ့စားမီးသတ်စက်များ၊ မီးသတ်ရေကန်များ၊ မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ အသင့်ရှိစေရေး အတွက် ပူးပေါင်းပါဝင်ပါ။

၃။ မီးလောင်နေစဉ်တွင် ပြုမူနေထိုင်ရမည့်နည်းလမ်းများကို မိသားစုဝင်များအား အသိပေးလေ့ကျင့်ထားပါ။



၄။ အရေးပေါ်အချိန်တွင် သယ်ယူမည့်ပစ္စည်းများ၊ အရေးကြီးစာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။




၅။ အိမ်နှင့်ပတ်ဝန်းကျင်တွင် မီးလောင်လွယ်သောပစ္စည်းများ၊လောင်စာဆီများ၊ အမှိုက်များကိုရှင်းလင်းထားပါ။




၆။ လျှပ်စစ်မီး၊ ဂက်စ်မီး အပါအဝင် မီးသုံးစွဲလျှင် အမြဲသတိရှိပါ။
မီးကြွင်းမီးကျန်များ
အထူးသတိပြုပါ။



၇။ ဝါယာကြိုးများနှင့် လျှပ်စစ်ပစ္စည်းများ ပေါက်ပြဲ ပျက်စီးမှုရှိ၊မရှိ အမြဲမပြတ် စစ်ဆေးပါ။



၈။ မီးပျက်လျှင် မီးခလုတ်များကိုပိတ်ပါ။အပြင်ထွက်လျှင် မိန်း(ပင်မမီးခလုတ်)ကို ပိတ်ခဲ့ပါ။




၉။ မီးလောင်လျှင်
အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ(မီးသတ်၊လျှပ်စစ်ရုံး၊ ရဲတပ်ဖွဲ့)ကိုမှတ်သားထားပါ။



## Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။

- ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
- ငွေသွင်းငွေထုတ်ခြင်း / ငွေလွှဲခြင်း
- Skynet Bill Payment ပေးသွင်းခြင်း
- Gift Card ပေးခြင်း
- Internet Bill ပေးဆောင်ခြင်း
- E-Topup ဖုန်းငွေဖြည့်သွင်းခြင်း
- လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
- ပြည်ပ ငွေလွှဲ (ထိုင်း)
- ဈေးဝယ်ခြင်း

ပြင်ပကုန်သွယ်မှုလုပ်ငန်းအတွက် Customs Duty များ ပေးဆောင်ရာတွင် MMM Service အသုံးပြု၍ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပါပြီ။




**အငြိမ်းစား** လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁

မန္တလေး - **STARMART Mandalay Wholesale** ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

နေပြည်တော် - **STARMART Nay Pyi Taw** ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

## ထာဝရလှပသော အပြုံးအတွက်

**Fluoride** ပါဝင်သောကြောင့် သွားများကို ပြုဖွေးတောက်ပစေပါသည်။

# DENTOMEC




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၃၉၀၇၇

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅




## "ခင်နန်းသူ" ကချင်ပိုးထည်ဆိုင် ဝန်ထမ်းအလိုရှိသည်

| | | |
|---|---|---|
| ၁။ အရောင်းဝန်ထမ်း | (မ) | (၃) ဦး |
| ၂။ ငွေစာရင်းကိုင် | (မ) | (၁) ဦး |

-ကချင်ထည်ကျွမ်းကျင်သူ ဦးစားပေးမည်။

-ဖုန်းနံပါတ်- 09-2028002 , 09-400022422

CV Form အပြည့်အစုံဖြင့် လူကိုယ်တိုင် 81 လမ်း၊ 35 × 36 ကြား **"ရွှေတုတ်တုတ်"** သုံးဘီးဆိုင် သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်၊ လက်ပန်လှ ကျေးရွာနေ ဦးစိန်ချွန်း-ဒေါ်လှစန်းရီ တို့၏သား **မောင်အောင်မျိုးထက် (၉/စကန(နိုင်)၁၀၃၂၉၆)** သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒအလျောက် (၇-၃-၂၀၂၄)ရက်နေ့မှစ၍ နေအိမ်မှထွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ငွေရေးကြေးရေး၊လူမှုရေးကိစ္စအဝဝအား လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးစိန်ချွန်း(၉/စကန(နိုင်)၀၃၁၆၁၅)**
**ဒေါ်လှစန်းရီ(၉/စကန(နိုင်)၀၃၁၆၁၆)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်၊ ရွာသစ်ကြီး ကျေးရွာနေ ဦးဝင်းတင့်-ဒေါ်မာမာချို တို့၏သား **မောင်သန့်ဇင်ဝင်း (၉/စကန(နိုင်)၀၃၁၅၂၀)** သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒအလျောက် (၇-၃-၂၀၂၄)ရက်နေ့မှစ၍ နေအိမ်မှထွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ငွေရေးကြေးရေး၊လူမှုရေးကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးဝင်းတင့်(၉/စကန(နိုင်)၀၆၁၀၂၃)**
**ဒေါ်မာမာချို(၉/စကန(နိုင်)၀၆၇၅၉၈)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အ. မ. က(၃၁)တွင် တာဝန်ထမ်းဆောင်နေသော ဒေါ်ရှို့စ်မေရီမင်း (မူလတန်းကျောင်းအုပ်)သည် အခြေခံပညာအထက်တန်းစာမေးပွဲအောင်လက်မှတ်တွင် နော်ရှို့စ်မေရီမင်း (ဘ)ဦးစောမြတ်မင်း၊ အမှုထမ်းစာအုပ်တွင် ဒေါ်ရှို့စ်မေရီမင်း(ဘ)ဦးမြမင်း နှင့် နိုင်ငံသားစိစစ်ရေးကတ်တွင် နော်ရှို့မေရီမင်း(ဘ)ဦးမြမင်း တို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ရှို့စ်မေရီမင်း(ခ)နော်ရှို့စ်မေရီမင်း**
**(ခ) နော်ရှို့မေရီမင်း**
**(၉/ကပတ(နိုင်)၀၁၀၉၅၇)**

**ဦးမြမင်း(ခ)ဦးစောမြတ်မင်း**

## ပျောက်ဆုံးကြောင်း

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ နားရွှောင်းကျကျေးရွာနေ ဒေါ်သင်းသင်းခိုင် (ဘ) ဦးကျော်ညွန့် (၉/ပသက(နိုင်)၀၇၄၇၃၀) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-190955) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၂၀၃၀၂၉၄**


## ပျောက်ဆုံးကြောင်း

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ နားရွှောင်းကျကျေးရွာနေ မအိမ့်သန္တာကျော် (ဘ) ဦးကျော်စိုးမိုး (၉/ပသက(နိုင်)၁၇၉၅၄၀) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-190956) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၂၀၃၀၂၉၄**

## မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သတ္တဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး

ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမကျိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

---

❖ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ပြီး ဒေသအလိုက် ထုတ်ကုန်များ တူညီမှုရှိမည် မဟုတ်သဖြင့် ဒေသနှင့်သင့်လျော်ကိုက်ညီသည့် ထုတ်ကုန်များ အောင်မြင်စွာ ထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်ရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၇/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေး(၁/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြား




အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေး(၁/၂၀၂၄)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၂၀**

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေး(၁/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အသေးစား၊အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁** ☆

---

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

---


**ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်**

သင်္ဘောကျင်းလုပ်ငန်း



ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း(အအေးခန်းစက်ရုံ)



ငါးမွေးမြူရေးလုပ်ငန်း(မအူပင်)



ငွေပင်လယ်လိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးလုပ်ငန်း
ISO 9001:2015




ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE :ngwepinlae.com